# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ခန္ဓာငါးပါးကို မပြတ်ရှုမြင်

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ – ၁၁၃)


၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ်( ၁၃၃)


# မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ၎င်းတို့၏ဇနီး/ခင်ပွန်းများ မြိတ်–ကျွန်းစုသို့ လေ့လာရေးခရီးရောက်ရှိ

**မြိတ် ဖေဖော်ဝါရီ ၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီး/ခင်ပွန်းများပါဝင်သော သံတမန်လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့မှ မြိတ်မြို့သို့ မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ရောက်ရှိကြသည်။

**သွားရောက်လေ့လာ**

ယင်းနောက် သံတမန်လေ့လာရေးအဖွဲ့သည် မြိတ်မြစ်အတွင်း ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြပြီး ကျွန်းစုမြို့နယ် ပထော်ပထက်ကျွန်းပတ်ဝန်းကျင်ကို လေ့လာ၍ ပထက်ကျွန်းရှိ အတုလရံသီ ရွှေသာလျောင်း လျောင်းတော်မူဘုရားအား ဖူးမြော်ကြည်ညိုကြကာ ပြည့်ဖြိုးထွန်းကုမ္ပဏီ၏ ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းအား သွားရောက်လေ့လာကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ◆



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီး/ခင်ပွန်းများပါဝင်သော သံတမန်လေ့လာရေးအဖွဲ့ ကျွန်းစုမြို့နယ် ပထက်ကျွန်းရှိ အတုလရံသီ ရွှေသာလျောင်း လျောင်းတော်မူဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



# နေပြည်တော် ရေပန်းဥယျာဉ် ပန်းပွဲတော် ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် နေပြည်တော် ရေပန်းဥယျာဉ်၌ ပန်းပွဲတော်နှင့် ဖျော်ဖြေပွဲများကို ဖေဖော်ဝါရီ ၁၄ ရက်မှစတင်၍ မတ် ၃၁ ရက်အထိ တစ်လကျော်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်တွင် ပထမအကြိမ် ကျင်းပမည့် ပန်းပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ၊ ပန်းအလှပြင်ဆင်မှုများနှင့် ပတ်သက်၍ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် Sun Myat Tun Construction Group co.,Ltd မှ မန်နေဂျာ ဒေါ်နုနုဝင်းက "ပထမအကြိမ် ကျင်းပတဲ့ ပန်းပွဲတော်ကို စည်ကားအောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် ပန်းပျိုးပင် မျိုးစိတ်ပေါင်း သုံးဆယ်ကျော်နဲ့ အပင်ပေါင်း နှစ်သိန်းကျော်ကို စိုက်ပျိုးထားပါတယ်။ ကလေးတွေ ပျော်ရွှင်စွာ ကစားနိုင်ဖို့ ကလေးကစားကွင်း ပါဝင်ပါမယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# လေသန့်မှ ကျန်းမာမည်

ကမ္ဘာပေါ်တွင် လူ ၁၀၀ လျှင် ၉၀ မှာ ညစ်ညမ်းသောလေကို ရှူရှိုက်မိနေကြရပြီး လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ်လူခုနစ်သန်းခန့် သေဆုံးနေကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လေ့လာတွေ့ရှိချက်များအရ သိရသည်။ ညစ်ညမ်းသည့်လေထုထဲတွင် အန္တရာယ်ရှိ ဓာတုပစ္စည်းများနှင့် အမှုန်အမွှား၊ အရည်တို့ရောနှော ပျံ့နှံ့နေကြသည်။ မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ စက်ရုံစသည်တို့မှ ထုတ်လွှတ်သော အခိုးအငွေ့များ၊ အမှိုက်မီးရှို့ခြင်း၊ တောမီးရှို့ခြင်းတို့မှ ထွက်ရှိလာသည့် မီးခိုးငွေ့များ၊ ယာဉ်များသွားလာခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကဲ့သို့သော လုပ်ငန်းခွင်များမှ ထွက်ပေါ်လာသော အမှုန်အမွှားများတို့ကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာခြင်းဖြစ်ရာ လူတို့၏ ပယောဂကြောင့် လေထုညစ်ညမ်းရခြင်းပင်ဖြစ်သည်။

အန္တရာယ်ရှိ ဓာတုပစ္စည်းများဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်အောက်ဆိုက်၊ ဟိုက်ဒရိုကာဗွန်၊ ဆာလ်ဖာအောက်ဆိုက်နှင့် အမှုန်များ လေထုအတွင်း ပျံ့နှံ့နေသည့်အခါ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ်နိုင်ရာ ရေတိုအားဖြင့် မျက်စိ၊ နား၊ လည်ချောင်းတို့ နာကျင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဓာတ်မတည့်သော ဝေဒနာခံစားရခြင်း၊ အော့အန်ခြင်းတို့ ခံစားရနိုင်ပြီး ရေရှည်တွင်မူ အဆုတ်ရောင်ခြင်း၊ ဦးနှောက်ထိခိုက်ခြင်း၊ အသည်း၊ ကျောက်ကပ်၊ နှလုံးရောဂါဖြစ်ပေါ်နိုင်ခြင်း၊ လေပြွန်ရောင်ရမ်းခြင်း၊ အသက်ရှူလမ်းကြောင်းထိခိုက်ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။

လေထု၏ အရည်အသွေးကို နေ့စဉ်စောင့်ကြည့်တိုင်းတာ၍ လေထု ညစ်ညမ်းမှုအညွှန်းကိန်း (Air Quality Index-AQI) ဖြင့် ဖော်ပြရာတွင် လေထုညစ်ညမ်းမှုအညွှန်းကိန်း (၀ မှ ၅၀ အထိ)သည် ကျန်းမာရေးသတ်မှတ်ချက်အရ (ကောင်းမွန်)ပြီး (အစိမ်းရောင်)၊ (၅၁ မှ ၁၀၀ အထိ)သည် (အလယ်အလတ်)ဖြစ်ပြီး(အဝါရောင်)၊ (၁၀၁မှ ၁၅၀ အထိ)သည် (ထိခိုက်လွယ်သောလူများ- ဥပမာ- အဆုတ်ရောဂါရှိသူများအတွက် ထိခိုက်နိုင်)ပြီး (လိမ္မော်ရောင်)၊ (၁၅၁ မှ ၂၀၀ အထိ)သည် (ကျန်းမာရေးထိခိုက်နိုင်)ပြီး (အနီရောင်)၊ (၂၀၁ မှ ၃၀၀ အထိ) သည်(အလွန်ထိခိုက်နိုင်)ပြီး (မရမ်းစေ့ရောင်)၊ (၃၀၁ မှ ၅၀၀ အထိ)သည် (အန္တရာယ်ရှိ)ပြီး(နီညိုရောင်) ဟူ၍ AQI ခြောက်ခုသတ်မှတ်ထားသည်။ နှစ်အလိုက် မြန်မာ နိုင်ငံ၏ လေထုညစ်ညမ်းမှု အညွှန်းကိန်းများတွင် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း အနိမ့်ဆုံး ၈၆ မှ အမြင့်ဆုံး ၉၃ အထိရှိ၍ ကျန်းမာရေးသတ်မှတ်ချက် အလယ်အလတ်အဆင့်တွင်ရှိပြီး အရောင်သတ်မှတ်ချက်တွင် အဝါရောင်ဖြစ်သည်။ သို့ရာတွင် မကြာမီက မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် လေထုညစ်ညမ်းမှုအညွှန်းကိန်း ၁၉၀ ကျော်အထိ မြင့်တက်ခဲ့သည်။ ကျန်းမာရေးထိခိုက်နိုင်သည့် အနီရောင်အဆင့်သို့ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံ လူဦးရေ၏ ၁၀ ရာခိုင်နှုန်း ကျော်နေထိုင်ပြီး မြန်မာနိုင်ငံရှိ မော်တော်ယာဉ်စီးရေ၏ ထက်ဝက်ခန့်ကို အသုံးပြုလျက်ရှိသော၊ စက်မှုဇုန်အများအပြားတည်ရှိရာ ရပ်ဝန်းလည်းဖြစ်သော ရန်ကုန်မြို့ကြီး၏ လေထုအရည်အသွေး ပြန်လည်ကောင်းမွန်လာရေးအတွက် ရေတိုရေရှည်လုပ်ငန်းစဉ်များနှင့် မူဝါဒများ ချမှတ်လုပ်ကိုင်သွားရန် လိုအပ်နေပြီဖြစ်ကြောင်း ခေါင်းလောင်းထိုးလိုက်ခြင်းပင်ဖြစ်သည်။

လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့်အန္တရာယ်ရှိ ဓာတုပစ္စည်းများကို ထုတ်လွှတ်သောအရင်းအမြစ်များ၊ စက်ယာဉ်ယန္တရားများနှင့် စက်ရုံအလုပ်ရုံများကို ထိန်းချုပ်ခြင်း၊ အခိုးအငွေ့များနှင့် ဖုန်အမှုန်များ ထွက်ပေါ်မှု လျှော့ချနိုင်သည့်ပစ္စည်းများနှင့် နည်းလမ်းများကိုသုံးစွဲခြင်း၊ သစ်ပင်သစ်တောအုပ်များနှင့် မြို့ပြအစိမ်းရောင်ဇုန်များ ဖော်ထုတ်ထိန်းသိမ်းခြင်း၊ လေထုအတွင်း အမှုန်များလျှော့ချရေးအတွက် လမ်းများနှင့် လေထုအတွင်းနေ့စဉ်အချိန်မှန် ရေဖျန်းခြင်း စသည်တို့ကို ဆောင်ရွက်နိုင်သည်နှင့်အမျှ ရန်ကုန်မြို့၏ လေထုသည် အတိုင်းအတာတစ်ခုအထိ ကောင်းမွန်လာမည်ဖြစ်သည်ဟူ၍ ယုံကြည်မိသည်။ မိမိတို့ အချိန်နှင့်အမျှရှူရှိုက်နေကြရသည့် လေထု၏အရည်အသွေး ကောင်းမွန်ရေးသည် မိမိတို့၏ သက်ရှည်ကျန်းမာရေးပင် ဖြစ်သည့်အလျောက် လူတိုင်းပူးပေါင်းပါဝင်ဆောင်ရွက်နိုင် ကြပါစေကြောင်း။ ။




## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

# မွန်အမျိုးသားနေ့ ပုသိမ်မြို့၌ ပထမဆုံးအကြိမ် ကျင်းပ




**ပုသိမ် ဖေဖော်ဝါရီ ၉**

(၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ယနေ့ ညနေပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြကျွန်းသာအိမ်ရာဝင်း မြက်ခင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် မွန်အမျိုးသားအလံကို အလေးပြုကြသည်။

ထို့နောက် သဘာပတိဖြစ်သူ ဒေါက်တာ ဗညားအောင်မိုးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားကြသည်။

ယင်းနောက် သဘာပတိအဖွဲ့ဝင် နိုင်လဝီအောင်က ဧရာဝတီတိုင်းဒေသကြီးရှိ မွန်စေတီပုထိုးများနှင့် မွန်မြို့ရွာများအကြောင်း ရှင်းလင်းပြောကြားပြီး မွန်အမျိုးသားနေ့ အခမ်းအနားကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ မိသန်းရှင်က ကျေးဇူးတင်စကားပြောကြားသည်။

"ဒီလိုပွဲတွေ ကျင်းပတဲ့အတွက် အမြို့မြို့အနယ်နယ်မှာရှိတဲ့ မွန်လူမျိုးတွေအားလုံး ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်လာပြီး ပိုမိုထိန်းသိမ်းမြှင့်တင် ဖော်ထုတ်သွားနိုင်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်" ဟု ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ မိသန်းရှင်က ပြောသည်။

အခမ်းအနားကို နံနက်ပိုင်းတွင် လပွတ္တာမြို့နယ်ရှိ ရှင်စောပုဘုရားနှင့် ငပုတောမြို့နယ်ရှိ မော်တင်စွန်းဘုရားတို့၌ ဆွမ်းကျွေးခြင်းအလှူကို ပြုလုပ်ခဲ့ပြီး ညနေပိုင်းတွင် ပုသိမ်မြို့ မြကျွန်းသာအိမ်ရာဝင်း မြက်ခင်းပြင်၌ မွန်ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

မွန်အမျိုးသားနေ့ အခမ်းအနားများကို မွန်လူမျိုးများ နေထိုင်ရာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိမြို့၊ ရွာများတွင် နှစ်စဉ်ကျင်းပလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ
အာကာစိုး

## တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်

ကျွန်မတို့သွေးချင်းလို့ဆိုတဲ့အခါမှာ တူညီတဲ့သွေး၊ တူညီတဲ့သွေးဆိုတာ တကယ်တော့ ကျွန်မတို့ သွေးကြောတွေထဲမှာ စီးဆင်းနေတဲ့ သွေးတွေကိုပြောတာ မဟုတ်ပါဘူး။ ကျွန်မတို့စိတ်ထဲကနေ စီးဆင်းနေတဲ့သွေးကို ပြောတာပါ။ ဆိုလိုချင်တာဟာ စိတ်ထဲက သဘောချင်းဟာ တူညီမှ၊ ကျွန်မတို့ဟာ တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်မှာပါ။ အကြောထဲမှာ စီးဆင်းနေတဲ့ သွေးက ဘယ်လိုပဲတူတူ တစ်စိတ်တည်းတစ်ဝမ်းတည်းမဟုတ်ဘူးဆိုရင် ကျွန်မတို့ကို ကျွန်မတို့ သွေးချင်း လို့ခေါ်နိုင်မှာ မဟုတ်ပါဘူး။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနား ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဖေဖော်ဝါရီ ၈ ရက် ညပိုင်းတွင် သူနာပြုတက္ကသိုလ် ရန်ကုန်၌ ကျင်းပခဲ့သည့် သူနာပြုတက္ကသိုလ် ရန်ကုန်၏(၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနား ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် သူနာပြုမဟာသိပ္ပံဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့နှင့် အထူးပြုသူနာပြု ဒီပလိုမာဘွဲ့များရရှိခဲ့ကြသူများအား ဂုဏ်ပြုပါကြောင်း၊ သူနာပြုသိပ္ပံဘွဲ့ရရှိခဲ့သူများအနေဖြင့် သူနာပြုပညာရပ်များကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာကြစေလိုပြီး မဟာသိပ္ပံဘွဲ့များ၊ အထူးပြုဒီပလိုမာဘွဲ့များ၊ ပါရဂူဘွဲ့များရရှိသည်အထိ သန္နိဋ္ဌာန်ချဆက်လက်ကြိုးပမ်းကြစေလိုပါကြောင်း၊ ဘွဲ့ရမောင်မယ်များအနေဖြင့် မိမိတို့၏ အနာဂတ်ရည်မှန်းချက်ပန်းတိုင်များ အမြန်ဆုံးချမှတ်စေလိုပြီး ထိုသို့ချမှတ်ရာ၌ ဝါရင့်ဆရာ ဆရာမများ၊ မိသားစုများ၊ သူငယ်ချင်းမိတ်ဆွေများနှင့်တိုင်ပင်ကာ ချမှတ်စေလိုပါကြောင်း။

### ပိုမိုမွေးထုတ်လေ့ကျင့်ပေး

ယခုနှစ်တွင် ရန်ကုန်နှင့် မန္တလေးသူနာပြုတက္ကသိုလ်များမှ သူနာပြုသိပ္ပံဘွဲ့ရ ၃၀၆ ဦးကို မွေးထုတ်ပေးခဲ့ပြီး ဝန်ကြီးဌာနမှ အဆိုပါသူနာပြုဘွဲ့ရများအားလုံးကို ယခုရက်ပိုင်းအတွင်း ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံများတွင် ခန့်အပ်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆေးရုံအသီးသီးတွင် တာဝန်ထမ်းဆောင်ခြင်းဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်မည်သာမက လက်တွေ့သူနာပြုစုမှု အတွေ့အကြုံများကိုလည်း ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းလိုအပ်ချက်များပြားသော သူနာပြုများ ပိုမိုမွေးထုတ်လေ့ကျင့်ပေးနိုင်ရေးအတွက် သူနာပြုသိပ္ပံ၊ သူနာပြုသိပ္ပံ (ပေါင်းကူး) on-campus နှင့် off-campus သင်တန်းများဖြင့် သင်ကြားပေးလျက်ရှိပါကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရှင်များ ပါဝင်ရေးဆွဲထားခဲ့သော သူနာပြုသိပ္ပံသင်ရိုး ညွှန်းတမ်းသစ်ကို ၂၀၁၇ ခုနှစ်မှ စတင်အသုံးပြုသင်ကြားခြင်း၊ သူနာပြုသားဖွားသင်တန်းကျောင်းသစ်များ ဖွင့်လှစ်ခဲ့ခြင်းတို့နှင့်အတူ သူနာပြုသင်တန်းများ တက်ရောက်ခွင့်ရသူ ဦးရေကိုလည်း သိသာစွာတိုးမြှင့်ခေါ်ယူခဲ့ရာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တို့တွင် တစ်နှစ်လျှင် လူဦးရေ ၃၇၀၀ တက်ရောက်ခွင့်ပြုခဲ့ပါကြောင်း၊ လာမည့်ပညာသင်နှစ်တွင်လည်း လူဦးရေ ၄၅၀၀ အထိ တိုးမြှင့်ခေါ်ယူလေ့ကျင့်ပေးသွားရန် စီစဉ်လျက်ရှိပါကြောင်း၊ သူနာပြုများသည် လုပ်ငန်းခွင်တွင် အလုပ်တာဝန်များပြားကာ အလုပ်ဝန်ပိနေသည်ကို သိရှိပါကြောင်း၊ သူနာပြုများအား ကူညီပေးနိုင်ရန်အတွက် အကူသူနာပြုဦးရေ ၃၀၀ ကိုလည်း ရန်ကုန်၊ မန္တလေးဆေးရုံကြီးများနှင့် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီးများတွင် ကိုးလတာသင်တန်းဖြင့် လေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ သင်တန်းပြီးဆုံးပါက အဆိုပါ အကူသူနာပြုများအား ဝန်ကြီးဌာနဆေးရုံများတွင် ခန့်အပ်တာဝန်ချထားမည်ဖြစ်ပါကြောင်း၊ အကူသူနာပြုများ၏ ဘဝတက်လမ်း၊ ပညာဆက်လက်သင်ကြားရန် အခွင့်အလမ်းများကိုလည်း ဆောင်ရွက်ထားရှိပါကြောင်း။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏(၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနား ဂုဏ်ပြုညစာစားပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

သူနာပြုများအနေဖြင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေး၊ နိုင်ငံတကာ ပညာတော်သင် အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် အင်္ဂလိပ်ဘာသာရပ်ကိုလည်း ကြိုးပမ်းဆည်းပူးကြစေလိုပါကြောင်း၊ သူနာပြုများအနေဖြင့် သူနာပြုစုမှုပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ မြင့်မားနေစေရေး အမြဲကြိုးပမ်းနေရမည်ဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် သူနာပြုကျင့်ဝတ်များကို စွဲမြဲစွာ လိုက်နာကျင့်သုံးကြရမည် ဖြစ်ပါကြောင်း၊ ပညာရပ်ပိုင်းကျွမ်းကျင်မှုမြင့်မားပြီး ကျင့်ဝတ်လိုက်နာသော၊ ပြည်သူများမှ ချစ်ခင်လေးစားအားကိုးသော သူနာပြုကောင်းများဖြစ်လာစေရေး ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

### ဂုဏ်ပြုအမှာစကား ပြောကြား

ဆက်လက်၍ သူနာပြုတက္ကသိုလ် (ရန်ကုန်) ၏ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမြတ်သန္တာက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

သူနာပြုတက္ကသိုလ် (ရန်ကုန်)၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် သူနာပြုမဟာသိပ္ပံသင်တန်း အောင်မြင်သူ ၄၂ ဦး၊ အရေးပေါ် သူနာပြုစုမှုပညာဒီပလိုမာအောင်မြင်သူ လေးဦး၊ သူနာပြုသိပ္ပံ (ပေါင်းကူး) သင်တန်းအောင်မြင်သူ ၁၉၉ ဦး၊ သူနာပြုသိပ္ပံ(ပေါင်းကူး)(on campus) သင်တန်းအောင်မြင်သူ ၂၁၀၊ သူနာပြုသိပ္ပံ (ပုံမှန်) အောင်မြင်သူ ၁၂၃ ဦးနှင့် အထူးပြုသူနာပြု ဒီပလိုမာသင်တန်းအောင်မြင်သူ ၇၄ ဦးတို့ကို ဘွဲ့များအသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ ***ရှေ့ဖုံးမှ***

ချစ်သူများနေ့မှာ ဖွင့်မှာဆိုတော့ လာရောက် လည်ပတ်တဲ့ ချစ်သူစုံတွဲတွေ အမှတ်တရဓာတ်ပုံရိုက်လို့ရမယ့် နေရာတွေပါဝင်မှာဖြစ်ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်တွေလည်း ဖွင့်လှစ်ထားမှာဖြစ်ပါတယ်။ ပြည်သူအားလုံးကို ပွဲတော်ကာလအတွင်း လာရောက်အပန်းဖြေကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

နေပြည်တော် ရေပန်းဥယျာဉ်ပန်းပွဲတော်တွင် နိုင်ငံကျော် တေးသံရှင်များက ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၆ နာရီမှစတင်၍ ည ၁၁ နာရီအထိ သီဆိုဖျော်ဖြေသွားကြမည်ဖြစ်ပြီး Myanmar Idol မှ တေးသံရှင်များက မတ် ၃၁ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တို့တွင် အခမဲ့ သီဆိုဖျော်ဖြေသွားမည်ဖြစ်သည်။

ပန်းပွဲတော် ကာလအတွင်း လာရောက် လည်ပတ်ကြသူများအနေဖြင့် နေပြည်တော် ရေပန်းဥယျာဉ် ပုံမှန်ဝင်ကြေးဖြစ်သည့် လူကြီး၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၁၅၀၀ သာ ကျသင့်မည်ဖြစ်ပြီး ငါးနှစ်အောက်ကလေးများကို အခမဲ့ဝင်ခွင့်ပြုမည်ဖြစ်သည်။

ထို့ပြင် ပန်းပွဲတော်ကာလအတွင်း လာရောက်လည်ပတ်ကြသည့် ပြည်သူများ အစားအသောက်အခက်အခဲမရှိစေရန် စားသောက်ဆိုင်ခန်းများကိုလည်း ဖွင့်လှစ်ရောင်းချပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

နေပြည်တော် ရေပန်းဥယျာဉ်အတွင်း လာရောက်လည်ပတ်နေသည့် နေပြည်တော် ကုံကော်အိမ်ရာမှ မဟန်နီစိုးက "ကျွန်မတို့အဖွဲ့က ပန်းပွဲတော်မတိုင်မီ ထူးခြားတဲ့ ပန်းပြင်ဆင်မှုတွေကို ကြည့်ချင်တာနဲ့ လာရောက်လည်ပတ်တာ ဖြစ်ပါတယ်။ နိုင်ငံကျော် တေးသံရှင်တွေလည်း ဖျော်ဖြေကြမှာဖြစ်ပြီး ပထမအကြိမ် ကျင်းပတဲ့ ပန်းပွဲတော်ဆိုတော့ လာရောက်သူတွေများမယ်ထင်ပါတယ်။ ပွဲတော်မှာ မြင်တွေ့ရမယ့် အလှအပရှုခင်းတွေကို ကြိုတင်မြင်ယောင်ပြီး ရင်ခုန်မိပါတယ်"ဟု ပြောသည်။

ပထမအကြိမ် ပန်းပွဲတော်နှင့် ဖျော်ဖြေပွဲများကို နေပြည်တော်ရှိ ဝန်ထမ်းများနှင့် ပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများအပြင် ပြည်ပခရီးသွားဧည့်သည်များပါ အပန်းဖြေအနားယူနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

နေပြည်တော်ရေပန်းဥယျာဉ်ကို ပြည်သူများ အပန်းဖြေနားနေနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။

**သတင်းနှင့် ဓာတ်ပုံ**
**ဟိန်းမင်းစိုး**

# တွံတေးမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ခတ္တိယဓာတ်အားခွဲရုံဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ခတ္တိယဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ဓာတ်အားခွဲရုံ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ခတ္တိယဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### စီမံဆောင်ရွက်

ရှေးဦးစွာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်အတွင်းတွင် ကျေးရွာပေါင်း ၁၀၃၁ ရွာရှိသည့်အနက် ၂၀၁၈ ခုနှစ်၌ ရွာပေါင်း ၄၇၅ ရွာကိုသာ လျှပ်စစ်ဓာတ်အားပေးနိုင်ခဲ့၍ ၄၆ ရာခိုင်နှုန်းခန့်သာရရှိခဲ့ပြီး ယခု ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် တောင်ပိုင်းခရိုင်အတွင်း ၁၂၃ ရွာကို ထပ်မံ၍ ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် စုစုပေါင်း ၅၉၈ ရွာ ဓာတ်အားရရှိခဲ့ပြီး လျှပ်စစ်ဓာတ်အားရရှိမှုအနေဖြင့် ၅၈ ရာခိုင်နှုန်းခန့်အထိ ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျန်ကျေးလက်ဒေသများသို့ လျှပ်စစ်ဓာတ်အားရရှိရေး စီမံဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ကျေးရွာပေါင်း ၁၀၈၅ ရွာသာ မီးလင်းခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၌ ၂၆၉ ရွာ ထပ်မံမီးလင်းခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၆၄ ရာခိုင်နှုန်းခန့်အထိ လျှပ်စစ်ဓာတ်အားရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထပ်မံ၍ ၄၉၅ ရွာ လျှပ်စစ်ဓာတ်အားရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၇ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်မည်ဖြစ်သည့်အပြင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၌ ကျန်ရှိသည့် ၂၅၉ ရွာကို လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးရန် စီစဉ်ထားရှိသည့်အတွက် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများအားလုံး ၁၀၀ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အားရရှိအောင် ရည်မှန်းချက်ထား စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအနက် ယခု ဆောင်ရွက်ပေးခဲ့သော ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း တွံတေးမြို့နယ်သည် ဧရိယာအကျယ်အဝန်း ၂၇၉ ဒသမ ၀၉ စတုရန်းမိုင်ကျယ်ဝန်းကာ မြို့ပေါ်ရပ်ကွက် (၈)ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၅ အုပ်စု၊ ကျေးရွာပေါင်း ၂၃၅ ရွာရှိသည့်အနက် မြို့ပေါ်ရပ်ကွက်(၈) ရပ်ကွက်နှင့် ကျေးရွာ ၁၂၁ ရွာတို့ကိုသာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ရာမှ ယခု ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေခတ္တိယ ဓာတ်အားခွဲရုံတစ်ရုံ၊ ထရန်စဖော်မာ အလုံး ၂၀ ၊ ၃၃ ကေဗွီဓာတ်အားလိုင်း ၉ ဒသမ ၅၂ မိုင်၊ ၁၁ ကေဗွီဓာတ်အားလိုင်း ၂၅ ဒသမ ၁၃ မိုင်နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂၃ ဒသမ ၄ မိုင်တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေ ၂၄၇၂ ဒသမ ၅၀၅ သန်းအသုံးပြုကာ တည်ဆောက်ပေးခဲ့သည့်အတွက် ကျေးရွာပေါင်း သုံးရွာ ထပ်မံဓာတ်အားရရှိမည်ဖြစ်ကာ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နောက်ထပ်ကျေးရွာ ၂၈ ရွာ ထပ်မံဓာတ်အားရရှိမည်ဖြစ်ပြီး အိမ်ထောင်စုပေါင်း ၃၄၃၅ စု ထပ်မံဓာတ်အားရရှိသွားမည် ဖြစ်ပါကြောင်း။

### ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာ

ဤဒေသရှိ မိဘပြည်သူများအနေဖြင့် ယခင်က မရရှိခဲ့သည့် လျှပ်စစ်ဓာတ်အားများ ရရှိလာသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် အစစ တိုးတက်ပြောင်းလဲလာမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအကျဆုံးသည် လျှပ်စစ်မီးဖြစ်သည်နှင့်အညီ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအစရှိသည့် ကဏ္ဍအားလုံးတွင် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများအပေါ် ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန်နှင့် ဓာတ်အားရရှိသုံးစွဲနိုင်ခြင်းမရှိသေးသည့်ဒေသများကို ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ဒေသခံမိဘပြည်သူများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

### အမှာစကားပြောကြား

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး တွံတေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်နှင့် တွံတေးမြို့နယ် ခတ္တိယရွာသစ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝဏ္ဏစိုးတို့က ဓာတ်အားခွဲရုံ ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေခတ္တိယ ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားမှုခ်ဦးအား တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်လျှပ်စစ်သတ္တုနှင့် သစ်တောရေးရာကော်မတီ ဥက္ကဋ္ဌ ဦးတင်ရှိန်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဇင်ဦးနှင့် ဦးနေနိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေခတ္တိယ ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနား ကမ္ပည်းကျောက်စာ မော်ကွန်းအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးလှအေးတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဖွံ့ဖြိုးမှုပညာမဟာဘွဲ့(MDevS)၊ ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေးပညာမဟာဘွဲ့(MBF)သင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

**မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ဖွံ့ဖြိုးမှုပညာမဟာဘွဲ့၊ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာ မဟာဘွဲ့သင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းရှိ သင်တန်းခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နေပြည်တော်တွင်ရှိသည့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဘဏ္ဍာရေးပညာမဟာဘွဲ့ အခြားပုဂ္ဂလိက ဝန်ထမ်းများ လွယ်ကူစွာ ပညာဆက်လက်သင်ကြားနိုင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ထိထိရောက်ရောက် ပါဝင်အထောက်အကူဖြစ်စေရန် ယခုလိုသင်တန်းများ ဖွင့်လှစ်ပေးခြင်း




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ဖွံ့ဖြိုးမှုပညာမဟာဘွဲ့၊ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာ မဟာဘွဲ့သင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ဖြစ်ပါကြောင်း။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ယခု သင်တန်းများသည် နေပြည်တော်ကောင်စီနယ်မြေတွင်ရှိသော သင်ယူလိုသူများအတွက် သင်ယူနိုင်မှုအခွင့်အလမ်းများကို မြှင့်တင်ပေးခြင်းဖြစ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိဌာနအသီးသီးနှင့် နိုင်ငံအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် မိမိတို့ အရည်အသွေးများကို အသုံးချကာ နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်များဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်စနစ် ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေး၊ ဘဏ်လုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မိတ္ထီလာစီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာထွန်းအောင်က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### တက်ရောက်

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### သင်တန်းကာလမှာ နှစ်နှစ်ဖြစ်

ယနေ့ဖွင့်လှစ်သည့် ဖွံ့ဖြိုးမှုပညာမဟာဘွဲ့(MDevS)၊ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့ (MBF) သင်တန်းအမှတ်စဉ်(၂) မဟာဘွဲ့သင်တန်းများတွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ တာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခများအပြင် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများ၊ အငြိမ်းစားအရာရှိကြီးများနှင့် ပြင်ပပညာရှင်များက သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်နှစ်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၉

**၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁) ရက်နေ့တွင် ကျရောက်သည့် (၇၃) ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ ဘိုကုန်းရပ် သံလွင်ဥယျာဉ်မြေ ကွက်လပ်၌ ကျင်းပသည်။**

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမိုးအောင်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မွန်အမျိုးသားနေ့ အခမ်းအနား(ဗဟို) ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွန်တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ (၇၃) ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ကမာဝက်မြို့ ခတ်တော်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မွန်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ မင်းကြည်ဝင်း၊ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ မင်းဗညားစန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မွန်အမျိုးသားအလံကို လွှင့်တင်ပြီး တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ မွန်အမျိုးသားအလံနှင့် မွန်အာဇာနည်ခေါင်းဆောင်များအား အလေးပြုကြသည်။

ထို့နောက် သဘာပတိဆရာတော် ဘဒ္ဒန္တကေတုမာလာက အဖွင့်ဩဝါဒစကား မြွက်ကြားသည်။

### သဝဏ်လွှာဖတ်ကြား

ထို့နောက် (၇၃) ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့လာသော သဝဏ်လွှာကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဖတ်ကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ မင်းဗညားစန်းက အမှာစကားပြောကြားပြီး (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့လာသော သဝဏ်လွှာများကို တာဝန်ရှိသူတစ်ဦးက ဖတ်ကြားသည်။

ထို့နောက် မွန်အမျိုးသားနေ့ ရေးရာကိစ္စများ နှစ်ကာလရှည်ကြာစွာ ဆောင်ရွက်ခဲ့သည့် ကမာဝက်မြို့ ခတ်တော်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်နှင့် နိုင်ပန်းအောင်တို့အား ကျင်းပရေးကော်မတီဥက္ကဋ္ဌ မင်းဗညားစန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့်အတူ တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် မွန်ရိုးရာပြခန်းများကို ကြည့်ရှုအားပေးကြသည်။

### နှုတ်ခွန်းဆက်စကားပြောကြား

(၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနား ညပိုင်းအစီအစဉ်တွင် ကျင်းပရေး ကော်မတီဥက္ကဋ္ဌ



(၇၃) ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ကမာဝက်မြို့ ခတ်တော်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတမဟာထေရ်၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မင်းဗညားစန်းက အမှာစကား ပြောကြားပြီး မွန်ပြည်သစ်ပါတီဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနား ကျင်းပရေးကော်မတီ (ဗဟို)မှ ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ မွန်စာပေ ယဉ်ကျေးမှုဆိုင်ရာ စာတမ်းဖတ်ကြားခြင်း၊ မွန်အမျိုးသားနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ ရှင်းလင်းချက်စာတမ်း အကျဉ်းဖတ်ကြားခြင်း၊ မွန်လူငယ်ရေးရာ ကိစ္စရပ်များ တင်ပြခြင်း၊ မွန်အမျိုးသားနေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲဆု ချီးမြှင့်ခြင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းပေးအပ်ခြင်း အစီအစဉ်များကို ကျင်းပခဲ့ကြောင်း သိရသည်။

### အများစု နေထိုင်

သမလနှင့် ဝိမလ မွန်မင်းညီနောင်နှစ်ပါး ဟံသာဝတီမင်းနေပြည်တော်ကြီးကို စတင်တည်ထောင်ခဲ့သော သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ တနင်္လာနေ့ကို အစွဲပြု၍ မွန်အမျိုးသားနေ့ အဖြစ် သတ်မှတ်ကာ နှစ်စဉ် တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ရောက်တိုင်း မွန်အမျိုးသားနေ့ အခမ်းအနားများကို မွန် တိုင်းရင်းသားလူမျိုး အများစု နေထိုင်ရာ ကရင်ပြည်နယ်၊ ရန်ကုန်၊ မန္တလေး၊ တနင်္သာရီနှင့် ဧရာဝတီတိုင်းဒေသကြီး စသော နေရာအသီးသီး၌ ကျင်းပခဲ့ကြသည်။

ယခုနှစ် (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့ကို မွန်လူမျိုးတို့၏ ဇာတိသွေး ဇာတိမာန် နိုးကြားပြီး ဘာသာစကားစာပေနှင့် ရိုးရာဓလေ့ယဉ်ကျေးမှုများ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်သွားနိုင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်သွားနိုင်ရေးတို့အတွက် ရည်ရွယ်ကာ ကျင်းပခဲ့ခြင်းဖြစ်သည်။

အလားတူ (၇၃) ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားများကို ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ရင်ပြင်၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ သာသနာ ၂၅၀၀ ဓမ္မာရုံ၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကင်ပွန်းချုံကျေးရွာနှင့် ပဲခူးမြို့ ရွှေမော်ဓော ဓမ္မာရုံ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကျွဲတလင်းကျေးရွာ အပါအဝင် မြို့နယ် ငါးမြို့နယ်၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒူကျေးရွာနှင့် ကော့ကရိတ်မြို့ ပေါ်ကြူကုန်းကျေးရွာ၌ လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြပြီး အဆိုပါအခမ်းအနားများသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ထံမှ သဝဏ်လွှာများ ဂုဏ်ပြုပေးပို့ခဲ့ကြသည်။

**သတင်းစဉ်**




**◆*ရှေ့ဖုံးမှ***

မွန်းလွဲပိုင်းတွင် မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး သဘာဝငှက်သိုက်အိမ်၊ **(အပေါ်ပုံ)** Myeik Shopping Centre တို့ကို သွားရောက်လေ့လာကြသည်။

ညပိုင်း၌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီးတို့က သံတမန်လေ့လာရေးအဖွဲ့အား မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်၊ ရှမ်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ ဖလမ်းမြို့နှင့် ရမ်ကလောင်းတွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့၊ မင်းတပ်မြို့၊ တီးတိန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# အလေးပြုပါတယ်... ဗိုလ်ချုပ်

**တိုက်မောင်း**

> "ဗိုလ်ချုပ် မွေးဖွားခဲ့မှုသည် သူ့ကျွန်ဘဝကျရောက်နေခဲ့သော မြန်မာပြည်အတွက် တန်ဖိုးကြီးမားခဲ့သည်။ တက္ကသိုလ်ကျောင်းသားထုအတွက် စံပြပုဂ္ဂိုလ် ဖြစ်ခဲ့သကဲ့သို့ တပ်မတော်အတွက်မူ တပ်မတော်ကို စတင်တည်ထောင်သူ (Founder) တစ်ယောက်ဖြစ်သည်။ တိုင်းရင်းသား ပြည်သူလူထု တစ်ရပ်လုံးအတွက်မူ သူ့ကျွန်ဘဝမှ လွတ်မြောက်လာစေရန် သက်စွန့်ကြိုးပမ်း ပေးခဲ့သည့် ကျေးဇူးရှင်တစ်ယောက်ဟုဆိုလျှင်လည်း မမှား။ ယခင်ကလည်းဖြစ်သည်။ ယခုလည်းဖြစ်နေဆဲ၊ နောင်တွင်လည်း ဖြစ်နေဦးမည်"

ဖေဖော်ဝါရီလ ၁၃ ရက်နေ့သည် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ဖြစ်သည်။ ဗိုလ်ချုပ်သာ သက်ရှိထင်ရှားရှိနေမည်ဆိုပါက ၎င်း၏အသက်မှာ ၁၀၅ နှစ်ပြည့်မည်ဖြစ်သည်။ သေတစ်နေ့ မွေးတစ်နေ့ပါကွာဟု အရပ်ထဲတွင် ပြီးစလွယ် ပြောဖြစ်ကြသော်လည်း ဗိုလ်ချုပ်နှင့် ပတ်သက်၍မူ မြန်မာပြည်သူလူထုအားလုံးက အလေးအမြတ်ထားကြသည်။ မထား၍လည်း မဖြစ်။ ဗိုလ်ချုပ်သည် သာမန်လူတစ်ဦးမဟုတ်။ နိုင်ငံတော်၏ လွတ်လပ်ရေးကို အသက်ပေး၍ ရယူပေးခဲ့သူ၊ မြန်မာပြည်သူအားလုံး၏ ကျေးဇူးရှင် တစ်နည်းအားဖြင့် ဆိုသော် ယောကျ်ားအာဇာနည် ရဲဘော်သုံးကျိပ်ဝင်တစ်ဦး။ အဆိုပါပုဂ္ဂိုလ်မျိုး၏ မွေးနေ့ကို ကျွန်တော်တို့ အလွယ်တကူမေ့မထားရက်ကြ။ အမြဲတမ်းအမှတ်ရပြီး ဂုဏ်ပြုထောမနာပြုနေခဲ့ကြရသည်။ ဤကား အာဇာနည်ပုဂ္ဂိုလ်တို့အတွက် လူအများက လိုလိုလားလား၊ ချစ်ချစ်ခင်ခင် ဆောင်ရွက်ပေးရသည့် လမ်းကြောင်းပါပေတည်း။

ဗိုလ်ချုပ်သည် ၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင်မွေးဖွားခဲ့ပြီး ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ လူတိုင်းမွေးဖွားပြီး သေဆုံးရသည်မှာ မဆန်းသော်လည်း ဗိုလ်ချုပ်မှာ အရွယ်ကောင်းတုန်း တစ်ပါးသူ၏ လုပ်ကြံမှုကြောင့် သေဆုံးခဲ့ရသဖြင့် ဆန်းသည်။ မြန်မာပြည်သူတို့အတွက် ယူကျုံးမရဖြစ်ကြရသည်။ ထိုအချိန်က မြန်မာပြည်သည် လွတ်လပ်ရေးမရသေး။ လွတ်လပ်ရေးအတွက် ကျားကုတ်ကျားခဲကြိုးပမ်းနေရဆဲ အချိန်ကာလဖြစ်သည်။ ထိုစဉ်က ဗိုလ်ချုပ်ကွယ်လွန်သွားခြင်းသည် နိုင်ငံအတွက် ကြီးမားသော ဆုံးရှုံးမှုတစ်ခုဖြစ်ခဲ့ရသည်။

### မြန်မာပြည် လွတ်လပ်ရေးရယူပေးရန်

ဗိုလ်ချုပ်မွေးဖွားခဲ့မှုသည် သူ့ကျွန်ဘဝကျရောက်နေခဲ့သော မြန်မာပြည်အတွက် တန်ဖိုးကြီးမားခဲ့သည်။ တက္ကသိုလ်ကျောင်းသားထုအတွက် စံပြပုဂ္ဂိုလ်ဖြစ်ခဲ့သကဲ့သို့ တပ်မတော်အတွက်မူ တပ်မတော်ကို စတင်တည်ထောင်သူ (Founder) တစ်ယောက်ဖြစ်သည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက်မူ သူ့ကျွန်ဘဝမှ လွတ်မြောက်လာစေရန် သက်စွန့်ကြိုးပမ်းပေးခဲ့သည့် ကျေးဇူးရှင်တစ်ယောက်ဟုဆိုလျှင်လည်းမမှား။ ယခင်ကလည်းဖြစ်သည်။ ယခုလည်းဖြစ်နေဆဲ၊ နောင်တွင်လည်း ဖြစ်နေဦးမည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းသည် ဗိုလ်ချုပ်၏ဘဝသမိုင်းနှင့်ထပ်တူနီးပါး ကျခဲ့လိမ့်မည်ထင်သည်။ ဗိုလ်ချုပ်မွေးဖွားလာခဲ့မှုသည် မြန်မာပြည်လွတ်လပ်ရေးရအောင် ယူပေးရန် သက်သက်လိုဖြစ်နေခဲ့သည်။ ဗိုလ်ချုပ်သည် ဤကမ္ဘာမြေကြီးအတွက် တာဝန်ကျေပွန်ခဲ့သော လူသားတစ်ဦးဟု ဆိုချင်ပါသည်။

ဗိုလ်ချုပ်အပေါ် ကျွန်တော်တို့ပြည်သူများက ပေးဆပ်ရန် ကျေးဇူးကြွေးများစွာတင်နေ၏။ ဗိုလ်ချုပ်၏ ကျေးဇူးကို ကျေအောင် မည်ကဲ့သို့ ဆပ်ကြမည်နည်း။ ကျေးဇူးတရားကို သိသူ၊ သူတစ်ပါး၏ကျေးဇူးကို အောက်မေ့သတိရသူသည် မင်္ဂလာတရားတော်နှင့်အညီ နေထိုင်သူဟု မြတ်စွာဘုရားက ဟောကြားခဲ့၏။ ကျွန်တော်တို့ သတိရအောက်မေ့နေရုံနှင့် မပြီးသေး။ တမလွန်မှ ဗိုလ်ချုပ်ကျေနပ်အောင် လုပ်ပြကြဖို့ လိုသေးသည်။ ဗိုလ်ချုပ်ချမှတ်ခဲ့သော လမ်းစဉ်များကို လိုက်ပါ အကောင်အထည်ဖော် လုပ်ဆောင်ကြခြင်းဖြင့် ဗိုလ်ချုပ်ကို အလေးပြုကြမည်။ သူပြောခဲ့သလို သူမြင်ချင်ခဲ့သော နိုင်ငံတော်ကိုတည်ဆောက်နေလျှင် တမလွန်မှ ဗိုလ်ချုပ် ဝမ်းသာနေပါလိမ့်မည်။ ကျွန်တော့်အနေဖြင့် ဗိုလ်ချုပ်ကို ဝမ်းသာစေချင်သည်။ ဗိုလ်ချုပ်၏မွေးနေ့နှင့် ကျဆုံးခဲ့သောနေ့တို့ကိုရောက်တိုင်း ပြည်သူလူထုတစ်ရပ်လုံးက တမ်းတ၊ သတိတရရှိခဲ့ကြ၏။ ပျော်ပွဲရွှင်ပွဲများ၊ အခမ်းအနားများကို စည်စည်ကားကား ကျင်းပခဲ့ကြ၏။ တစ်ရက်တည်းဖြင့် ပွဲပြီးမီးသေ မဖြစ်စေလို။

မိဘများက မိမိတို့၏ သားငယ်၊ သမီးငယ်များကို ညအိပ်ရာဝင်ပုံပြင်များ ပြောပြကြရာ ရံဖန်ရံခါ ဗိုလ်ချုပ်အကြောင်းကို ပြောပြသင့်သည်။ စာဖတ်တတ်သည့်အရွယ်ရောက်ရှိလာသောအခါ ဗိုလ်ချုပ်အကြောင်းနှင့်ပတ်သက်သည့်စာပေမှတ်တမ်းများ ဖတ်ရှုနိုင်အောင် ဆောင်ရွက်ပေးနိုင်သည်။ ပြောနေရင်း၊ ဖတ်လာရင်းဖြင့် ကလေးများ၏စိတ်ထဲတွင် ဗိုလ်ချုပ်လိုမျိုး ဖြစ်လာချင်စိတ်များ ကိန်းအောင်းလာနိုင်သည်။ အာဇာနည်ဆိုသည်မှာ ဘယ်လိုစိတ်ဓာတ်မျိုးရှိသူ၊ အများအကျိုးအတွက်ဆိုလျှင် မည်ကဲ့သို့အသက်စွန့်၍ ပေးဆပ်ရမည်ဆိုသည်တို့ကို သိရှိလာမည်။ ငယ်ရွယ်သူတို့၏ စိတ်ဘဝင်ဝယ် ဗိုလ်ချုပ်သည် စံပြုပုဂ္ဂိုလ်တစ်ယောက်အဖြစ် သတ်မှတ်လာကြလိမ့်မည်။ မိဘများအနေဖြင့်လည်း ဗိုလ်ချုပ်အကြောင်းကို မိမိတို့သားသမီးများထက် ပိုမိုသိရှိအောင် လေ့လာထားရန် အကြံပြုလိုပါသည်။





### ဗိုလ်ချုပ်စိတ်ဓာတ်ရှိသူ လူငယ်များ ပေါ်ထွန်းနိုင်

ကျောင်းတွင်လည်း ဆရာ၊ ဆရာမများက မိမိတို့အတန်းထဲမှ ကလေးများကို အရွယ်အလိုက် ဗိုလ်ချုပ်နှင့်ပတ်သက်သည့် အကြောင်းများ၊ အတ္ထုပ္ပတ္တိတို့နှင့်ပတ်သက်၍ ကဗျာရွတ်ခြင်း၊ ပုံတူဆွဲခြင်း၊ စာစီစာကုံးရေးသားခြင်း၊ ကျပန်းစကားပြောခြင်းတို့အပြင် ဗိုလ်ချုပ်မိန့်ခွန်းပြောပြိုင်ပွဲများကို ကျင်းပပေးနိုင်ပါသည်။ ယခုလည်း ကျင်းပပေးနေသည်ကို တွေ့ရသဖြင့် ဝမ်းသာရပါသည်။ ထို့အပြင် ဝေဖန်စဉ်းစားတွေးခေါ်ခြင်း ( Critical Thinking ) အပိုင်း၌ တိုးတက်ကောင်းမွန်လာစေရန်အတွက် အုပ်စုလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဗိုလ်ချုပ်တို့ခေတ်က အဖြစ်အပျက်များအပေါ် အခြေခံသည့်သင်ခန်းစာများဖော်ထုတ်၍ ကလေးများကို စဉ်းစားတွေးခေါ်စေခြင်း၊ မေးခွန်းများ အပြန်အလှန်မေးမြန်းစေခြင်းတို့ကို ကျောင်းတွင် ဆောင်ရွက်ပေးနိုင်ပါသည်။ ဤနည်းအားဖြင့်လည်း ဗိုလ်ချုပ်လို လူငယ်များကို မွေးထုတ်ပေးနိုင်သကဲ့သို့၊ ဗိုလ်ချုပ်စိတ်ဓာတ်ရှိသူ လူငယ်လူရွယ်များ အများအပြားပေါ်ထွန်းလာနိုင်ပါသည်။

### လူငယ်များဖြင့် အနာဂတ်တိုင်းပြည်တည်ဆောက်

အတန်းလိုက် ကျောင်းသင်ခန်းစာများတွင် ဗိုလ်ချုပ်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ထည့်သွင်းဖော်ပြ၍ ဆရာ၊ ဆရာမများ သင်ကြားပေးနိုင်အောင် စီစဉ်ပေးရန် လိုအပ်ပါမည်။ ဤနည်းအားဖြင့် ဗိုလ်ချုပ်လို စိတ်ဓာတ်ရှိသော အနာဂတ်ဗိုလ်ချုပ် အလောင်းအလျာများကို ရှာဖွေစုဆောင်းနိုင်ပါသည်။ ဗိုလ်ချုပ်လိုစိတ်ဓာတ်ရှိသော လူငယ်များဖြင့် အနာဂတ်တိုင်းပြည်ကို တည်ဆောက်ကြလျှင် မြန်မြန်ဆန်ဆန်နှင့် ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်၏။ ဒီမိုကရေစီစနစ်ဖြင့် ခရီးထွက်နေသော မြန်မာနိုင်ငံသည် ဗိုလ်ချုပ်လို လူမျိုးချည်းဆိုပါက ပို၍ခရီးတွင်ပါလိမ့်မည်။ ကျွန်တော်တို့နိုင်ငံသည် နယ်ပယ်နေရာအသီးသီးတွင် ဖွံ့ဖြိုးမှုနောက်ကျကျန်လျက်ရှိသည်မှာ ပကတိအရှိတရားဖြစ်ပါသည်။ လူတိုင်းလူတိုင်းက သူ့နေရာနှင့် သူကြိုးစားလုပ်ကိုင်ကြမှသာ တော်ကာကျပါမည်။ လမ်းလျှောက်နေ၍မရတော့၊ အပြေးတက်ကြရပါတော့မည်။ အပြေးတက်နိုင်ဖို့ သက်လုံကောင်းဖို့ လိုပါသည်။ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရန် လိုအပ်သကဲ့သို့ စိတ်ဓာတ်ကောင်းဖို့လည်း အရေးကြီးပါသည်။ အခြားစိတ်ဓာတ်မျိုးမလိုပါ။ ဗိုလ်ချုပ်စိတ်ဓာတ်မျိုးသာလိုပါသည်။

လူတိုင်းလူတိုင်း မိမိတို့တာဝန်ကို ကျေပွန်ဖို့လိုပါသည်။ ဒီမိုကရေစီနိုင်ငံသား တစ်ယောက်အနေဖြင့် တာဝန်ယူလိုစိတ်ရှိရပါမည်။ ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲနေထိုင်တတ်ရပါမည်။ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိရပါမည်။ တစ်ကိုယ်ကောင်းမဆန်ဘဲ အများအတွက် ဦးစားပေးစဉ်းစားလုပ်ဆောင်ကြရပါမည်။ တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် တိုင်းပြည်တည်ဆောက်၍မရ။ ကောင်းသောသူများစွာ လိုအပ်ပါသည်။ ညီညီညွတ်ညွတ်ဖြင့် စုပေါင်းအင်အားကို အသုံးပြု၍ ဝိုင်းတွန်းမည်ဆိုပါက ဗိုလ်ချုပ်မျှော်မှန်းခဲ့သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး ပေါ်ထွန်းလာရန်မှာ သိပ်မခက်ခဲလှပါ။

### ဗိုလ်ချုပ်အတွက် မွေးနေ့လက်ဆောင်

ဗိုလ်ချုပ်မွေးနေ့မရောက်မီ တိုင်းရင်းသားပြည်သူအားလုံးက ဗိုလ်ချုပ်ကို ကတိကဝတ်များပေးကြဖို့ လိုမည်ထင်ပါသည်။ မိမိတို့အချင်းချင်းရန်မဖြစ်ကြတော့ပါ။ သင့်မြတ်အောင် နေထိုင်ကြပါမည်။ ပြည်သူလည်း ပြည်သူအလျောက်၊ အစိုးရဝန်ထမ်းလည်း အစိုးရဝန်ထမ်းအလျောက် မိမိတို့အလုပ်ကို တာဝန်ယူ၊ တာဝန်ခံသော စိတ်ဓာတ်ဖြင့် လုပ်ဆောင်ကြပါမည်။ ရေသာခိုအချောင်လိုက်ချင်သည့် စိတ်ဓာတ်များ ယနေ့မှစ၍ စွန့်လွှတ်ပါတော့မည်။ ဒီမိုကရေစီနိုင်ငံသားများပီပီ အများပြည်သူနှင့်ဆိုင်သော နေရာများတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ ဖျက်လိုဖျက်ဆီးပြုလုပ်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် သွေဖည်သော အပြုအမူများပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါမည်။ နိုင်ငံတော်သို့ပေးသင့်ပေးထိုက်သော အခွန်အခများကို မပျက်မကွက်ပေးသွင်းသွားပါမည်။ ငြိမ်းချမ်းရေးအတွက် လက်ချင်းဆက်၍ အားကျိုးမာန်တက် ဆောင်ရွက်သွားပါမည် စသည်၊ စသည်ဖြင့် ဗိုလ်ချုပ်မွေးနေ့မှာ ပြည်သူများက အထက်ပါကတိသစ္စာများကို ဗိုလ်ချုပ်အတွက် မွေးနေ့လက်ဆောင်အဖြစ် ပေးလိုက်ကြရင် မကောင်းပေဘူးလား။

မြန်မာပြည်သူတို့၏ တည်တံ့သော ကတိသစ္စာများကို တမလွန်က ဗိုလ်ချုပ်ကြားခဲ့သော် သူလည်းဝမ်းသာကျေနပ်နေပေလိမ့်မည်။ တစ်ခုတော့ရှိသည်။ ကွယ်လွန်သွားပြီးသော ဗိုလ်ချုပ်ကို ကျွန်တော်တို့ မလိမ်မိဖို့၊ မညာမိဖို့တော့လိုသည်။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅)နှစ်မြောက်မွေးနေ့မှာ တိုင်းပြည်အတွက် လိုအပ်သော ကတိသစ္စာများနှင့်အတူ ပြည်သူအားလုံးက ဗိုလ်ချုပ်ကိုလေးလေးစားစားဖြင့် အလေးပြုလိုက်ကြအောင် ......။

# မြန်မာနိုင်ငံကြက်ခြေနီအသင်းက နိုဗယ်ကိုရိုနာဗိုင်းရပ်စ် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၉

**မြန်မာနိုင်ငံကြက်ခြေနီအသင်းက နိုဗယ်ကိုရိုနာဗိုင်းရပ်စ် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆေးပစ္စည်းများ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီးရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်သည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာနိုင်ငံကြက်ခြေနီအသင်းက လှူဒါန်းသော ဆေးပစ္စည်းများအား လက်ခံရယူစဉ်။

အခမ်းအနားတွင် လှူဒါန်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက ယခုလှူဒါန်းမှုမှာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု မိတ်ဖက်အသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ နော်ဝေနိုင်ငံ ကြက်ခြေနီအသင်း၊ ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်း၊ ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်း၊ တူရကီနိုင်ငံ လခြမ်းနီအသင်းနှင့် ဆွီဒင်နိုင်ငံ ကြက်ခြေနီအသင်းတို့မှ အမေရိကန်ဒေါ်လာ ၁၆၅၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ ၂၅၀၊ ပါးစပ်၊ နှာခေါင်းစည်း ၅၀၀၀ တို့ကို လှူဒါန်းခြင်းဖြစ်ပါကြောင်း။

### ပြည်သူများထံ ဖြန့်ဝေပေးအပ်

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နယ်စပ်ဝင်၊ ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ ထုတ်ဝေထားသော ကျန်းမာရေးအသိပညာပေးအချက်အလက်များကို အသုံးပြု၍ ကျန်းမာရေးအသိပညာပေး ပိုစတာနှင့် လက်ကမ်းစာစောင်များ ထုတ်ဝေကာ ပြည်သူများထံ ဖြန့်ဝေပေးအပ်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် လျင်မြန်တုံ့ပြန်အဖွဲ့ (rapid response team) များ ဖွဲ့စည်းထားရှိပြီး ယခုကဲ့သို့ ကပ်အသွင်ရောဂါ ဖြစ်ပွားပျံ့နှံ့မှုများနှင့် ပတ်သက်၍လည်း သင်တန်းပေးလေ့ကျင့်ထားသူ ၃၀၀ ခန့်ရှိပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ကျေးဇူးတင်ရှိ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ပံ့ပိုးမှု၊ လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများကို ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အသင်းဝင်အင်အားသည် များပြားပြီး အသင်း၏လုပ်ငန်းများတွင် လျင်မြန်တုံ့ပြန်ဆောင်ရွက်မှုများ ပါဝင်သည်ဖြစ်သဖြင့် ဝန်ကြီးဌာန၏ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အားဖြည့်ဆောင်ရွက်မှုများတွင် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ကြရန် စာဖြင့်အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ ချိန်သားကိုက် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုများသည် အထူးအရေးကြီးပါကြောင်း။

### အသေးစိတ်ဆွေးနွေးရမည်

ထိုသို့ ပူးပေါင်းဆောင်ရွက်မှုတွင် လုပ်ငန်းတာဝန်ခွဲဝေသတ်မှတ်မှုများ စနစ်တကျရှိစေရေးအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲတို့ အသေးစိတ်ဆွေးနွေးရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် မြို့နယ်အဆင့်များတွင် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးအသိပညာအချက်အလက်များ ဖြန့်ဝေရာတွင် ပြည်သူလူထုထံ ရောက်ရှိမှု၊ နားလည်မှု၊ အမှန်တကယ်အသုံးချမှုများ ရရှိစေရေး ထိရောက်စွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### ပူးပေါင်းဆောင်ရွက်သွားစေလို

နိုဗယ်ကိုရိုနာဗိုင်းရပ်စ် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် အားလုံးစုစည်း ပူးပေါင်းဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မိတ်ဖက်ကြက်ခြေနီအသင်းများမှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၆၅၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ ၂၅၀၊ ပါးစပ်နှင့် နှာခေါင်းစည်း ၅၀၀၀ တို့ကို လက်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း စံကိုက်တိုက်နယ် ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်

**တွံတေး ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ခတ္တိယတိုက်နယ် ခတ္တိယကျေးရွာ စံကိုက်တိုက်နယ် ဆေးရုံသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါဆေးရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်၍ အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၊ တွံတေးမြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးဇော်လှတို့က အမှာစကားများ ပြောကြားခဲ့သည်။ ထို့နောက် ခတ္တိယကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝဏ္ဏစိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းက ECG စက်အောက်ဆီဂျင်အိုး၊ အောက်ဆီဂျင်တိုင်းကိရိယာနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများ လက်ခံရယူခဲ့ကာ အလှူရှင်များကို တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ထို့နောက် စံကိုက်တိုက်နယ် ဆေးရုံဖွင့်ပွဲကို မုခ်ဦးရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး **(အပေါ်ပုံ)** တက်ရောက်လာသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကာ ဆေးရုံသစ်ကြီးအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အဆိုပါဆေးရုံသစ်ကြီး ပြီးစီးသွားသည့်အတွက် ခတ္တိယတိုက်နယ်ရှိ ကျေးရွာများသာမက အနီးအနားရှိ ညောင်တုန်း၊ မအူပင်၊ ထန်းတပင်မြို့နယ်များရှိ ပြည်သူများလည်း ဆေးလာရောက်ကုသနိုင်တော့မည် ဖြစ်ကြောင်း သိရှိရသည်။**မျိုးလှိုင်(တွံတေး)**

# စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကျေးလက်နေပြည်သူများနှင့် တွေ့ဆုံ

**ဝန်းသို ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ် တောင်ဘို့လှကျေးရွာတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ကျေးလက်နေပြည်သူများ တွေ့ဆုံပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသန်းက အမှာစကားပြောကြားပြီး ဒေသခံပြည်သူများက ပညာရေးအတွက် ကျောင်းဆောင်လိုအပ်ချက်၊ ကျန်းမာရေးအတွက် ဆရာဝန်လိုအပ်ကြောင်း၊ ကျေးလက်ဒေသသောက်သုံးရေ ရရှိရေးအတွက် မြေသား ရေကန်တူးဖော်ပေးရန်နှင့် လျှပ်စစ်မီး လိုအပ်ချက်များကို တင်ပြခဲ့ကြသည်။

အဆိုပါ တင်ပြချက်များနှင့် ပတ်သက်၍ သက်ဆိုင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ဝန်းသိုမြို့နယ် မဲဆန္ဒနယ်အသီးသီးမှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်ဘို့လှအုပ်စုအတွင်းမှ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မွေးကြူဇင်**

**ဓာတ်ပုံ-ကျေးလက်**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ) စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) ဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီ ၇ ရက်မှစ၍ ဖျားနာ**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်နေ အသက်(၃၄ နှစ်)အရွယ် အမျိုးသမီးတစ်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချိန်စက်မြို့မှ ဇန်နဝါရီ ၃၁ ရက်တွင် ပြန်လည်ရောက်ရှိလာပြီး ဇန်နဝါရီ ၇ ရက်မှစ၍ ဖျားနာခြင်းနှင့် ချောင်းဆိုးခြင်းလက္ခဏာများ စတင်ခံစားခဲ့ရပြီးနောက် ဖေဖော်ဝါရီ ၈ ရက်တွင် ပေါက်မြို့နယ် ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသခဲ့သည်။ လူနာမှာ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားသူလူနာများနှင့် ထိတွေ့မှုရာဇဝင်မရှိကြောင်းသိရ၍ ၎င်းလူနာထံမှ ခွဲနမူနာရယူကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်ကြောင်း။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှ မြန်မာနိုင်ငံသို့ ဖေဖော်ဝါရီ ၄ ရက်တွင် ဝင်ရောက်လာသော အသက် (၅၃ နှစ်) အရွယ် တရုတ်အမျိုးသားတစ်ဦးသည် ဖေဖော်ဝါရီ ၈ ရက်တွင် အဖျားရောဂါခံစားရသဖြင့် ပုဂ္ဂလိကဆေးရုံတစ်ခုသို့ သွားရောက်ပြသခဲ့ပြီး ထိုမှတစ်ဆင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ညွှန်းပို့ခဲ့ကြောင်း၊ လူနာတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရသော်လည်း ဆေးစစ်ချက်အဖြေများတွင် သွေးဥဖြူများများ ကျဆင်းနေခြင်း၊ သွေးတွင်း သကြားဓာတ်များပြားနေခြင်းတို့ကြောင့် စောင့်ကြည့်လူနာအဖြစ်သတ်မှတ်ကာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး သီးသန့်လူနာဆောင်တွင်ထားရှိကုသပြီး ဓာတ်ခွဲနမူနာရယူကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်ကြောင်း။

**ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရန်စီစဉ်**

ထို့အတူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ အသက် (၂၄ နှစ်) အရွယ် တရုတ်လူမျိုး အမျိုးသမီးတစ်ဦးသည် ဇန်နဝါရီ ၁၈ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး ၁၀ ရက်ခန့်နေထိုင်ခဲ့ကာ ဖေဖော်ဝါရီ ၃ ရက်တွင် ဟူနန်ပြည်နယ်မှ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် နေထိုင်စဉ်အတွင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသော်လည်း ဖေဖော်ဝါရီ ၈ ရက်တွင် ဖျားခြင်း၊ အန်ခြင်း၊ လည်ချောင်းနာခြင်း၊ ဝမ်းသွားခြင်း စသည့် လက္ခဏာများ ခံစားခဲ့ရသဖြင့် ပုဂ္ဂလိကဆေးရုံတစ်ခုသို့ သွားရောက်ပြသခဲ့ကြောင်း၊ ထိုမှတစ်ဆင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ညွှန်းပို့ခဲ့၍ ၎င်းလူနာအား စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးရှိ သီးသန့်လူနာခန်းတွင် ခွဲခြားထားရှိ ဆေးကုသမှုပေးလျက်ရှိရာ ၎င်းထံမှ ဓာတ်ခွဲနမူနာအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့အသိအမှတ်ပြု ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ရခိုင်ပြည်နယ် မောင်တောမြို့နယ်နေ အသက် (၂၁ နှစ်) အရွယ် အမျိုးသားတစ်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်ဖိန်မြို့တွင် လေးရက်ကြာနေထိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက်၌ မောင်တောမြို့နယ်သို့ ပြန်လည်ရောက်ရှိခဲ့ကာ ဖေဖော်ဝါရီ ၃ ရက်မှစတင်၍ ဖျားနာခြင်း၊ ချောင်းဆိုးခြင်းနှင့် လည်ချောင်းနာခြင်းလက္ခဏာများ ခံစားခဲ့ရသဖြင့် ဖေဖော်ဝါရီ ၇ ရက်တွင် မောင်တောပြည်သူ့ဆေးရုံသို့ လာရောက်ပြသ ခဲ့ရာ ၎င်းလူနာအား စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ မောင်တောပြည်သူ့ဆေးရုံရှိ သီးသန့်လူနာခန်းတွင် ခွဲခြားထားရှိ ဆေးကုသလျက်ရှိပြီး ၎င်းထံမှ ဓာတ်ခွဲနမူနာရယူ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အသိအမှတ်ပြု ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ ည ၈ နာရီ ၁၅ မိနစ်အချိန် ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် စင်ကာပူနိုင်ငံ International Health Regulation (IHR–2005) focal point မှ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲသို့ ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီ ၅၁ မိနစ်တွင် အီးမေးလ်ဖြင့်ဆက်သွယ်၍ အသက် (၂၉ နှစ်)အရွယ် မြန်မာနိုင်ငံသား အမျိုးသမီးတစ်ဦးသည် စင်ကာပူနိုင်ငံတွင် နေထိုင်ခဲ့စဉ် ဖေဖော်ဝါရီ ၅ ရက်၌ စင်ကာပူနိုင်ငံမှ ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) ဓာတ်ခွဲအတည်ပြုလူနာတစ်ဦးနှင့် အနီးကပ်ထိတွေ့ခဲ့သူဖြစ်ကြောင်း၊ အဆိုပါအမျိုးသမီးသည် ဖေဖော်ဝါရီ ၅ ရက်တွင် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာကြောင်း အကြောင်းကြားလာခဲ့ကြောင်း၊ အဆိုပါသတင်းအရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်သွယ်၍ ဖေဖော်ဝါရီ ၅ ရက်တွင် စင်ကာပူနိုင်ငံမှ ဆိုက်ရောက်လာသော လေကြောင်းလိုင်းများ၏ ခရီးသည်စာရင်းများကို စစ်ဆေးခြင်းနှင့် အဆိုပါခရီးသည်၏ Health Declaration Card ကို ရှာဖွေခြင်းတို့ ဆောင်ရွက်ခဲ့ရာ အဆိုပါ အမျိုးသမီးနေထိုင်သည့် လိပ်စာနှင့် ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များကို စုံစမ်းရှာဖွေနိုင်ခဲ့ကြောင်း။

**လက်ရှိကျန်းမာရေးပြဿနာ တစ်စုံတစ်ရာမရှိ**

အဆိုပါအမျိုးသမီးနေထိုင်သည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်သို့ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါအမျိုးသမီးတွင် လက်ရှိကျန်းမာရေးပြဿနာ တစ်စုံတစ်ရာမရှိသော်လည်း ဝေဘာဂီအထူးကုဆေးရုံတွင် ခွဲခြားထားရှိကာ အသွားအလာကန့်သတ်ထားပြီး အဆိုပါအမျိုးသမီးနှင့် အနီးကပ်ထိတွေ့ခဲ့သူများတွင်လည်း လက်ရှိကျန်းမာရေးပြဿနာ တစ်စုံတစ်ရာမရှိသော်လည်း နေအိမ်တွင်နေထိုင်စေ၍ အသွားအလာကန့်သတ်ထားကြောင်း၊ ထို့အပြင် ကျန်းမာရေးပြဿနာ တစ်စုံတစ်ရာရှိပါက ချက်ချင်းသတင်းပေးပို့ဆောင်ရွက်ရန် အသိပေးထားကာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ နေ့စဉ်ဆက်သွယ်၍ စောင့်ကြပ်ကြည့်ရှုမည်ဖြစ်ကြောင်း။

**စောင့်ကြည့်လူနာတစ်ဦးအပါအဝင် လူနာ ၁၄ ဦး**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဖေဖော်ဝါရီ ၉ ရက် ညနေ ၆ နာရီအထိ စောင့်ကြည့်လူနာတစ်ဦးအပါအဝင် လူနာ ၁၄ ဦးတို့အား ဆေးရုံများတွင် ဆက်လက်၍ စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိကြောင်း ယနေ့ ည ၈ နာရီ ၁၅ မိနစ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားပြီး ဝန်ကြီးဌာနအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) စောင့်ကြည့်လူနာနှင့် သံသယလူနာများတွေ့ရှိပါက ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

**မြန်မာ့အလင်း**

# မကွေးပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသခဲ့သောလူနာနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ ကျေးရွာတွင်နေထိုင်သည့် အသက် (၂၇ နှစ်) အရွယ် အမျိုးသမီးတစ်ဦးသည် ဖေဖော်ဝါရီ ၆ ရက်တွင် ဖျားနာခြင်း၊ အသက်ရှူကျပ်ခြင်းနှင့် မောခြင်းရောဂါလက္ခဏာများခံစားခဲ့ရပြီး တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ယနေ့ နံနက် ၃ နာရီခွဲခန့်တွင် တက်ရောက်ကုသခဲ့ရာ မကွေးပြည်သူ့ဆေးရုံကြီးသို့ နံနက် ၇ နာရီခွဲခန့်တွင် လွှဲပြောင်းညွှန်းပို့ခဲ့ကြောင်း။

**သုံးနှစ်ခန့်ရှိပြီဖြစ်**

အဆိုပါလူနာသည် ထိုင်းနိုင်ငံတွင် သုံးနှစ်ခန့်နေထိုင်ခဲ့ရာမှ လွန်ခဲ့သောနှစ်လခန့်က တောင်တွင်းကြီးမြို့နယ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းနှင့် ရောဂါရာဇဝင်ကို မေးမြန်းရာ လူနာတွင် နာတာရှည်ရောဂါဖြစ်သော အရေပြားလေးဖက်နာရောဂါ ဖြစ်ပွားနေသည်မှာ သုံးနှစ်ခန့်ရှိပြီဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံတွင် နေထိုင်စဉ်ကလည်း အဆိုပါရောဂါကြောင့် ဆေးရုံတက်ရောက်ကုသခဲ့ဖူးသော ရာဇဝင်ရှိကြောင်း စိစစ်သိရှိရကြောင်း၊ ၎င်းလူနာ ဆေးရုံသို့ရောက်ရှိချိန်တွင် သွေးပေါင်ချိန်များ ကျဆင်းလျက်ရှိပြီး လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ တွေ့ရှိခဲ့ရသဖြင့် လိုအပ်သော ကုသမှုများ ပေးနေစဉ် ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က သေဆုံးသွားကြောင်း။

**နှစ်လခန့်ကြာမြင့်ခဲ့ပြီ**

အဆိုပါလူနာ သေဆုံးခြင်းဖြစ်စဉ်ကို စုံစမ်းစစ်ဆေးရာတွင် လူနာ၏ ခရီးသွားရာဇဝင်မှာ ထိုင်းနိုင်ငံသို့သာ သွားရောက်ခဲ့ခြင်း၊ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ လာသည်မှာလည်း နှစ်လခန့် ကြာမြင့်ခဲ့ပြီဖြစ်ခြင်းကြောင့် ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ)၏ အများဆုံးရောဂါပျိုးရက်ဖြစ်သော ၁၄ ရက်ထက် ကျော်လွန်ပြီး ဖြစ်ခြင်းတို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသော ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) စောင့်ကြည့်လူနာ၏ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်းနှင့် လူနာသေဆုံးရခြင်းအကြောင်းရင်းမှာ နာတာရှည်ရောဂါဖြစ်သော သွေးလေးဖက်နာရောဂါ အခြေအနေမှာ ဆိုးရွားလာပြီး ၎င်း၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်သော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများနှင့် သွေးဆိပ်တက်ခြင်းတို့ ခံစားရကာ သေဆုံးရခြင်းဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ည ၉ နာရီအချိန် ထုတ်ပြန်ချက်အရ သိရှိရသည်။

**မြန်မာ့အလင်း**

# ကျီခါးမြို့၌ ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ကျီခါး ဖေဖော်ဝါရီ ၉**

ချင်းပြည်နယ် ကျီခါးမြို့ မြန်မာ–အိန္ဒိယနယ်စပ် ခင်မန်းကျေးရွာ၌ တရုတ်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) ကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီလကုန်ပိုင်းမှစ၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးလျက်ရှိသည်။

အဆိုပါကျေးရွာသို့ ယမန်နေ့ ညနေပိုင်းက ချင်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံ သွားရောက်၍ တာဝန်ကျကျန်းမာရေးဝန်ထမ်းများ၊ နယ်စပ်ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံကာ ကျီခါးမြို့ ကျန်းမာရေးဦးစီးဌာနမှ ဇန်နဝါရီ ၂၉ ရက်မှစတင်၍ နယ်စပ်မှ ဖြတ်သန်းသွားလာကြသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးနေမှုနှင့် နယ်စပ်ကျေးရွာ၌ နေထိုင်သူများ၏ ကျန်းမာရေး စမ်းသပ်စစ်ဆေးဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အခြေအနေများ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် နှာခေါင်းစည်းများနှင့် လိုအပ်သော စက်ပစ္စည်းများပေးအပ်ခဲ့ပြီး ဆက်လက်ဆောင်ရွက်မည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်း အစီအစဉ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှု သီးသန့်အဆောင်ထားရှိရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေး စောင့်ရှောက်မှု စစ်ဆေးဆောင်ရွက်ခြင်းကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာထန်ရှန်းခိုင်၊ ကျီခါးတိုက်နယ်ဆရာဝန် ဒေါက်တာထန်ဆန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆလိုင်းလိန်းမာန် (ပြန်/ဆက်)**



ချင်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက ကျီခါးမြို့ရှိ ကျန်းမာရေးဝန်ထမ်းများထံ နှာခေါင်းစည်းနှင့် ဆေးပစ္စည်းများ ပေးအပ်စဉ်။

ဒို့ညီနောင်ထု တည်ထောင်ပြု
ပြည်ထောင်စုနေ့ ဒို့မမေ့။

# ဖျာပုံမြို့၌ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ဂုဏ်ပြု စာပေ၊ ပန်းချီ၊ အားကစားပြိုင်ပွဲများနှင့် စာအုပ်တစ်ရာ၊ ဓာတ်ပုံတစ်ရာပြပွဲ ကျင်းပမည်

**ဖျာပုံ ဖေဖော်ဝါရီ ၉**

ဖျာပုံမြို့ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ဖျာပုံမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကျင်းပရေးကော်မတီထံမှ သိရသည်။

ဖျာပုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၀ ရက်၌ ကျောင်းပေါင်းစုံ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်း ပုံတူပန်းချီပြိုင်ပွဲကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်၌ အခြေခံပညာ အထက်တန်း၊ အလယ်တန်းအဆင့် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောပြိုင်ပွဲများကိုလည်းကောင်း ကျင်းပမည်ဖြစ်ပြီး၊ ဖေဖော်ရီ ၁၃ ရက် နံနက် ၇ နာရီ မိနစ် ၃၀ တွင် ဖျာပုံမြို့ သီရိအဏ္ဏဝါမြို့နယ်ခန်းမရှေ့၌ ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားများဖွင့်ပွဲ၊ ဂုဏ်ပြုအားကစားပြိုင်ပွဲများ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် စာအုပ်တစ်ရာ၊ ဓာတ်ပုံတစ်ရာပြပွဲ၊ ဂုဏ်ပြုဂီတဖျော်ဖြေပွဲ၊ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောပြိုင်ပွဲများမှ ပထမဆုရှင်များ၏ ပြန်လည်ဂုဏ်ပြုပြောကြားတင်ဆက်မှု၊ နိုင်ငံတော်အဆင့် ဆုတံဆိပ်များရရှိထားသည့် နေလရောင်သိုင်းအဖွဲ့၏ ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ဂုဏ်ပြု မြန်မာ့ရိုးရာသိုင်းသရုပ်ပြဖျော်ဖြေတင်ဆက်ခြင်း စသည့် အစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်သည်။

ဖျာပုံမြို့တွင် ဖေဖော်ဝါရီ ၁၃ ရက်၌ ကျင်းပမည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်လာကြမည့် ဧည့်ပရိသတ်များအား ပဲပြုတ်၊ နံပြား၊ ကော်ဖီတို့ဖြင့် ဒါနပြုဧည့်ခံမည့်အပြင် ဗိုလ်ချုပ်အောင်ဆန်းပုံပါ အမှတ်တရရင်ထိုးများကို အခမဲ့ ဝေငှပေးမည်ဖြစ်ရာ မည်သူမဆို လွတ်လပ်စွာ ဂုဏ်ပြုပါဝင်ဆင်နွှဲကြရန် ကျင်းပရေးဦးစီးကော်မတီက နှိုးဆော်ဖိတ်ခေါ်ထားကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**



# (၇၃) ကြိမ်မြောက် တနင်္သာရီတိုင်းဒေသလုံးဆိုင်ရာ မွန်အမျိုးသားနေ့ အခမ်းအနားကျင်းပ

**ကလိန်အောင် ဖေဖော်ဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ ကျွဲတလင်းကျေးရွာရှိ ဘောလုံးကွင်း၌ ဖေဖော်ဝါရီ ၉ ရက် နံနက် ၆ နာရီက (၇၃) ကြိမ်မြောက် တနင်္သာရီတိုင်းဒေသလုံးဆိုင်ရာ မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ကျောက္ကဒင်ကျေးရွာ သုမင်္ဂလကျောင်းတိုက် ဆရာတော်နှင့် သံဃာတော်များ၊ သဘာပတိကြီး နိုင်သောင်းမြင့်နှင့် တာဝန်ရှိသူတို့က (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။(အပေါ်ပုံ)

ယင်းနောက် တက်ရောက်လာသူများက မွန်အမျိုးသား အလံလွှင့်တင်၍ ကျဆုံးလေပြီးသော မွန်အမျိုးသားခေါင်းဆောင်ကြီးများအား အလေးပြုကြပြီး ကျောက္ကဒင်ကျေးရွာသုမင်္ဂလကျောင်းတိုက် ဆရာတော်က ဩဝါဒမြွက်ကြားကာ သဘာပတိကြီး နိုင်သောင်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ထားဝယ်ခရိုင် မွန်ပြည်သစ်ပါတီ (NMSP)မှ နိုင်မွန်ညတို့က လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်ထံမှ ပေးပို့သောသဝဏ်လွှာကို တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာနှင့် မွန်အမျိုးသားနေ့ အခမ်းအနား ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ နိုင်နီထွန်းတို့ကလည်းကောင်း၊ မွန်စာပေယဉ်ကျေးမှုဆိုင်ရာ စာတမ်းငယ်ကို နိုင်အောင်မျိုးခိုင်တို့ကလည်းကောင်း ဖတ်ကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၇၃) ကြိမ်မြောက် တနင်္သာရီတိုင်းဒေသလုံးဆိုင်ရာ မွန်အမျိုးသားနေ့ အခမ်းအနားဖြစ်မြောက်ရေးအတွက် ငွေလှူဒါန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကလိန်အောင် (ပြန်/ဆက်)**



ဖေဖော်ဝါရီ ၁၃ ရက်တွင် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု တည်ဆောက်ပြီးစီးမှုအခြေအနေကို ဖေဖော်ဝါရီ ၉ ရက်က မြင်တွေ့ရစဉ်။

ကိုပေါက် (ဥက္ကာမြေ)

# မြို့နယ်များတွင် (၇၃) ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားများ ကျင်းပ

## ကျိုက်ဒိုး

ကရင်ပြည်နယ် ကျိုက်ဒိုးမြို့ ဘုရားတောင်ကျေးရွာ ဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ယနေ့ နံနက် ၈ နာရီက (၇၃) ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပရာ မွန်အမျိုးသားအလံတော်ကို အလေးပြုပြီး ဆရာတော် ဘဒ္ဒန္တ ဓမ္မသာရနှင့် ဆရာတော်ကြီးများထံတွင် ဩဝါဒခံယူခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ကျိုက်ဒိုးမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇော်၊ နယ်မြေစခန်းမှူး ရဲအုပ် ထွန်းနေဦးတို့က မိမိတို့၏ တိုင်းရင်းသားစာပေ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဂုဏ်ပြုချီးမြှင့်စကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ မွန်အမျိုးသားနေ့ဖြစ်ပေါ်လာပုံကို ဆရာမင်းထွန်းလှိုင်က မွန်၊ မြန်မာ နှစ်ဘာသာဖြင့် ရှင်းလင်းပြောကြားပြီး မွန်းအမျိုးသားနေ့ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနိုင်ချစ်လွန်းက ဝမ်းသာပီတိစကားများ ပြောကြားခဲ့သည်။ အခမ်းအနားတွင် မွန်တိုင်းရင်းသားရိုးရာ အကများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သန်းထွန်းနိုင် (ပြန်/ဆက်)**

## ကျိုက်မရော

(၇၃) ကြိမ်မြောက် မွန်အမျိုးသားနေ့ အလံတင်အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးအတွင်းရှိ မဏ္ဍပ်၌ ကျင်းပရာ မွန်တိုင်းရင်းသားလူမျိုးများက မွန်အမျိုးသားအလံတော်ကို လွှင့်ထူအလေးပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ဘုရားကြီးကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော် နိုင်ငံတော်သံဃာ့ဝန်ဆောင် သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါရိန္ဒက ကြီးမှူး၍ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဆရာတော် သံဃာတော်များအား နံနက်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ ပေးပို့သော (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့သဝဏ်လွှာကို မွန်တိုင်းရင်းသားခေါင်းဆောင်တစ်ဦးက ဖတ်ကြားခဲ့သည်။ ဆက်လက်၍ မွန်အမျိုးသားနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများနှင့် မွန်တိုင်းရင်းသားရိုးရာ အကပဒေသာများ၊ မွန်ရိုးရာအစားအစာများဖြင့် ကျွေးမွေးဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

အလားတူ မွန်ပြည်နယ်အတွင်းရှိ ခေါဇာမြို့၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ စသည့် မြို့နယ်အသီးသီးတွင်လည်း (၇၃) ကြိမ်မြောက် မွန်အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ကြကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

## သထုံ

မွန်ပြည်နယ် သထုံမြို့နယ်၏ (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်ရှိ ရှင်ဥပဂုတ္တကန်တော်ရှေ့၌ ဖေဖော်ဝါရီ ၉ ရက် နံနက်က စည်ကားစွာကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်အလံနှင့် မွန်အမျိုးသားအလံတော်တို့အား တက်ရောက်လာသူများက အလေးပြုကြသည်။ ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်ထံမှ မွန်အမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို မြို့နယ်မွန်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ နိုင်တင်နွယ်က ဖတ်ကြားပြီး ဒုတိယသထုံခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွန်းဇော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီ(ဗဟို)မှ ပေးပို့သည့် သဝဏ်လွှာကို တာဝန်ရှိသူတစ်ဦးက ဖတ်ကြား၍ မွန်အမျိုးသားနေ့ ဖြစ်ပေါ်လာပုံကို မွန်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ရှင်းလင်းပြောကြားသည်။

အဆိုပါနေ့တွင် သထုံမြို့နယ်အတွင်းရှိ အသက် ၈၀ နှင့်အထက် မွန်တိုင်းရင်းသား သက်ကြီးဘိုးဘွားများအား ကျင်းပရေးကော်မတီဝင်များက လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်ခဲ့သော မွန်တိုင်းရင်းသား တိုင်းရင်းသူများအား ဆုများချီးမြှင့်ပေးကာ မွန်ယဉ်ကျေးမှုအဖွဲ့များက ယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သက်ဦး (သထုံ)**

# ဆင်သေဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လက်ဝဲလက်တံမြောင်း(၂)၌ ရေအသုံးချသူများ အဖွဲ့ ဖွဲ့စည်းဆောင်ရွက်

**တပ်ကုန်း ဖေဖော်ဝါရီ ၉**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ဆင်သေဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ကာ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါလုပ်ငန်းအတွက် လက်ဝဲတူးမြောင်းမကြီးနှင့် လက်ဝဲလက်တံမြောင်း (၁) မှ လက်တံမြောင်း (၅)အထိ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ အဆင့်မြှင့်တင်ပြုပြင်ရာ၌ လက်ဝဲလက်တံမြောင်း(၂)တွင် ရေအသုံးချသူများအဖွဲ့များကို ဇန်နဝါရီလကုန်ပိုင်းမှစတင်ကာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် NIPPON KOEI Co., Ltd တို့မှ ရေပေးပွဲနှင့်အလိုက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး အလျားပေ ၁၆၆၈၀ ရှိသော မြေသားတူးမြောင်းပေါ်တွင် ရေအသုံးချသူများအဖွဲ့ ၂၁ ဖွဲ့စည်းပါဝင်ကြောင်း၊ ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခြင်းဖြင့် လယ်ကြားမြောင်းများ စုပေါင်းတူးဖော်ပြီး ကွက်ဆင့်သောက်စနစ်မှ လယ်ကြားမြောင်းဖြင့် ရေကိုအလှည့်ကျရယူနိုင်သည့်အတွက် ရေလေလွင့်ဆုံးရှုံးမှုနည်းပါးကာ စိုက်ပျိုးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဖွဲ့စည်းခြင်းဖြင့် ပူးပေါင်းပါဝင်ဆည်ရေစီမံခန့်ခွဲမှုစနစ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် စိုက်ပျိုးထုတ်ကုန်များ ပိုမိုထွက်ရှိနိုင်သဖြင့် တောင်သူလယ်သမားများ၏ တစ်ဦးချင်းဝင်ငွေတိုးတက်မည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

**မောင်မွေး**

# ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် အနုပညာစကားဝိုင်း(၁)

## ဟန်ဇင်လှိုင်

**တောင်တန်းဒေသနှင့် ပြည်မပူးပေါင်း၍ လွတ်လပ်ရေးကို အတူတကွရယူကြရန် သဘောတူညီပြီး ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့ကြသည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်ကို ပြည်ထောင်စုနေ့ဟု သတ်မှတ်ခဲ့ကြသည်။ ပြည်ထောင်စုနေ့သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အရေးပါသည့် နေ့ထူးနေ့မြတ်တစ်ခုလည်း ဖြစ်ပါသည်။ တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံ အဓွန့်ရှည် တည်တံ့စေရန်နှင့် တိုင်းရင်းသားများ စည်းလုံးချစ်ကြည်စွာ အတူတကွ စုစည်းနေကြရန်အတွက် ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်လှပါသည်။**



ပြည်ထောင်စုမြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် ကဗျာဆရာများကလည်း ၎င်းတို့၏ ရင်တွင်းခံစားချက် အနုပညာများဖြင့် ကဗျာများ ရေးစပ်သီကုံးပြီး တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်လျက်ရှိကြပါသည်။

ပြည်ထောင်စုနေ့ ဂုဏ်ပြုအထူးအစီအစဉ်အဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် အနုပညာခေါင်းစဉ်ဖြင့် စကားဝိုင်းအစီအစဉ်(ပထမပိုင်း)တွင် အစီအစဉ်မှူး မနီတာနှင့်အတူ ကိုလေး(အင်းဝဂုဏ်ရည်)၊ မုံရွာအောင်ရှင်၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မောင်လင်းရိပ်တို့က ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ရေးစပ်ထားသော ကဗျာများဖြစ်သည့် အိမ်၊ ပြည်တွင်းစစ်ကြီး ပြီးသွားပြီ၊ ကျိန်စာသင့် မြေစာပင်များ၊ အတူတူအမျှမျှ၊ စစ်မဲ့လုလင်တို့နှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးခဲ့သည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**အစီအစဉ်မှူး မနီတာ။ ။ ဒီနေ့ ဒီစကားဝိုင်းလေးကို အိမ်ဆိုတဲ့ကဗျာလေးနဲ့ စပြီးတော့ ဖွင့်ပါရစေ။**

ဆူပွက်လို့
ပူညံ့လို့
ဖခင်က ခပ်တေတေ
မိခင်က ခပ်ပေပေ
ဝင်ငွေက ခပ်ထွေထွေ။
လိုဘတွေနဲ့
လိုအပ်နေတာတွေနဲ့
လိုအင်တွေနဲ့
သားတို့သမီးတို့
ရှင်လို့မှမလန်း
ကြမ်းတမ်းခက်ထန်။
အဖြေဘာလဲ
အဖြေဘာလဲ
ကဲ ထကြစို့
ပုဆိုးကိုပြင်ပြီး
ထဘီကို တင်းတင်းစည်းပါ
လာသွားမယ်
သာယာဘဝ
ထကြစို့
အိမ်ကိုထူဖို့ ထကြစို့။

ကျွန်မတို့နေတဲ့ ဟောဒီနိုင်ငံတော်ကြီးဟာ ဖျားနာနေပါတယ်။ ဒီနာတာရှည်နိုင်ငံတော်ကြီး နာလန်ထူဖို့၊ ကျန်းမာဖို့၊ ရှင်သန်ကြီးထွားဖို့ကို ကျွန်မတို့တွေဟာ အင်မတန်ကို လိုလားခဲ့တာပါ။ ကျွန်မတို့ နိုင်ငံတော်ကြီး ကျန်းမာဖို့ဆိုတာ ဟောဒီနိုင်ငံတော်ကြီးအတွင်းမှာ အတူတကွနေထိုင်ကြတဲ့ ညီအစ်ကိုမောင်နှမတွေရဲ့ တစ်ဦးအပေါ် တစ်ဦးထားတဲ့ မေတ္တာ၊ တစ်ဦးကို တစ်ဦး နားလည်စာနာတတ်မှုတွေဟာ အလွန်ကိုအရေးကြီးပါတယ်။

ကျွန်မတို့နိုင်ငံတော်ကြီး ထူမတ်ဖို့၊ ကျွန်မတို့ချစ်တဲ့ နိုင်ငံတော်ကြီးရှင်သန်ဖို့ အဲဒီအတွက် ထားရှိရမယ့် ညီအစ်ကိုမောင်နှမတွေရဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ငြိမ်းချမ်းရေး သဘောတရားတွေကို ဆရာကြီး ဦးကိုလေးက ပြောကြားပေးပါဦးရှင်။

**ကိုလေး(အင်းဝဂုဏ်ရည်)** ။ ။ကျွန်တော် အင်မတန်မာနကြီးတယ်။လက်မနှစ်ချောင်း ကော့နေအောင်ထောင်ပြီး မာနကြီးပါတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ ကျွန်တော် အင်းဝသားမို့ပါ။ ဥပမာ– မိုးဦးကာလ "ချောင်းကျပြီဆိုလျှင် ပန်းလောင်ကြောမှာ ပိန်းကော လှေငယ်ရှင်"။ ကျွန်တော်ပန်းလောင်ချောင်းထဲမှာ ရေချိုးခဲ့တဲ့ကောင်၊ ပန်းလောင်က ရေပါးပါးလေးရယ်။ အဲဒီတော့ ပိန်းကောဆိုတာ ရေစူးမရှိတဲ့ Flat Bottom ခေါ်တယ်ပေါ့။ အဲဒီဟာကြီးကို သစ်လုံးကြီးကို ထွင်းထားတာ။ နောက်တစ်ခု

ကေသာထုံးပြီး
သမီးမက
ရည်ရပင်ထွက်
လှသည့်ရွက်ကို
စုံမက်မြတ်လေး
မယ့်လက်ရေး၍ …။

ထန်းပင်ဖြစ်ပေါ်လာပုံ အဆင့်ခြောက်ဆင့်ရှိတယ်။ တစ်က ထန်းသီးကနေပြီးတော့ အပင်လေးပေါက်လာတာ၊ ကြက်တူရွေးမြီးလေးနဲ့တူလို့ ကြေးမြီးလို့ခေါ်တာ ပထမအဆင့်၊ နောက်အလက်ကလေးတွေ မျှော်ပြီဆိုတော့ လက်မျှော်တဲ့။ တတိယက ဆင်ခြေပေါ်တဲ့၊ ထန်းအိုးလေး ပေါ်တာ အပင်လေး ဆင်ခြေထောက်ကလေးနဲ့တူတယ်။ နောက်သမီးလှတဲ့၊ နံပါတ်လေးအဆင့်က သမီးလေး ကြက်တောင်စည်းလေးနဲ့ ရပ်နေတဲ့ထန်းပင်လေး၊ နောက်ကျတော့ နံပါတ်ငါး က အရည်ရတယ်၊ ဟောဒီအပင် အရည်ရပြီး တက်တော့တဲ့၊ ဒါပေမယ့် ထန်းလက်တွေက တက်နေတယ်။ နောက်ကျမှ ပင်ထွက်တဲ့၊ နောက်နန်းတော် အိမ်တော်ဆိုတာ ပေတစ်သီးကျိုးတစ်သား အမင်္ဂလာဖြစ်တဲ့အတွက် ထန်းဖူးညွန့်ရှည်ကို သုံးတယ်။

အဲဒီတော့ ကေသာထုံးပြီး သမီးမက ကျေးမြီးရေးလို့ မရသေးဘူး။ လက်မျှော်ရေးလို့ မရသေးဘူး။ ဆင်ခြေပေါ်ရေးလို့ မရသေးဘူး။ သမီးလှရေးလို့ မရသေးဘူး။ နုသေးတယ်။ ဒါကြောင့်မို့လို့ ရေရနဲ့ ပင်တက်က လှသည့်ရွက်ကိုတဲ့၊ ခြမကိုက်တဲ့အရွက်၊ ပိုးမထိုးတဲ့ အရွက်ကို စုံမက်မြတ်လေး၊ မယ့်လက်ရေး၍ဆိုတာ ကျွန်တော်တို့သိတာပေ့ါ။

ကျွန်တော်သိတာ စစ်ကိုင်းရယ်၊ အင်းဝရယ်၊ ပင်းယရယ်၊ အမရပူရရယ်၊ မန္တလေးရယ် ဒါလေးသိတာ။ ကျွန်တော် letter ဆိုတာလည်း မသိဘူး။ ဒီရေလည်း မသိဘူး။ လမုံ၊ လမဲ့၊ ကနစိုလည်း မသိဘူး။ အဲဒီမှာ ကျွန်တော့်ဆရာ ဇော်ဂျီက နပန်ရိုက်ပြီးတော့ မျက်လုံးဖွင့်ပေးလိုက်တာ၊ ဆရာ့ဆီ ပြေးပြီး ကန်တော့ရတာပဲ။ ကျွန်တော်တို့ ညီအစ်ကိုတွေဟာ ကျွန်တော်တို့ထက် ကဗျာဉာဏ် မညံ့ဘူး။ ကျွန်တော်တို့ထက် စကားလုံးရွေးချယ်မှု မညံ့ဘူး။ ကျွန်တော်တို့ရဲ့ အတွေးလောက်မညံ့ဘူး။ ကျွန်တော် ခနုတိုက်တေးကြည့်တော့ သူ့ပေါင်မှာငှါကျားရုပ် သူ့ပေါင်မှာ ငှါကျားရုပ် ငါသနားလို့ ငှားလိုက်တယ်။ ကောင်းလိုက်တာလို့၊ ခနုတွေဆိုတာ။ နောက်တစ်ခါ ဂျူး ဟိုတစ်နေ့က နောက်ဆုံးရေးတဲ့ ဝတ္ထု ပုဆိုးဖြူမှန်ကူကွက် မနက်လည်းခြုံ ညလည်းခြုံ ခြုံနေရက်နဲ့ ချမ်းလေခြင်း၊ မိန့်မောင် မနက်လည်းဆုံ ညလည်းဆုံ ဆုံနေရက်နဲ့ လွမ်းနေခြင်း။ ဆုံနေရက်နဲ့ လွမ်းနေခြင်းက ခနုတေးလို့ မဂျူးရလို့၊ သူတို့ မြင်နေတာက မျဉ်းမတ်တွေနဲ့ မျဉ်းဖြောင့်တွေ မြင်ရတာ၊ မျဉ်းကွေးနဲ့ကို မကဘူးလို့၊ သူတို့ မျဉ်းမတ်တွေနဲ့ ကတာ၊ ငါတို့ ဗမာလို ကနုလက်နဲ့ မကဘူး။ သူတို့က ငှက်ကြီးတွေ ပျံတာလည်း ပါသွားရော။ သူတို့ ယဉ်ကျေးမှုက တော်တော်ကောင်းတာပဲ။ ကချင်မနောအကတွေ၊ ချင်းက အမဲလိုက် အကတွေ၊ ဆိုတော့ ကျွန်တော်တို့က ပြည်ထောင်စုကြီး လုပ်ချင်တာ၊ ကျွန်တော်တို့က တစ်ယောက်အကြောင်း တစ်ယောက် မသိတာဆိုတော့ သိအောင်လုပ်ကြရမယ် ဆိုတာကို ကျွန်တော် ဉာဏ်အလင်း ပွင့်သွားတယ်။ ဒီပြည်ထောင်စု စုစည်းမှုဟာ တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ ဆိုတာ ကြိုးစားရဦးမှာပါ။ ကျွန်တော်တို့ ကဗျာဆရာတွေက အဲဒီ ပြည်ထောင်စုကြီး ဖြစ်လာအောင် ကျွန်တော်တို့ ညီအစ်ကိုတွေ တစ်ယောက်အကြောင်း တစ်ယောက် သိအောင် ဆွဲဆောင်ဖို့ အချိန်ကျပြီလို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ အခုလို ပညာ၊ သဘာ၊ မေတ္တာ တရားတွေနဲ့ မီးမောင်းထိုးပြတဲ့ ဆရာကြီးကို ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့ ဆရာမုံရွာအောင်ရှင်ကလည်း ဆရာ့ရဲ့ ရှုထောင့်ကနေ ပြောပြပေးပါဦး။**

**မုံရွာအောင်ရှင်** ။ ။ ဆရာဦးကိုလေးက တိုင်းရင်းသား ကဗျာတွေ ရွတ်ပြီး ရှင်းသွားတာ သဘောကျပါတယ်။ ကျွန်တော်ကတော့ လွတ်လပ်ရေးရပြီး ကာလနောက်ပိုင်းတွေမှာ ဖြတ်သန်းရတဲ့ စစ်နဲ့ ငြိမ်းချမ်းရေးဆိုတဲ့ ဇာတ်လမ်းရှည်ကြီး၊ ဒီဇာတ်လမ်းကြီးဟာ ခုထက်ထိ အခန်းဆက် ဇာတ်လမ်းရှည်ကြီး ရှိနေတုန်းပဲ။ ကျွန်တော်တို့နိုင်ငံမှာ တခြားနိုင်ငံနဲ့ မတူတဲ့ ထူးခြားချက်က ကျွန်တော်တို့က တိုင်းရင်းသားတွေအကြောင်း ပြောကြမယ်၊ ကိုယ့်တိုင်းရင်းသား မျိုးနွယ်စုအကြောင်း ပြောကြမယ်ဆိုရင် အဲဒါတစ်ခုတည်းနဲ့ မပြီးတော့ဘူး။ ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခအကြောင်း ပါလာတယ်။ ငြိမ်းချမ်းရေးအကြောင်းတွေ ပါလာတယ်။ တစ်စုံဖြစ်သွားတယ်။

တစ်ဖက်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့၊ ငြိမ်းချမ်းရေးတို့၊ ဒီမိုကရေစီဖက်ဒရယ်ထူထောင်ရေးတို့ ဒါလည်း တစ်စုံပဲ။ လက်နက်ကိုင် ပဋိပက္ခ၊ ငြိမ်းချမ်းရေးနဲ့ တိုင်းရင်းမျိုးနွယ်စုတွေအကြောင်း ပြောတဲ့အခါကျတော့ စောစောက ပြောသလိုပဲ စာပေအနုပညာအကြောင်းတွေလည်း ပါလာတယ်။ ဘာကြောင့် ပါလာသလဲဆိုတော့ ကျွန်တော်တို့က ဇာတ်လမ်းရှည်ကြီးထဲမှာ ကျင်လည်ကြရတာကိုး။ ကျွန်တော် မှတ်မိပါတယ်။ ဆရာ မြို့မငြိမ်းရေးတဲ့ ငြိမ်းချမ်းရေးသည် ပျားသကာဆိုတဲ့ သီချင်းတွေ။ သီချင်းရေးဆရာ ရုပ်ရှင်မင်းသား ကိုမြတ်လေးရေးတဲ့ ငြိမ်းချမ်းရေးသည် အပေါင်းလက္ခဏာ သီချင်းတွေ။ တိုင်းရင်းသားတွေနဲ့ ပတ်သက်လို့လည်း ပန်းတိုင်းပွင့်ပါစေ၊ ရုပ်ရှင်အနေနဲ့ဆို ပင်လုံထိပ်ထားဦးတို့လို၊ ဒါတွေက တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့ တကယ့်နာမည်ကြီးခဲ့တဲ့ ကျွန်တော်တို့ လူငယ်ဘဝက အလွန်စွဲမက်ခဲ့တဲ့ အနုပညာလက်ရာတွေပါပဲ။

အခု ဒီဘက်နောက်ပိုင်းကျတော့ မနေ့တစ်နေ့ကပဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ပြီး မိန့်ခွန်းပြောခဲ့တဲ့ သွေးချင်းတို့ရဲ့ ပွဲတော်လိုဟာမျိုး။ ဒါတွေဟာ တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ စာပေ၊ အနုပညာနဲ့ ယဉ်ကျေးမှုတွေကို တစ်ဖက်က ဖော်ထုတ်သလိုပဲ အဲဒါနဲ့ တစ်ဆက်တည်း တစ်ဖက်ကလည်းပဲ ငြိမ်းချမ်းရေးကို ရအောင်လုပ်ကြရမယ်။ ဒီနှစ်ခုဟာ ဆက်စပ်နေတဲ့ အခါကျတော့ ဒီနှစ်ခုစလုံးကိုပဲ အဓိကထားပြီး ဆွေးနွေးကြရတာ ဖြစ်ပါတယ်။

နောက်တစ်ခါ ထပ်ပြီးတော့ ကျွန်တော်သတိထားမိတာရှိတယ်။ ဒီကနေ့ ကျွန်တော်တို့က ငြိမ်းချမ်းရေးအကြောင်း ပြောတယ်။ စစ်ပွဲတွေအကြောင်း ပြောတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောဖူးတယ်။ စစ်ဆိုတာ ငြိမ်းချမ်းရေး ကြိုးဝိုင်းထဲမှာ အသတ်ခံလိုက်ရတဲ့ သားကောင်လိုပဲလို့ ပြောဖူးတယ်။ အဲဒါလည်း အမှန်ပါပဲ။ တကယ်တမ်းကျတော့ စစ်ပွဲတွေ၊ လက်နက်ကိုင် ပဋိပက္ခတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးရေးနဲ့ သာယာဝပြောရေးကိုအဟောသိကံဖြစ်အောင် လုပ်နေတာလို့ ပြောလို့ရပါတယ်။

အဲဒါကြောင့် ကျွန်တော့်မိတ်ဆွေတစ်ယောက် တစ်ခါတုန်းကပြောသလို သူက ငြိမ်းချမ်းရေးဆွေးနွေးပွဲ နိုင်ငံခြား ခရီးစဉ်လေ့လာရေးခရီးသွားရင်း ပိုစတာတစ်ခုမှာ ဘာတွေ့ခဲ့သလဲဆိုရင် စစ်ပွဲကိုအနိုင်တိုက်တဲ့ ဗိုလ်ချုပ်တွေ တို့မလိုချင်ဘူးတဲ့။ ငြိမ်းချမ်းရေးကို အနိုင်တိုက်တဲ့ဗိုလ်ချုပ်တွေပဲ တို့လိုချင်တယ်ဆိုတဲ့ ဆောင်ပုဒ်လေးတစ်ခု ကြားလာရတယ်။ သူ့ရင်ထဲမှာလည်း ထိခိုက်လာရတယ်။ အခုလည်း အဲဒီလိုပါပဲ။ ကျွန်တော်တို့နိုင်ငံမှာ စစ်ပွဲကိုအနိုင် တိုက်တဲ့လူတွေထက် ငြိမ်းချမ်းရေးကို အနိုင်တိုက်တဲ့ သတ္တိရှိတဲ့၊ အမြော်အမြင်ကြီးတဲ့၊ ကိုယ်ကျိုးစီးပွားနဲ့ ပတ်သက်ပြီးတော့ ချင့်ချိန်နိုင်တဲ့ ဗိုလ်ချုပ်တွေလိုတယ်။

ထို့အတူပဲ ဒီစစ်ပွဲတွေကိုရပ်အောင် လုပ်နိုင်တဲ့၊ ငြိမ်းချမ်းရေးရအောင် လုပ်နိုင်တဲ့ ပြည်သူလူထုနဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေအားလုံး လိုတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ ကျွန်တော် စွဲမက်တဲ့ ကဗျာတစ်ပုဒ်ရွတ်ချင်ပါတယ်။ ကျွန်တော့်ကဗျာ မဟုတ်ပါဘူး။ ကဗျာရေးတာက လူငယ်တစ်ယောက်ဖြစ်တဲ့ မောင်မြတ်သူပါ။ သူ့ကဗျာခေါင်းစဉ်က ပြည်တွင်းစစ်ကြီး ပြီးသွားပြီ။ ပြည်တွင်းစစ်ပြီးသွားရင် ပြည်တွင်းစစ်ကာလ အတွင်းမှာ ရုန်းကန်ကြရတဲ့၊ ခံစားကြရတဲ့ ကလေးတစ်ယောက်ရဲ့ ခံစားချက်ကို သူကရေးထားတာပါပဲ။ အဲဒါလေးကို ကျွန်တော်ရွတ်ချင်ပါတယ်။

ပြည်တွင်းစစ်ကြီး ပြီးသွားရင်
အိမ်ကို ပြန်လာမယ်
ကျည်ဆန်တွေကို အရည်ကျိုပြီး
ဘုရားပန်းအိုးလုပ်မယ်။

*စာမျက်နှာ ၁၁ သို့*

# သီပေါမြို့၌ ရှမ်းပြည်နယ်နေ့အခမ်းအနား ကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်လုံးဆိုင်ရာ (၇၃) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မြို့ကျက်သရေဆောင်ခန်းမ၌ကျင်းပရာ ကျေးရွာအုပ်စု (၂၁) အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်တို့မှ ဒေသခံတိုင်းရင်းသား ပြည်သူများ ရိုးရာယဉ်ကျေးမှုအိုးစည်ဗုံမောင်းအကများဖြင့် ပျော်ရွှင်စွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ ရှမ်းအမျိုးသားဦးစိုင်းသာလှိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော် သမ္မတဦးဝင်းမြင့်ထံမှ ပေးပို့သော (၇၃) နှစ်မြောက် ရှမ်းပြည်နယ်နေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျကလည်းကောင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၏ သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးစိုင်းထွန်းအေးက လည်းကောင်း၊ အသင်း၊ အဖွဲ့အစည်းများက ပေးပို့သော သဝဏ်လွှာကို တာဝန်ရှိသူများက လည်းကောင်း ဖတ်ကြားကြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးက ရှမ်းပြည်နယ်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် ရှမ်းပြည်နယ်နေ့မှအစပြု၍ ပြည်ထောင်စုနေ့ပေါ်ပေါက်လာပုံကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရိုးရာယဉ်ကျေးမှုအက၊ အလှပွဲများ ဖျော်ဖြေတင်ဆက်သူများကို ဂုဏ်ပြုလွှာနှင့် ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် စမ်းမာလာဥယျာဉ်အတွင်း၌ တိုင်းရင်း သားလူမျိုးစု ၁၀ စုတို့က ယဉ်ကျေးမှုပြခန်းနှင့် ရိုးရာအစားအစာများကို တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

**စိုင်း(သီပေါ)**



*စာမျက်နှာ ၁၀ မှ*

ပြည်တွင်းစစ်ကြီး ပြီးသွားရင်
ငါတို့ သေနတ်တွေ
ထွန်သွားတွေဖြစ်နေမှာ
ပြည်တွင်းစစ်ကြီး ပြီးသွားရင်
ငါတို့ ခဲမြှောင်တွေ
တူတွေအသွင်ပြောင်းသွားမှာ
ပြည်တွင်းစစ်ကြီး ပြီးသွားရင်
ငါ့ယူနီဖောင်းအဟောင်းမှာ
စက်သုတ်ဆီနဲ့ ပေနေပါလိမ့်မယ်
ငါ့ အိပ်မက်တွေကတော့
ကြောက်လန့်ခြင်းတွေ ဝေးပြီး
သန့်စင်နေလိမ့်မယ်
ပြည်တွင်းစစ်ကြီး ပြီးသွားရင်
ကွဲကွာနေတဲ့ ငါတို့ အမျိုးတွေ
ပြန်ဆုံစည်းကြမယ်
စစ်ချီတေးတွေကို သရော်လို့
ခေါင်ရည်သောက်ပွဲ ကျင်းပမယ်
ပြည်တွင်းစစ်ကြီး ပြီးသွားရင်
ရန်ကုန်ဟာ ပါရီထက် သာလိမ့်မယ်
ငါတို့ရဲ့ ပျော်ရွှင်မှုတွေနဲ့
ငါတို့ရဲ့ ယဉ်ကျေးမှုတွေနဲ့
ပြည်တွင်းစစ်ကြီး ပြီးသွားရင်
ငါ့အမေရဲ့ လက်မောင်းပေါ်မှာ
ခေါင်းအုံးပြီး
ပြည်တွင်းစစ်ဆိုတာ မရှိကြောင်း ကဗျာရွတ်မယ်
ပြည်တွင်းစစ်ကြီး ပြီးသွားရင်
ဒုက္ခသည်စခန်းနေရာမှာ
ပန်းခင်းတွေ ပွင့်လာလိမ့်မယ်။

ဒီလောက်ပါပဲ၊ ကျေးဇူးတင်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဟုတ်ကဲ့ပါ ဆရာ။ ငြိမ်းချမ်းရေးကို အနိုင်တိုက်နိုင်တဲ့ ဗိုလ်ချုပ်ကြီး ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။ ဆရာ့ကိုလည်း ကျေးဇူးတင်ပါတယ်။ အခုတစ်ခါ ဆရာ မောင်စိန်ဝင်း (ပုတီးကုန်း) ရဲ့ ခံစားချက်ကို ကြားချင်ပါတယ်။**

**မောင်စိန်ဝင်း(ပုတီးကုန်း) ။** ။ ကျွန်တော် ဒီနေ့ စဉ်းစားထားတာကတော့ ကျွန်တော်ရေးဖြစ်တဲ့ကဗျာလေး နှစ်ပုဒ်ပါ။ ဒါပေမယ့် ပြောရမယ်ဆိုရင် ဒီခေါင်းစဉ်နဲ့ လျော်ညီတဲ့ ကျွန်တော်ရေးဖြစ်တဲ့ ကဗျာနှစ်ပုဒ်ကိုပြောဖို့ စဉ်းစားပါတယ်။ ပထမတစ်ပုဒ်ရေးပေးဖို့ သန္ဓေတည်တာကတော့ ကျွန်တော်တို့လွတ်လပ်ရေးကျောက်တိုင်မှာ ရေးထားတဲ့ သစ္စာဓိဋ္ဌာန် (၉) ချက်ရှိပါတယ်။ အဲဒီ (၉) ချက်ထဲက ၃ ပိုဒ်မှာ နံပါတ်တစ်အရေးကြီးဆုံးက ဘာရေးထားသလဲဆိုတော့ လွတ်လပ်ပြီးရင် နိုင်ငံတော်ကို ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်အတိုင်း အုပ်ချုပ်မယ်လို့ ရေးထားတယ်။ အတိအကျတော့မဟုတ်ဘူး။ အဲဒီအတိုင်းပဲ ရေးထားတယ်။ နံပါတ် (၄) မှာတော့ ဗိုလ်ချုပ်ချမှတ်ခဲ့တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မပျောက်ပျက်အောင် ထိန်းသိမ်းပါမယ်လို့ ရေးထားပါတယ်။

နံပါတ်(၅)က တစ်နိုင်ငံလုံးမှာရှိတဲ့ လူမျိုးဘာသာမရွေး တစ်ပြေးညီ ခံစားခွင့်တွေရအောင် လုပ်မယ်လို့ ရေးထားတယ်။ ကျွန်တော်စဉ်းစားမိတာက ပြည်တွင်းစစ်တွေ ဘာလို့ဖြစ်နေသလဲဆိုတော့ အဲဒီသုံးချက်ကို အကောင်အထည် မဖော်နိုင်လို့လို့ ကျွန်တော်စပြီး တွေးမိပါတယ်။ အဲဒီ သုံးချက်အတိုင်းသာ အကောင်အထည်ဖော်နိုင်ရင် ကျွန်တော်တို့ ပြည်တွင်းစစ်တွေ ရှိမှာမဟုတ်ဘူးလို့ ကျွန်တော်စပြီး တွေးမိပါတယ်။

ကျွန်တော်နောက်ဆက်တွဲ သွားသိတာက ကျွန်တော်လည်း အဲဒါကိုဖတ်ပြီးတော့ ဗိုလ်ချုပ်လမ်းစဉ်က ဘာလဲဆိုတာ မသိဘူးဗျ။ မသိဘူး။ ဖတ်ရင်းဖတ်ရင်း နောက်တော့ ဘာသွားတွေ့လိုက်လဲဆိုတော့ ခုနှစ်တော့ ကျွန်တော် မှတ်မိဘူး။ နိုင်ငံ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပြောသွားတဲ့စကားဗျ။ အများကြီးပါ။ အဲဒီထဲကနေ ဗိုလ်ချုပ်လမ်းစဉ်ဆိုပြီး ပြောသွားတဲ့စကားဗျ။ အဲဒီထဲကနေ ဗိုလ်ချုပ်လမ်းစဉ်ဆိုတာကို ပြောသွားတယ်။ "ဗိုလ်ချုပ်လမ်းစဉ်ဆိုတာ ရှင်းရှင်းလေးပဲတဲ့။ ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်နဲ့ လူမျိုးအတွက်ပဲကြည့်တယ်။ အဲဒီတိုင်းပြည်နဲ့ လူမျိုးအတွက် ကောင်းတဲ့လမ်းစဉ်ကို စဉ်းစားပြီးချမှတ်တယ်။ အဲဒါက ဗိုလ်ချုပ်လမ်းစဉ်ပဲ။ သူ့ရဲ့အားသာချက်က ဒီနေ့ ဒီလမ်းစဉ်ကောင်းတယ်လို့ သတ်မှတ်ပေမယ့် မနက်ဖြန် ဒီထက်ကောင်းတဲ့လမ်းစဉ်ရှိမယ်ဆိုရင် ပြုပြင်ပြောင်းလဲရဲတဲ့သတ္တိ ဗိုလ်ချုပ်မှာရှိတယ်တဲ့။ အဲဒီတော့ နိုင်ငံအတွက်၊ လူမျိုးအတွက် ဘာပိုကောင်းသလဲ၊ ကောင်းတာကို လုပ်ချင်စိတ်နဲ့ ပြောင်းလဲချင်စိတ်ရှိတဲ့ဟာ အဲဒါဗိုလ်ချုပ်လမ်းစဉ်ပဲတဲ့။" အဲဒီတော့ ပြန်ချုပ်လိုက်မယ်ဆိုရင် ဘာဖြစ်လို့ ပြည်တွင်းစစ်တွေ ဖြစ်နေတာလဲ၊ ဘာလို့တိုင်းရင်းသား မညီညွတ်တာလဲဆိုရင် အဲဒီ သုံးချက် ဗိုလ်ချုပ်လမ်းစဉ်နဲ့ မပြောင်းရဲ၊ မလဲရဲဘူး။ အဲဒါတွေကနေ ဆက်ပြီးတွေးလိုက်တော့ အဲဒါတွေရဲ့အချုပ်က အကြောက်တရားပဲ။ ကျွန်တော်တို့ ကြောက်တယ်ဗျ။

ကြောက်တယ်ဆိုတာက ကျွန်တော်တို့ပြည်သူကြောက်တာနဲ့မတူဘူး။ အာဏာဆုပ်ကိုင်ထားတဲ့သူတွေရဲ့ အကြောက်တရားက နှစ်ချက်တည်းပဲဗျ။ အာဏာကို လက်မလွှတ်နိုင်တာနဲ့ ရထားတဲ့စည်းစိမ်ဥစ္စာကို လက်မလွှတ်နိုင်တဲ့အကြောက်တရား။ အဲဒီအကြောက်တရားနှစ်ချက်က ခုနက သုံးချက်ကို မလုပ်ဖြစ်အောင် လွှမ်းမိုးထားတယ်လို့ ကျွန်တော် အဲဒီလို ယုံကြည်သွားတယ်။ အဲဒီမှာ ကျွန်တော်ကဗျာမရေးဖြစ်သေးဘူး။

ကျွန်တော်ဟောပြောပွဲသွားတော့ မြစ်ကြီးနားက ဒုက္ခသည်စခန်းတွေရောက်တယ်။ အဲဒီမှာ သေတော့မယ့် ကလေးလေးနဲ့ ကျွန်တော်တို့ကို မိတ်ဆက်ပေးတယ်။ မိတ်ဆက်ပေးတယ်ဆိုတာ သူက Camp တာဝန်ခံက ရှင်းပြတယ်။ ဒီကလေးလေးက စစ်ဖြစ်တဲ့ရွာက တစ်ရွာလုံး မီးလောင်သွားတယ်။ အဲဒီရွာထိပ်က ကျောင်းလည်းပျက်သွားတယ်။ ကျောင်းထဲကပြေးထွက်လာတဲ့ကလေးကို ရွာထဲကပြေးထွက်လာတဲ့ မိဘက ပွေ့ချီပြီးတော့ တောထဲကိုထွက်ပြေးတာ လမ်းမှာ ဗုံးကိုနင်းမိတယ်ဗျ။ ဗုံးကိုနင်းမိတော့ အဲဒီမိသားစုအကုန်သေသွားတယ်။ ကလေးလေးက အပေါ်ကိုလွင့်ပြီး အောက်ကရေထဲကို ပြန်ကျတယ်၊ မသေဘူး။ အခုအဲဒီကလေးလေးက သေတော့မယ်။ အဲဒီကလေးလေးအကြောင်းကို ပြောပြတယ်၊ ပြောပြတော့ ကျွန်တော်တို့၊ ဆရာဇော်ဂျီတို့ ဖော်မြူလာအရဆိုရင် ရင်ထဲမှာ ပတ်ဝန်းကျင်ကပေးတဲ့ ဝေဒနာစလာပြီ။

ကဗျာဆရာတစ်ယောက်အနေနဲ့ ကဗျာရေးချင်လာပြီ။ အဲဒီမှာ နောက်ဆုံး ကျွန်တော်တွေးမိတာက အဲဒီကလေးလေး သေခါနီးမှာ ဘာတွေးမလဲ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဆိုရင် ဇော (၇)တန်တွေ ဆိုက်တဲ့အချိန်ပါ။ သူ့မှာတွေးတာတွေ ရှိလာလိမ့်မယ်။ အဲဒီတွေးတာက ဘယ်လိုတွေးမလဲလို့ စဉ်းစားရင်း အဲဒီကလေးတွေးတဲ့ အတွေးက ကျွန်တော်ပြောတဲ့ အကြောက်တရား၊ အဲဒါနဲ့ပြန်ချိတ်ပြီးတော့ ကျွန်တော်ကဗျာတစ်ပုဒ်ရပါတယ်။ အဲဒီကဗျာလေး ကျွန်တော်ရွတ်ပြပါရစေ။

### ကျိန်စာသင့် မြေစာပင်များ

( ၁ )

ဒုက္ခသည် စခန်းမှာ
ဝေဒနာနဲ့မိန်းမော မေ့မြော အဆိပ်တက်
အိပ်မက်တွေလို ပြန်မြင်သည် ...

( ၂ )

မီးလောင်ပြာကျ ၊ ရွာက စာသင်ကျောင်း
အလောင်းတွေ ပြန့်ကျဲ လင်းတဝဲလို့
ရွာထဲ စစ်တလင်း ဖြစ်ခဲ့ပုံ....

( ၃ )

ခေါင်းလောင်းသံအစား သေနတ်သံတွေ ကြားရ
ပန်းနံ့ကမသင်း နှင်းနံ့ကမဝေ
ယမ်းနံ့တွေကြား ပြေးရင်းလွှားရင်း
အသက်လုခဲ့ရပုံ ...

( ၄ )

အော်သံ ဟစ်သံ ကျည်ဆန်တရွှီရွှီ
ခေါင်းပေါ်မြည်ဝဲ သွေးအိုင်ထဲမှာ
လဲကျကျန်နေ အမေနဲ့ညီမလေး
ပြေးမပွေ့သာ အဖေ ဘယ်မှာလဲ
တစ်ယောက်ထဲ အထီးကျန်
ဒဏ်ရာဗရပွနဲ့
ဒုက္ခသည်စခန်း ရောက်ခဲ့ရပုံ ...

( ၅ )

နောင်ဘဝ အဆက်ဆက်
" ကျောက်စိမ်း" နဲ့ " သစ် " မထွက်တဲ့ ဒေသ၌သာ
လူဖြစ်ခွင့်ရလာအောင် စောင်မတော်မူစေလို
အို...... အို...... အို ...... ဘုရားသခင် ။

ကျွန်တော်ပြောချင်တဲ့ မက်ချ်ဆေ့က အဲဒီအကြောက်တရားပါပဲ။ အဲဒီ ကျောက်စိမ်းနဲ့ သစ်တွေကို လက်မလွှတ်ရဲတဲ့ အကြောက်တရားကြောင့် အဲဒီနယ်မှာ ပြည်တွင်းစစ်တွေ ဖြစ်တယ်ဆိုတဲ့ ကောက်ချက်မျိုး ကျွန်တော်ချချင်ပါတယ်။ ဒါက ပထမ ကျွန်တော်ရွတ်ချင်တဲ့ကဗျာပါ။

**အစီအစဉ်မှူး။ ။ ဆရာပြောသလို အကြောက်တရားတွေ ကင်းဝေးပါစေလို့ ကျွန်မဆုတောင်းရင်း ဆရာ့ကို ကျေးဇူးတင်ပါတယ်ရှင်။ ဆရာ မောင်လင်းရိပ်ရဲ့ အတွေးအမြင်လေးတွေကိုလည်း ကျွန်မတို့ ကြားပါရစေရှင်။**

**ဆရာမောင်လင်းရိပ်။** ။ ပြည်ထောင်စု ငြိမ်းချမ်းရေးအကြောင်းကို စဉ်းစားတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံဟာ နှစ်(၇၀)ကျော် ညီအစ်ကိုအချင်းချင်း ပဋိပက္ခတွေဖြစ်တဲ့အခါမှာ ငြိမ်းချမ်းတဲ့နည်းနဲ့ မဖြေရှင်းနိုင်ခဲ့ပဲ သူတစ်လူ ငါတစ်မင်း လက်နက်တွေကိုင်ပြီးတော့ ကျွန်တော်တို့ စစ်ပွဲတွေကို ဖြတ်သန်းလာရတဲ့ နိုင်ငံဆိုတော့ ကျွန်တော်တို့က ပြည်ထောင်စုအကြောင်းပဲပြောပြော၊ ငြိမ်းချမ်းရေးအကြောင်းပဲပြောပြော ကျွန်တော့်စိတ်ထဲမှာ စစ်နဲ့ ငြိမ်းချမ်းရေးဆိုတဲ့ လူသားတွေရဲ့ လက်နက်နဲ့ ဖက်ပြိုင်မှုကို ရှည်ရှည်လျားလျားဖွဲ့ထားတဲ့ တော့စတွိုင်းရဲ့ဝတ္ထု၊ နောက်တစ်ခါ လက်နက်နဲ့ လူဆိုတဲ့ ဘားနပ်ရှောရဲ့ ပြဇာတ်ကိုရော ဒီအစုံအစုံတွေကို သွားပြီးတော့ သတိရတယ်။

နောက်ဆုံးကျတော့ ဘယ်မှာသွားပြီး နိဂုံးဆိုက်သလဲဆိုရင် ဆရာဇော်ဂျီရဲ့ စစ်နဲ့ လုလင်ဆိုတဲ့ ကဗျာမှာ သွားပြီးတော့ နိဂုံးဆိုက်တယ်။ အဲဒီကဗျာလေးကိုပဲ ကျွန်တော် ပြည်ထောင်စုငြိမ်းချမ်းရေးအကြောင်း ဆွေးနွေးကြတဲ့အခါမှာ အရင်ဆုံး ကျွန်တော်ဖတ်ပြချင်ပါတယ်။ ဆရာဇော်ဂျီရဲ့ စစ်နဲ့ လုလင်ဆိုတဲ့ ကဗျာပါ။

### စစ်နဲ့ လုလင်

"လွတ်လပ်ရေးဟု
ရေးဘိတ်ကုန်စင် ချင်းတွင်းဝင်သည်
လုလင်တိုက်ပွဲ ဆိုင်ခဲ့၏
တော်လှန်ရေးဟု
ရန်ကြွေးဆပ်ချင် တောခိုဝင်သည်
လုလင်သေနတ်ကိုင်ခဲ့၏
ပွဲတစ်ခုတွင် တိုက်ကင်းပြင်သော်
အရှင်လှလှ ရန်ခေါ်းပြအား
လက်ရဖမ်းလေ မှာလိုက်ချေလည်း
သေမင်းသခင် သွေးနတ်ဝင်သည်
လုလင်မထိန်းနိုင်တော့ပြီ။

ဒါကတော့ လက်နက်တွေကိုင်ခဲ့တဲ့၊ ကိုင်တဲ့အလေ့ရှိလာတဲ့အခါမှာ လူတွေရဲ့စိတ်ဓာတ်ကို ဘယ်လိုပြောင်းသွားသလဲဆိုတာကို ဆရာဇော်ဂျီ သိမ်သိမ်မွေ့မွေ့ရေးခဲ့တဲ့ ကဗျာပါ။ ဒီကဗျာဟာ ကျွန်တော်တို့ ဒီနေ့အထိ စစ်နဲ့ ဖက်ပြိုင်နေကြတဲ့ ကျွန်တော်တို့ အမျိုးသားနိုင်ငံအတွင်းက ညီနောင်သားချင်းတွေအတွက် ဆင်ခြင်မှုတစ်စုံတစ်ရာ၊ ဖြေရှင်းဖို့ နည်းလမ်းတစ်စုံတစ်ရာရမယ်လို့ ကျွန်တော်ကယူဆလို့ ဒီကဗျာကို အရင်ဆုံး ရှေ့တင်ပြီးတော့ ဖတ်ပြလိုက်တာပါ။

ကျွန်တော်တို့ ပြည်ထောင်စုဆိုတာဟာ ကျွန်တော့်စိတ်ထဲမှာတော့ ကဗျာဆရာတစ်ယောက်ရဲ့ စိတ်ထဲမှာတော့ သက်တံခုံးကြီးတစ်ခုလိုပါပဲ။ အရောင်မျိုးစုံနဲ့လှနေတဲ့ စုစုစည်းစည်းဆိုရင် လှနေမယ့် ဒါဟာ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ဖြစ်ပါတယ်။ ဒါပေမယ့် ကဗျာဆရာဆိုတာကတော့ တစာစာအော်နေရုံကလွဲပြီးတော့ ဘာမှမတတ်နိုင်ဘူးလို့ ကျွန်တော်ခံစားမိတဲ့တစ်နေ့မှာ ကျွန်တော် "အတူတူ အမျှမျှ" ဆိုတဲ့ ကဗျာတစ်ပုဒ်ရေးဖြစ်ပါတယ်။

အတူတူအမျှမျှဆိုတာ အဆင့်အတန်းအတူတူ အခွင့်အလမ်းအမျှအမျှပေါ့ခင်ဗျာ။ တကယ်လို့ ကျွန်တော်တို့ အဆင့်အတန်းတွေ တူကြမယ်၊ ကျွန်တော်တို့ရဲ့ အခွင့်အလမ်း ခံစားချက်တွေ မျှတကြမယ်ဆိုရင် ကျွန်တော်တို့ ပဋိပက္ခလည်းဖြစ်စရာ မရှိတော့ပါဘူး။ အဲဒီတော့ ကျွန်တော်အတူတူအမျှမျှဆိုတဲ့ ကဗျာကို ဖတ်ပြပါရစေ။

### အတူတူ အမျှမျှ

ကိုယ်ဟာ ပုစဉ်းရင်ကွဲတစ်ကောင်ပဲမို့
ရင်ကွဲအောင် တဒီဒီအော်မြည်ကာ ကိုယ့်အလုပ်ပဲမို့
မိုးဂကောင်းကင်က ခပ်ကွေးကွေး ကျလာဟန်
သက်တံခြေထောက်ကြီးတစ်ချောင်းဟာ
ကိုယ်နဲ့ဘာမှ မသက်ဆိုင်ဘူးလို့
အဲဒီလိုဆုံးဖြတ်လိုက်တဲ့ အခိုက်မှာပဲ
ငါ့ခြေတစ်ဖက်ဟာ
ခရမ်းရောင်တစ်ဖက်က မဲနယ်ပြာရောင်တစ်ဖက်က
အညိုရောင် တုန်ခတ်နေတဲ့ ငါ့အတွင်းတောင်ပံ
တစ်ထပ်ဟာ
လိမ္မော်ရောင် ငြိမ်သက်မရတဲ့ ဥမှင်နှစ်ချောင်းက
ဘာအဘိဓမ္မာကို စမ်းမိသလဲ
တောင်တွေက မလဲပေမယ့်
မြက်တွေက ပြတ်နေလိုက်တာ
အတုံးအရုံးကျိုးကြေနေတဲ့ မြစ်ဖျားအစွန်းတစ်ဖက်မှာ
ပန်းဝတ်ရည်တစ်စက်
ငါတို့ဟာ မုန်တိုင်းနဲ့တည့်တည့်
သက်ဆိုင်ခဲ့ရတဲ့ အတွက်
ရောင်စုံသက်တံကြီးရဲ့ဘက်မှာ ရောင်စုံမနေ့ဘတိုင်တွေ
စိုက်ခွင့်ရှိတယ်
စစ်ပွဲကင်းဆိတ်ခြင်း ကပွဲကြီးတစ်ပွဲကိုလည်း
အတူတူ အမျှမျှ
စိုက်ကြရလိမ့်မယ်။

**အစီအစဉ်မှူး။** ။ ဟုတ်ကဲ့။ ကျွန်မတို့တွေ အားလုံး ငြိမ်းချမ်းသာယာရှိကြပါစေရှင်။

# တိုင်းဒေသကြီးနှင့် ပြည်နယ် U-21 အမျိုးသား (ဘောလုံး)ပြိုင်ပွဲ ကရင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး ဗိုလ်လုပွဲယှဉ်ပြိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော တိုင်းဒေသကြီးနှင့် ပြည်နယ် U-21 အမျိုးသား(ဘောလုံး) ပြိုင်ပွဲများကို သတ်မှတ်အားကစားကွင်းများတွင် ကျင်းပသည်။



ယနေ့ နံနက် ၇ နာရီ မိနစ် ၃၀ ၌ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ(ယာပုံ) ကရင်ပြည်နယ်အသင်းက သုံးဂိုး- နှစ်ဂိုးဖြင့် လည်းကောင်း၊ ညနေ ၃ နာရီတွင် မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက သုံးဂိုး - တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

ယနေ့ ဆီမီးဖိုင်နယ်ပွဲစဉ်များအပြီး ဖေဖော်ဝါရီ ၁၀ ရက်၌ ပြိုင်ပွဲများရပ်နားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၁ ရက်တွင် တတိယလုပွဲစဉ်အဖြစ် နံနက် ၇ နာရီ မိနစ် ၃၀ ၌ မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ညနေ ၃ နာရီတွင် ဗိုလ်လုပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

---

●ကျောဖုံးမှ

(သစ္စာဝေတဂူ - ဘုန်းတော်ကြီးသင်ပညာရေးကျောင်း)တို့ကို မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က တံခွန်စိုက်ဆုဖလားများနှင့် ဆုငွေများကိုလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ မဖြိုးဖြိုး (အထက၁၈)၊ ဒုတိယဆုရ မအေးအေးအောင်(တွဲ-အလက-၂၅)၊ တတိယဆုရ နန်းရွှေရည် (အထက-၂၉)တို့အား တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက တံခွန်စိုက် ဆုဖလားများနှင့် ဆုငွေများကိုလည်းကောင်း ဆုများပေးအပ် ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် အဆင့် ၄ မှ အဆင့် ၁၀ အထိ အမျိုးသားဆု၊ အမျိုးသမီးဆုရရှိသူများ၊ အဆင့် ၁၁ မှ အဆင့် ၅၀ အထိ နှစ်သိမ့်ဆုရရှိသူများကို တိုင်းဒေသကြီး ဝန်ကြီးများ ဖြစ်ကြသည့် ဦးဇာနည်အောင်၊ ဦးမြတ်သူ၊ ဦးမျိုးသစ်၊ ဒေါက်တာဦးစိုးသန်း၊ ဦးစိုင်းပန်းဆိုင်၊ ဥပဒေချုပ်ဦးအောင်ဝင်း၊ ပိုကာရီစွက်မှ တာဝန်ရှိသူများ၊ အား/ကာသိပ္ပံကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်၊ အား/ကာ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်တို့က တစ်ဦးချင်း ဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

---

# အလှမယ်အဆိုတော်ဝိုင်းလေး၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲ ဖေဖော်ဝါရီ ၁၂ ရက်တွင် Time City ၌ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

အသံချိုချိုနှင့် ပရိသတ်နှစ်သက်အားပေးမှုကို တစ်ခဲနက်ရရှိထားသည့် အလှမယ်၊ အဆိုတော် ဝိုင်းလေးကသူ၏ တစ်ကိုယ်တော် ဖျော်ဖြေပွဲကို လာမည့်ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဝိုင်းလေးသည် ၂၀၁၄ ခုနှစ်တွင် အိပ်မက်ဆုံရာ သီချင်းဆိုပြိုင်ပွဲ၌ ပရိသတ်စတင် သတိပြုခြင်းကို ခံခဲ့ရပြီး အနုပညာလောကအတွင်း လျှောက်လှမ်းခဲ့သူဖြစ်သည်။ Miss Myanmar အလှမယ်ပြိုင်ပွဲတွင်လည်း Winner ရရှိထားသူ ဝိုင်းလေးကသူ၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲအတွက်လည်း စိတ်အားထက်သန်လျက်ရှိသည်။




"ဒီ တစ်ကိုယ်တော် ဖျော်ဖြေပွဲက ကျွန်မအတွက် ပထမဆုံးသော စွန့်စားမှုဖြစ်ပါတယ်။ ပရိသတ်တွေနဲ့ မတွေ့ရတာလည်း ကြာနေပြီဆိုတော့ ကျွန်မရဲ့ ပရိသတ်တွေနဲ့ သီးသန့်တွေ့ဆုံတဲ့ပွဲလည်း ဖြစ်ပါတယ်။ ဒီပွဲဖြစ်မြောက်လာဖို့ အဓိက တွန်းအားပေးခဲ့တာကတော့ ကျွန်မရဲ့ မိဘနှစ်ပါးပါ။ ဝိုင်းလေးက ပေါက်တဲ့ သီချင်းတွေများထားတဲ့ အဆိုတော်လည်း မဟုတ်တော့ တစ်ကိုယ်တော် ဖျော်ဖြေပွဲလုပ်တဲ့အခါ စိုးရိမ်တာမျိုး ရှိပါတယ်။ အခုအထိ ကြိုးစားနေဆဲ အဆိုတော် တစ်ယောက်ပါ။ ပွဲတွေမှာ သီဆိုဖို့ အခွင့်အရေးတွေပေးတဲ့ ကိုဝေကြီးတို့၊ ကိုဆလိုင်းတို့ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီပွဲမှာ ဝိုင်းလေးကိုယ်တိုင်ရေးထားတဲ့ သီချင်းတွေလည်း သီဆိုမှာပါ။ ကိုယ်တိုင် တီးခတ်ပြီးတော့ ကိုယ်တိုင်သီဆိုမှာ ဖြစ်ပါတယ်။ ကျန်းမာရေးအတွက် ရည်ရွယ်ပြီးတော့လည်း ပရိသတ်တွေကို နှခေါင်းစည်းတွေ ဝေပေးဖို့လည်း စီစဉ်ထားပါတယ်။ ပရိသတ်တွေက ကျွန်မအတွက် အားဆေးပါ။ ပရိသတ်တွေရဲ့ အမှတ်တရ လက်မှတ်လေးတွေလည်း ရယူသွားဖို့ရှိပါတယ်" ဟု ဝိုင်းလေးက ပြောကြားသည်။

အဆိုပါဖျော်ဖြေပွဲကို The Insp-iration ဟု အမည်ပေးထားပြီး ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၅ နာရီ၌ Time City တွင် သီဆိုဖျော်ဖြေသွားမည်ဖြစ်သည်။ အခမဲ့ဖျော်ဖြေပွဲဖြစ်ပြီး ယင်းနေ့တွင် ဝိုင်းလေး၏ ဒုတိယမြောက် တေးစီးရီးသစ် "ဝိုင်း" ဟု အမည်ရသည့် MTV ကိုလည်း စတင်မိတ်ဆက်ရောင်းချမည်ဖြစ်သည်။

**ကိုလင်း**

---

◆ကျောဖုံးမှ

မြန်မာအသင်းအနေဖြင့် အချိန်ယူပြင်ဆင်ခြင်းဖြစ်ပြီး ကစားသမားများ၏ ခြေစွမ်းကို သိရှိနိုင်ရန် ကြိုတင်လေ့ကျင့်ခြင်းဖြစ်သည်။ လာမည့်နှစ်မှ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် မြန်မာလူငယ်အသင်းကို ယူ-၂၁ ကစားသမားများဖြင့် ဖွဲ့စည်းခြင်းဖြစ်ပြီး ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့်အသင်းမှ ကစားသမားအနည်းငယ်သာ ပြန်ပါလာမည်ဖြစ်ပြီး ကစားသမားသစ်များဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာယူ-၂၁ အသင်းနည်းပြချုပ်အဖြစ် ဘူဂေးရီးယားနိုင်ငံသား ပိုပေါ့ဗ်ကို ဆက်လက်တာဝန်ပေးမည်ဖြစ်သောကြောင့် ပိုပေါ့ဗ်နှင့် လက်ထောက်နည်းပြများဖြစ်သည့် ဦးချစ်နိုင်၊ ဦးဇော်ဝင်းထွန်းတို့သည် လိဂ်ပွဲအားလုံးကို လိုက်လံကြည့်ရှုကာ ကစားသမားများ ရွေးချယ်လျက်ရှိသည်။ မြန်မာယူ-၂၁ အသင်းကို ကစားသမား ၃၀ ကျော်ဖြင့် စတင်ဖွဲ့စည်းမည်ဖြစ်ပြီး MNL ပြိုင်ပွဲရပ်နားသည့် ကာလများတွင် ကာလတိုလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ ကစားသမားများ၏ လေ့ကျင့်မှုအပေါ် မူတည်၍ အပြောင်းအလဲပြုလုပ်မည်ဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲနှင့် ပြိုင်ပွဲများယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီနှင့် နည်းပြချုပ်ပိုပေါ့ဗ် တို့ ဆက်လက် ညှိနှိုင်းမည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် နိုင်ငံတကာပြိုင်ပွဲများ လတ်တလောယှဉ်ပြိုင်ရန် မရှိသော်လည်း နှစ်ကုန်ပိုင်းတွင် ဖိတ်ခေါ်ပြိုင်ပွဲများယှဉ်ပြိုင်မည် ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၁၉ ခုနှစ်ကဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရခဲ့ပြီး ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် ကြိုတင်ပြင်ဆင်ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

---

# ပြည်ထောင်စုနေ့ အထိမ်းအမှတ် စက်ဘီးစီးနင်းသူများအဖွဲ့ ဒုတိယအကြိမ်စုပေါင်းစက်ဘီးစီးမည်

**ပင်းတယ ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ် တောင်ပိုင်းစက်ဘီးစီးနင်းသူများအဖွဲ့နှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မှစက်ဘီးစီးနင်းသူများအဖွဲ့တို့ ပူးပေါင်း၍ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဒုတိယအကြိမ် စုပေါင်းစက်ဘီးစီးနင်းပွဲကို ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ စက်ဘီးစီးနင်းသူများအဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီအချိန်တွင် ညောင်ရွှေမြို့မှ စတင်၍ တောင်ကြီး-ဟဲဟိုး-ပင်းတယလမ်းမအတိုင်း စက်ဘီးစီးနင်းကာ ပင်းတယမြို့သို့ လာရောက်ကြမည်ဖြစ်ပြီး မြို့အဝင်ဆိုင်းဘုတ်မှနေ၍ ဒေသဦးစီးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့က ကြိုဆို၍ စီးနင်းကြမည်ဖြစ်သည်။

ဆက်လက်၍ ပင်းတယမြို့ရှိ ဗိုလ်ချုပ် အောင်ဆန်းရုပ်တုအား အလေးပြုခြင်း၊ ပုန်းတလုတ်ရေကန်တစ်ပတ် စက်ဘီးစီးနင်းခြင်းနှင့် ရေကန်အနီး ညောင်ပင်အောက်နားနေရန်နေရာတွင် ရပ်နားကာ ပြည်ထောင်စုနေ့အထိမ်းအမှတ် စက်ဘီးစီးနင်းခြင်းအခမ်းအနားပြုလုပ်မည်ဖြစ်သည်။

စက်ဘီးစီးနင်းအဖွဲ့တွင် ညောင်ရွှေအပျော်တမ်းစက်ဘီးစီးနင်းသူများအဖွဲ့၊ ပင်းတယ စက်ဘီးစီးနင်းသူများအဖွဲ့၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း စက်ဘီးစီးနင်းသူများအဖွဲ့ စုစုပေါင်း ၁၀၀ ကျော် ပါဝင်စီးနင်းကြမည်ဖြစ်ကြောင်းလည်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

---

*ကျောဖုံးမှ*

ဒုတိယပိုင်းတွင်မူရှမ်းယူနိုက်တက်အသင်းက ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ပထမပိုင်းထက် ကစားပုံပိုကောင်းကာ ဖိကစားနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နှစ်မိနစ်အတွင်း အနိုင်ဂိုးနှစ်ဂိုးသွင်းယူခဲ့ပြီး ၅၂ မိနစ်တွင် နန္ဒကျော်၊ ၅၄ မိနစ်တွင် ဒန်နီရယ်လ်တို့က သွင်းယူခဲ့သည်။ နန္ဒကျော်သည် ပယ်နယ်တီဧရိယာစည်းထိပ်နား၌ရရှိသည့် ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် လက်ကျန်မိနစ် ၃၀ ကျော်တွင် ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့၍ ဂိုးထပ်မရခဲ့ခြင်းဖြစ်သည်။

ဝေဿလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။ ပွဲစဉ် (၅) အပြီးတွင် ဟံသာဝတီအသင်းက ၁၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီးရန်ကုန်နှင့် ရှောဝတီအသင်းက ၁၃ မှတ်စီ၊ ရခိုင်အသင်းက ၁၀ မှတ်၊ လက်ရှိ ချန်ပီယံရှမ်းယူနိုက်တက်အသင်းက ကိုးမှတ်၊ စစ်ကိုင်းအသင်းက ခုနစ်မှတ်၊ ရတနာပုံနှင့် မကွေးအသင်းက ငါးမှတ်စီ၊ ချင်းယူနိုက်တက်အသင်းကလေးမှတ်၊ အားကာသိပ္ပံအသင်းကသုံးမှတ်၊ ဇွဲကပင်အသင်းကတစ်မှတ်ရထားပြီး Southern အသင်းမှာမူ ငါးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

**ညီမြတ်သော်တာ**

---

# သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ နံနက် (၀၇:၀၀) အချိန်မှစ၍ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် (၀၆:၀၀) အချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တလမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်၊

(ဃ) အခမ်းအနားသို့တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင် လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင် လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# လောက်ကိုင်၊ သိန်းနီ၊ မဘိမ်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်က လောက်ကိုင်မြို့နယ် ရန်လုံကျိုင်း ကျေးရွာအဝင်ရှိ ညောင်ပင်အနီး လောက်ကိုင်-ရန်လုံကျိုင်းသွားလမ်းတွင် လမ်းလျှောက်လာသူ တရုတ်နိုင်ငံသား လော်ယီရှီး အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။



လပါ၊ ဇော်ယော်တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သိန်းနီမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေး သွားကားလမ်းတွင် ရှောက်ကျိန်ရှုံး(ခ)တာတီး မောင်းနှင်ပြီး ကျောက်ဖီရှွင်နှင့် လောက်ဟွာတို့ လိုက်ပါလာသည့် မတ်တူး အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၆ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် ဘဟဲကျေးရွာအုပ်စု ပွေးတူးကျေးရွာရှိ မြစ်ဆုံကူးတို့ဆိပ်အနီး မဘိမ်း-မိုးမိတ်သွားကားလမ်းတွင် လပါ မောင်းနှင်ပြီး ဇော်ယော် လိုက်ပါလာသည့် ပါဂျဲရိုး အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၂၀၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေတာရှည်မြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ကာ သုံးဦးသေ၊ လေးဦးဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် လယ်ပြင်မကျေးရွာအနီး သာဂရ-ကိုးပင်ကားလမ်းမိုင်တိုင်(၃၃/၂-၃)ကြား၌ ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ကာ သုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရကြောင်း သိရသည်။

သာဂရမြို့မှ ကိုးပင်ကျေးရွာဘက်သို့ လယ်ဝေးမြို့နယ် ရုံးတောကျေးရွာနေ နေဆန်း(၂၈ နှစ်) မောင်းနှင်ပြီး ရှားချောင်းကျေးရွာနေ မိုးကျော်(၄၁ နှစ်)ပါ အမျိုးသားရှစ်ဦး လိုက်ပါလာသည့် လီဖန်း ခြောက်ဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လဲကျတိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် မိုးကျော်အပါအဝင် အမျိုးသားသုံးဦးတို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး မျိုးမင်းထွန်း(၄၁ နှစ်) အပါအဝင် အမျိုးသားလေးဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ နေဆန်းအား သာဂရနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



ကနီမြို့နယ် ဝင်မနားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၆ ရက်က ဝင်မနားနယ်မြေရဲစခန်းမှူး ရဲအုပ်နန်းအောင်က ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအတွက် ပညာပေးဟောပြောစဉ်။ (၀၀၇)

## မြန်မာ့ရုပ်မြင်သံကြား

၁၀-၂-၂၀၂၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၇:၃၀ - ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ
၈:၄၀ - "ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် အနုပညာစကားဝိုင်း (အပိုင်း-၂)
၁၃:၃၀ - ထူးခြားစုံလင် အာရှပစိဖိတ် အစီအစဉ်
၁၅:၃၅ - "ဖေဖော်ဝါရီလ လပတ် မိုးလေဝသအစီအစဉ်

**ညပိုင်း**

၁၆: ၂၅ - ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ
၁၇:၂၀ - ကျန်းမာရေးမဂ္ဂဇင်း "ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ အစီအစဉ်"(လည်စစ်ရိုးကျီးပေါင်းရောဂါနှင့် တိုင်းရင်းဆေးပညာ)
၁၇:၃၅ - သိပ္ပံပညာနှင့် ယနေ့ကမ္ဘာ "ချောကလက်နှင့် ချစ်သက်လက်ဆောင်"
၁၈:၂၀ - ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ
၁၈:၃၅ - ဥပဒေရေးရာအဖြာအဖြာ "လောဘနှင့်ဒေါသ"
၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၂၆) (၂) (မနာလိုစိတ်ရှိသော နတ်ငှက်မယ်သည် နိန်းစံအိမ်ကြီးသို့ သွားရန် တွေ့ဆုံခြင်း) (၂)
၁၉:၅၀ - "စည်းလုံးခြင်းသည် အင်အား"
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀:၃၀ - ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ
- "ခွင့်တူညီမျှဝါဒဖြူစင် Federalism" (အပိုင်း-၃)
- မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်တေးများ "ရုပ်ရှင်ဇာတ်ဝင်တေးများ"
- နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာခေါက်ဆွဲ" (အပိုင်း-၃၁)

# တရားမဝင်သစ်ခွဲသားများ တင်ဆောင်လာသော ယာဉ်နှစ်စီးဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဖေဖော်ဝါရီ ၈ ရက်က Nissan AD Van နှင့် Toyota Mark II ယာဉ်နှစ်စီးတို့ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား ၇၇ ချောင်း (၀ ဒသမ ၈၅၅၀)တန်၊ မတလန်း(ဓားရွှေ) ကိုးတုံး (၀ ဒသမ ၂၂၅၄) တန်၊ ပိတောက်ဓားရွှေ ၂၀ တုံး (၀ ဒသမ ၃၀၀) တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀ ဒသမ ၁၄၁ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၃၇၉ စီး၊ သွင်းကုန် ၁၁၇၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် အစီး ၁၈၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးမှုလေးမှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀ ဒသမ ၁၄၁ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးမှုနှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ သန်း စုစုပေါင်း ဖမ်းဆီးမှုခြောက်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅ ဒသမ ၁၄၁ သန်း ဖမ်းဆီးရမိခဲ့သည်။

**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်၌ ဆိုင်ကယ်ခိုးမှုနှင့် လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီလ ဒုတိယပတ်က ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ မိုးမင်းပိုင် (ခ)မိုးလေး(ခ)မိုးကြီးနှင့် နိုင်လင်းထွန်း(ခ) သားမောင်တို့ နှစ်ဦးကို ရွှေပြည်သာမြို့နယ် (၁၀/၃၄) ရပ်ကွက် ပဲနွယ်ကုန်းလမ်းပေါ်တွင် ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိစစ်ဆေးရာ အဆိုပါဆိုင်ကယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား မပြနိုင်သဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

၎င်းတို့နှစ်ဦးသည် ၂၀၁၉ ခုနှစ် မေလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလများအတွင်း အင်းစိန်နှင့် ရွှေပြည်သာမြို့နယ်အတွင်း စုစုပေါင်း ဆိုင်ကယ် ၁၇ စီးကို လုယူခဲ့ကြကာ အင်းစိန်၊ ရွှေပြည်သာနှင့် လှည်းကူးမြို့နယ်တို့အတွင်းမှ စုစုပေါင်း ဆိုင်ကယ် ၁၁ စီးကို ခိုးယူခဲ့သဖြင့် စုစုပေါင်း ဆိုင်ကယ် ၂၈ စီးကို ရယူခဲ့ကြကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံ ဆိုင်ကယ်များကို ပြန်လည်သိမ်းဆည်းရရှိပြီး ဖြစ်၍ ပြစ်မှုကျူးလွန်သူ မိုးမင်းပိုင်(ခ) မိုးလေး(ခ)မိုးကြီးနှင့် နိုင်လင်းထွန်း(ခ)သားမောင်တို့ နှစ်ဦးကို ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ကိုရဲ**



မိုးမင်းပိုင်(ခ)မိုးလေး(ခ)မိုးကြီးနှင့် နိုင်လင်းထွန်း(ခ)သားမောင်တို့ နှစ်ဦးအား သိမ်းဆည်းရမိသည့် သက်သေခံဆိုင်ကယ်များနှင့်အတူ တွေ့ရစဉ်။

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ဆောင်းရာသီကာလ အသက်ရှူလမ်းကြောင်းရောဂါများဆိုင်ရာ ကျန်းမာရေးအသိပေးနှိုးဆော်

ဆောင်းရာသီကာလအတွင်းတွင် အအေးမိခြင်း၊ တုပ်ကွေးရောဂါဖြစ်ပွားခြင်း၊ လေပြွန်ရောင်ရမ်းခြင်း၊ ဓာတ်မတည့်မှုကြောင့် နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်းနှင့် အဆုတ်ရောင်ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ အဖြစ်များလေ့ရှိပါသည်။

**ရောဂါလက္ခဏာများ**

အဓိကဖြစ်ပွားတတ်သော ရောဂါလက္ခဏာများမှာ -

- ဖျားခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်နှင့် အထက်ရှိခြင်း)၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ချမ်းတုံခြင်း၊ ကိုယ်လက်ကိုက်ခဲနာကျင်ခြင်းတို့ ဖြစ်ကြပါသည်။

**ရောဂါကူးစက်ပုံ**

- ချောင်းဆိုးခြင်းနှင့် နှာချေခြင်းမှတစ်ဆင့် တုပ်ကွေးရောဂါပိုးအပါအဝင် ရောဂါပိုးများ လေထဲသို့ရောက်ရှိပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ကူးစက်ပျံ့နှံ့စေခြင်းနှင့် အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးများအား လက်နှင့် ကိုင်တွယ်ထိတွေ့ရာမှတစ်ဆင့် ရောဂါကူးစက်နိုင်ပါသည်။

**ရောဂါကာကွယ်ခြင်းနည်းလမ်းများနှင့် လိုက်နာဆောင်ရွက်ရန်အချက်များ**

- နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊
- လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊
- တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ခြင်း၊
- ကောင်းစွာ အိပ်စက်အနားယူခြင်း၊
- အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း၊
- ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း။

အထက်ဖော်ပြပါ ရောဂါလက္ခဏာများ တွေ့ရှိသည်ဟု ယူဆပါက နီးစပ်ရာ ကျန်းမာရေးဝန်ထမ်းများထံ သတင်းပို့၍ကုသမှုခံယူပါ၊ အခြားသူများထံသို့ ရောဂါမကူးစက်စေရန် နှာခေါင်းနှင့်ပါးစပ် လုံခြုံအောင် ဖုံးအုပ်ထားသော မျက်နှာဖုံးအကာအကွယ်ကို အသုံးပြုပါ၊ အလုပ်မှ အနားယူပါ၊ လူစုလူဝေးရှိရာအရပ်သို့ သွားရောက်ခြင်းအား ရှောင်ကြဉ်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ထိုင်းသေနတ်သမား၏ ပစ်ခတ်မှုကြောင့် လူပေါင်း ၂၆ ဦး သေဆုံး

**ဗန်ကောက် ဖေဖော်ဝါရီ ၉**

လူ ၂၆ ဦးထက်မနည်းကို ပစ်သတ်ခဲ့သည့် ထိုင်းသေနတ်သမားကို ကုန်တိုက်အတွင်း ထိုင်းကွန်မန်ဒိုများက ပစ်သတ်ခဲ့ကြောင်း သိရသည်။

အဆိုပါသေနတ်သမားသည် အကြွေးကိစ္စ အငြင်းပွားမှုကြောင့် ပစ်ခတ်မှုပြုလုပ်ရခြင်းဖြစ်သည်ဟု ထိုင်းဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ လက်ဖြောင့်တပ်သားများက အဆိုပါ သေနတ်သမားကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက ပစ်သတ်ခဲ့ပြီး ၁၇ နာရီကြာ တုန်လှုပ်ချောက်ချားဖွယ် အခြေအနေကို အဆုံးသတ်ခဲ့သည်။ နက်ခွန်ရက်ချဆီမာခေါ် ခိုရက်မြို့အတွင်းရှိ ကုန်တိုက်တွင် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားပြီး ဈေးဝယ်သူများ ပိတ်မိနေခဲ့ရသည်။ သေနတ်သမား၏ ပစ်ခတ်မှုကြောင့် အရပ်သားများအပါအဝင် လူပေါင်း ၂၆ ဦးမှာ သေဆုံးခဲ့ရကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ပြောသည်။

သေနတ်သမား၏အမည်မှာ ဂျက်ကရပန်သွန်းမာဖြစ်ပြီး တပ်ကြပ်ကြီးတစ်ဦးလည်း ဖြစ်သည်။ ၎င်းသည် ကုန်တိုက်အတွင်း လူများကို ဓားစာခံအဖြစ် ဖမ်းဆီးထားခဲ့သည်။ ၎င်းသည် ခိုးယူလာသည့် M-60 စက်သေနတ်နှင့် ရိုင်ဖယ်သေနတ်ကို အသုံးပြုကာ ပစ်ခတ်မှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ဖေဖော်ဝါရီ ၉ ရက် နံနက် ၂ နာရီတွင် ဓားစာခံများကို အောင်မြင်စွာ ကယ်ထုတ်နိုင်ပြီဖြစ်ကြောင်း ရဲအရာရှိများက ပြောသည်။

**အေအက်ဖ်ပီ**



ထိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးရရန် သိပ္ပံပညာရှင်များ ကြိုးပမ်းနေ

**ဆစ်ဒနီ ဖေဖော်ဝါရီ ၉**

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်နေမှုကို ဖြေရှင်းနိုင်ရေးအတွက် ကာကွယ်ဆေးထုတ်လုပ်ရန် အမေရိကန် ပြည်ထောင်စုနှင့် ဩစတြေးလျမှသိပ္ပံပညာရှင်များသည် နည်းပညာအသစ်များ အသုံးပြုခြင်း၊ ရန်ပုံငွေ ဒေါ်လာသန်းနှင့်ချီ၍ ရင်းနှီးမြှုပ်နှံခြင်းတို့ ပြုလုပ်နေကြသည်။ လွန်ခဲ့သည့် နှစ်ကုန်ပိုင်းမှ စတင်ကာ တရုတ်နိုင်ငံတွင် အဆိုပါဗိုင်းရပ်စ်သစ်မှာ လျင်မြန်စွာပျံ့နှံ့လာခဲ့ပြီး တရုတ်နိုင်ငံတွင် လူပေါင်း ၈၀၀ ကျော် သေဆုံးခဲ့ရကာ လူပေါင်း ၃၇၀၀၀ မှာ ရောဂါကူးစက်ခံထားရသည်။ ကာကွယ်ဆေး ထုတ်လုပ်ရာတွင် မည်သည့်ကာကွယ်ဆေးမဆို နှစ်နှင့်ချီ၍ အချိန်ယူရပြီး တိရစ္ဆာန်များတွင် စမ်းသပ်မှု၊ လူသားများတွင် စမ်းသပ်မှုနှင့်ပုံမှန် အတည်ပြုမှုများ ရယူရန် လိုအပ်သည်။

ကျွမ်းကျင်သူပညာရှင်အုပ်စုများသည် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်း၏ထောက်ခံမှုဖြင့် ကာကွယ်ဆေး လျင်လျင်မြန်မြန် ထုတ်လုပ်နိုင်ရေး ယှဉ်ပြိုင်ကြိုးစားလျက်ရှိသည်။ ဩစတြေးလျမှ သိပ္ပံပညာရှင်များသည် ခြောက်လအတွင်း ကာကွယ်ဆေးထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြသည်။ ဩစတြေးလျနိုင်ငံ ကွင်းစလန်းတက္ကသိုလ်မှ သုတေသီတစ်ဦးဖြစ်သူ ကိတ်ချက်ပယ်က ယခုအချိန်တွင် ၎င်းတို့အပေါ်၌ ဖိအားများနေကြောင်း ပြောကြားခဲ့သည်။



သိပ္ပံပညာရှင်များ ကာကွယ်ဆေးစမ်းသပ်နေကြသည်ကို တွေ့ရစဉ်။

ရောဂါဖြစ်ပွားမှုကိုထိန်းချုပ်နိုင်ရေးကာကွယ်ဆေး အောင်မြင်စွာ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ခြောက်လဆိုသည့်အချိန်ကာလသည် ဗိုင်းရပ်စ်ပျံ့နှံ့မှုနှင့် နှိုင်းယှဉ်လျှင် အချိန်ကြာမြင့်သည်ဟု သံသယဖြစ်ဖွယ်ရှိသည်။

ကာကွယ်ဆေးကို လျင်လျင်မြန်မြန် ထုတ်လုပ်နိုင်ရေးအတွက် ကူးစက်ရောဂါကြိုတင်ပြင်ဆင်မှု အဖွဲ့ CEPI မှ စီမံကိန်းလေးခုအတွက် ငွေကြေးသန်းနှင့်ချီ၍ သုံးစွဲမှုများ ပြုလုပ်ထားသည်။ နည်းပညာသစ်များဖြင့်ကာကွယ်ဆေးထုတ်လုပ်မည်ဖြစ်ပြီး လာမည့်အနာဂတ်တွင် စမ်းသပ်မှုများ ပြုလုပ်နိုင်မည်ဟုလည်း မျှော်လင့်ထားသည်။ **အေအက်ဖ်ပီ**

# ဆီးရီးယားသမ္မတအာဆတ်နှင့် တူရကီတပ်ဖွဲ့များအကြား တင်းမာမှုများပိုမိုပြင်းထန်လာ

**အန်ကာရာ ဖေဖော်ဝါရီ ၉**

ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်၏ အစိုးရတပ်ဖွဲ့များသည် အီဒလစ်ပြည်နယ်အတွင်းရှိ မဟာဗျူဟာကျသည့် ဆာရာကွက်မြို့ကို ပြန်လည်ရယူ ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

ဆာရာကွက်မြို့သည် အတိုက်အခံတပ်ဖွဲ့များ နောက်ဆုံးထိန်းချုပ်ထားခဲ့သည့် နေရာရှိ ပင်မလမ်းဆုံတွင် တည်ရှိသည်။ အဆိုပါမြို့ကို ထိန်းချုပ်နိုင်ခဲ့ကြောင်း အာဆတ်အစိုးရအဖွဲ့၏ ကြေညာချက်ကို နိုင်ငံပိုင် သတင်းအေဂျင်စီက ဖေဖော်ဝါရီ ၈ ရက်က ကြေညာခဲ့သည်။



ဆီးရီးယားအစိုးရတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် အီဒလစ်ပြည်နယ်ရှိ အဆောက်အအုံများပျက်စီးမှုကို တွေ့ရစဉ်။

သို့ရာတွင် အတိုက်အခံတပ်ဖွဲ့များကိုအကူအညီပေးနေသည့် တူရကီသည် ဆာရာကွက်မြောက်ပိုင်းမှ ၁၅ ကီလိုမီတာအကွာရှိ တက်ဖတာနက် အပါအဝင် ရှေ့တန်းစစ်မြေပြင်အနီးတွင် တပ်ဖွဲ့ဝင်များချထားခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ကပြောသည်။

တူရကီတပ်ဖွဲ့က ဆီးရီးယားသို့ ကြည်းတပ်များ စေလွှတ်ဖြန့်ကြက်နေကြောင်း ဒေသမီဒီယာက သတင်းဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အာဆတ်အစိုးရ တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် ဆီးရီးယား၌ ချထားသည့် တူရကီတပ်ဖွဲ့ဝင်များ အပါအဝင် တူရကီနိုင်ငံသားရှစ်ဦး သေဆုံးခဲ့သည်။ နောက်ဆုံးဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် ဆီးရီးယားအစိုးရနှင့် တူရကီတပ်ဖွဲ့များအကြား တင်းမာမှုများ ပိုမိုအရှိန်ပြင်းထန်လာမည်ကို စိုးရိမ်နေရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဆာဟာရတောင်ပိုင်း အာဖရိကဒေသတွင် လူ၂၃၉ သန်းမှာ ငတ်မွတ်မှု၊ အာဟာရချို့တဲ့မှု ခံစားရ

**အဒစ္စဘာဘာ ဖေဖော်ဝါရီ ၉**

ဆာဟာရတောင်ပိုင်း အာဖရိကဒေသတွင် လူပေါင်း ၂၃၉ သန်းဝန်းကျင်မှာ ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှု ခံစားနေရကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း (အက်ဖ်အေအို) မှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ဖေဖော်ဝါရီ ၈ ရက်က ပြောကြားခဲ့သည်။

ဆာဟာရတောင်ပိုင်း အာဖရိကဒေသတွင် လူပေါင်း ၂၃၉ သန်း ဆာလောင်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ဖြေရှင်းနိုင်မည့်တစ်ခုတည်းသောနည်းလမ်းမှာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးပင်ဖြစ်ကြောင်း အက်ဖ်အေအိုမှ ဒုတိယညွှန်ကြားရေးမှူးချုပ် မရင်နာဟယ်လီနာ ဆီမီဒိုက ပြောသည်။ ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်အရ ဆာဟာရတောင်ပိုင်းဒေသတွင် ငတ်မွတ်မှု၊ ဆင်းရဲမွဲတေမှုနှင့် အာဟာရမပြည့်ဝမှုတို့ကို လျှော့ချနိုင်ရေး အဓိကပစ်မှတ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကျေးလက်ဒေသတွင် နေထိုင်ကြသည့်လူများ၏ ဝင်ငွေမြင့်တက်လာရေးအတွက်လည်း ကုလသမဂ္ဂမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း အက်ဖ်အေအိုမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်စေမည့် တစ်ခုတည်းသောနည်းလမ်းမှာ စိုက်ပျိုးရေးစနစ်ပြောင်းလဲရေးပင် ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

## အင်ဒိုနီးရှား၌ ပျောက်ဆုံးစစ်လေယာဉ်ရှာဖွေရေး ပြန်စ

**ဂျကာတာ ဖေဖော်ဝါရီ ၉**

အင်ဒိုနီးရှားနိုင်ငံ၌ ပြီးခဲ့သည့်နှစ်က နိုင်ငံအရှေ့ဖျားရှိ ပါပူဝါပြည်နယ်အတွင်း လူ ၁၂ ဦးလိုက်ပါလာသည့် စစ်လေယာဉ် ပျောက်ဆုံးခဲ့ပြီးနောက် ဒေသခံများက လေယာဉ်၏ အပျက်အစီးကို တွေ့ရှိခဲ့ကြောင်း သတင်းပေးပို့မှု ရရှိသဖြင့် ပျောက်ဆုံးလေယာဉ် ရှာဖွေရေးမစ်ရှင်ကို ပြန်လည်စတင်လိုက်ပြီဖြစ်ကြောင်း စစ်ဘက်အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားခဲ့သည်။ အမ်အိုင် ၁၇ လေယာဉ်သည် ၂၀၁၉ ခုနှစ် ဇွန် ၂၈ ရက်က အိုဆီဘီလ်လေဆိပ်မှ ထွက်ခွာပျံသန်းလာခဲ့ပြီး ပါပူဝါပြည်နယ်မြို့တော် ဂျာယာပူရာရှိ လေဆိပ်သို့ ဦးတည်ပျံသန်းလာစဉ် လေကြောင်းထိန်းချုပ်ခန်းနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်။

အဆိုပါလေယာဉ် ရေဒါပေါ်မှ ပျောက်ကွယ်သွားပြီးနောက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးမစ်ရှင်အဖွဲ့ကို စေလွှတ်ကာ ရှာဖွေရေးဆောင်ရွက်ခဲ့သော်လည်း ပျောက်ဆုံးလေယာဉ်ကို မတွေ့ရှိခဲ့ပေ။

ယာဟူကီမို ဒေသစစ်ဘက်အကြီးအကဲ အီကိုဘူဒီက ကယ်ဆယ်ရေးမစ်ရှင်၌ ရဟတ်ယာဉ်တစ်စင်းကို စေလွှတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ လေယာဉ်ပျက်၏ အစိတ်အပိုင်းအချို့ကို ရှာဖွေရေးအဖွဲ့က တွေ့ရှိခဲ့ကြောင်း ၎င်းက ပြောသည်။ **ဆင်ဟွာ**

## နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ အကြီးအကဲသစ် ဂျပန်သို့သွားမည်

**ဂျီနီဗာ ဖေဖော်ဝါရီ ၉**

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)၏ အထွေထွေအတွင်းရေးမှူးချုပ် ရာဖယ်လ်ဂရိုစီသည် ယခုလနှောင်းပိုင်းတွင် ဂျပန်နိုင်ငံသို့ သွားရောက်ရန်ရှိကြောင်း သိရသည်။

ဂရိုစီသည် လာမည့်ဖေဖော်ဝါရီ ၂၄ ရက်မှစတင်က ဂျပန်သို့ သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။ ယခင်အိုင်အေအီးအေ အကြီးအကဲဟောင်း ယူကီရာ အမာနို သေဆုံးပြီးနောက် ဒီဇင်ဘာလတွင် ခေါင်းဆောင်သစ်အဖြစ် တာဝန်ယူဆောင်ရွက်လာခဲ့သည့် ဂရိုစီအတွက် ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ်ခရီးစဉ်သွားရောက်မှုဖြစ်လာမည်ဖြစ်သည်။ ဂရိုစီ၏ဂျပန်ခရီးစဉ်အတွင်း မြောက်ကိုရီးယားနှင့် အီရန်တို့ရှိ နျူကလီးယားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့်ပတ်သက်၍ ဂျပန်အာဏာပိုင်များနှင့် ဆွေးနွေးကြဖွယ်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်ရဲ့ နေရပ်ပြန်ပို့ခြင်းခံရသူများ၏ ကံကြမ္မာ

ခြူးစန္ဒီမွေး

အမေရိကန်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်ဖို့ကြိုးစားကြတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေထဲမှာ ဗဟိုအမေရိကနိုင်ငံတွေက အများဆုံးပါဝင်ပါတယ်။ လက်ရှိအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် လက်ထက်မှာတော့ ရွှေ့ပြောင်းနေထိုင်သူတွေ အမေရိကန်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်မှုကို နည်းမျိုးစုံနဲ့တင်းကျပ်လာပါတယ်။

## မီးမောင်းထိုးပြ

အမေရိကန်မှာ ခိုးဝင်နေထိုင်ကြတဲ့ လူတွေကို အမေရိကန်အာဏာပိုင်တွေက နေရပ်ပြန်ပို့တာတွေ လုပ်ဆောင်ပါတယ်။ အဲဒီထဲမှာ အယ်ဆာဗေဒိုနိုင်ငံသားတွေလည်း အပါအဝင်ပါပဲ။ နေရပ်ပြန်ပို့ခြင်း ခံရပြီးနောက် ဒီလူတွေရဲ့ ကံကြမ္မာဟာ ဘယ်လိုဆက်ဖြစ်ကြပါသလဲ။ နေရပ်ကို ပြန်ပို့ခံရတဲ့ အယ်ဆာဗေဒိုနိုင်ငံသား ၁၃၈ ဦးဟာ ပြီးခဲ့တဲ့ ခုနစ်နှစ်တာကာလအတွင်းမှာ အသတ်ခံရတယ်ဆိုတာကို ကြားသိရတဲ့အခါမှာတော့ လုံးဝအံ့အားသင့်စရာ ဖြစ်ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၅ ရက်မှာတော့ ဗဟိုအမေရိကနိုင်ငံတွေဆီ ပြန်ပို့ခံရတဲ့လူတွေ ကြုံတွေ့ရတဲ့ အန္တရာယ်ကို လူ့အခွင့်အရေးအုပ်စုတွေက မီးမောင်းထိုးပြသခဲ့ပါတယ်။

## ပိုမိုခက်ခဲလာ

အမေရိကန်သမ္မတဟောင်း အိုဘားမားလက်ထက်မှာ အယ်ဆာဗေဒိုနိုင်ငံသား ၁၀၉ ဦး ပြန်ပို့ခံရတယ်လို့ လူ့အခွင့်အရေးစောင့်ကြည့်မှုဆိုင်ရာ အမေရိကန်အစီအစဉ်မှ ညွှန်ကြားရေးမှူး အယ်လီဆင်လီရယ် ပါကာက ပြောပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် လက်ထက်ရောက်တဲ့အခါမှာတော့ ခိုလှုံသူအဖြစ် အမေရိကန်မှာ နေထိုင်ခွင့်ရဖို့ အရင်ကထက် ပိုမိုခက်ခဲလာပါတယ်။ အခြေအနေတွေဟာ ပိုပြီးဆိုးရွားလာတယ်လို့ လူ့အခွင့်အရေးစောင့်ကြည့်ရေးအုပ်စုက ခန့်မှန်းထားပါတယ်။ ဒီလူတွေကို နေရပ်ပြန်လွှတ်တာဟာဆိုရင် လူတွေကိုဒုက္ခခံခိုင်းလိုက်တာနဲ့ အတူတူပဲဆိုတာ အမေရိကန်အာဏာပိုင်တွေ သိသင့်တယ်လို့ ပါကာက ဝါရှင်တန်ပို့စ်ကို ပြောပါတယ်။ ဒါကြောင့် ဆင်ဆင်ခြင်ခြင် လုပ်သင့်တယ်လို့ သူက ဆက်ပြောပါတယ်။

## ဆိုင်းငံ့ပေးဖို့ တောင်းဆိုလို့ရ

နေရပ်ကိုပြန်ပို့ခံရသူ ၇၀ မှာဆိုရင် နေရပ်ကိုပြန်သွားပြီးနောက်ပျောက်သွားတာ၊ လူဆိုးဂိုဏ်းတွေရဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရတာ၊ ညှဉ်းပန်းနှိပ်စက်ခံရတာတွေရှိတယ်လို့ လူ့အခွင့်အရေးစောင့်ကြည့်ရေးအုပ်စုက ပြောပါတယ်။ ဘာကြောင့် အယ်ဆာဗေဒိုနိုင်ငံအတွင်းကို ပြန်ပို့မယ်ဆိုရင် မလုံခြုံမှုတွေ ခံစားရတာပါလဲ။ အယ်ဆာဗေဒိုနိုင်ငံသားတွေ ရာဇဝတ်မှုကျူးလွန်တာပဲဖြစ်ဖြစ်၊ ခိုလှုံခွင့်ဆုံးရှုံးတာပဲဖြစ်ဖြစ် ဖြစ်လာခဲ့ရင်နေရပ်ကို ပြန်ပို့တာတွေ လုပ်ဆောင်ပါတယ်။ အမေရိကန်ရဲ့ ဥပဒေမှာတော့ နိုင်ငံခြားသားတွေဟာ သူတို့ရဲ့နေရပ်ကိုပြန်တဲ့အခါ ညှဉ်းပန်းနှိပ်စက်ခံရမှာ၊ ဒါမှမဟုတ် အသတ်ခံရမယ့် အန္တရာယ်ရှိတယ်ဆိုရင် အမေရိကန်နိုင်ငံအတွင်းက နှင်ထုတ်မယ့်အချိန်ကို ဆိုင်းငံ့ပေးဖို့ တောင်းဆိုလို့ ရပါတယ်။

## သတင်းအရင်းအမြစ် မခိုင်မာ

အမေရိကန်ရဲ့လူဝင်မှုကြီးကြပ်ရေးစနစ်ကို ရက်စက်ပြီး ဆိုးရွားတယ်လို့ လူ့အခွင့်အရေးအုပ်စုက ပြောပါတယ်။ လူမဆန်တဲ့ ထိန်းသိမ်းမှုတွေ၊ တရားဝင်အကြံဉာဏ်၊ အကူအညီပေးမှုမရှိတာတွေနဲ့ ပြည့်နေတယ်ဆိုပြီး ဝေဖန်ခဲ့ပါတယ်။ အမေရိကန်လူဝင်မှုကြီးကြပ်ရေးနှင့်အကောက်ခွန်ဌာန(ICE) ပြောရေးဆိုခွင့်ရှိသူ ဘရိုင်ယန်ဒီကော့ကတော့ ICE ကဖယ်ရှားလိုက်တဲ့အမှုတွေဟာ တရားဥပဒေအတိုင်းဆောင်ရွက်ခြင်းသာဖြစ်ပြီး လူတစ်ဦးတစ်ယောက်ချင်းစီကလည်း သင့်လျော်တဲ့ တရားဝင်လုပ်ထုံးလုပ်နည်းတွေရရှိတယ်လို့ ပြောကြားခဲ့ပါတယ်။ နောက်ပြီး လူ့အခွင့်အရေးစောင့်ကြည့်မှု အုပ်စုတွေရတဲ့အချက်အလက်တွေဟာ ဘယ်သူဘယ်ဝါမှန်းခိုင်ခိုင်မာမာမသိရတဲ့ သတင်းအရင်းအမြစ်တွေဆီကဖြစ်လို့ ဒီအချက်တွေကို အတည်ပြုဖို့ မဖြစ်နိုင်ဘူးလို့လည်း သူက ဆက်ပြောပါတယ်။

## တက်တူးကြောင့် သေပွဲဝင်ရ

နေရပ်ကိုပြန်ပို့ခံရတဲ့ အယ်ဆာဗေဒိုတွေကတော့ နေရပ်ကိုပြန်ရောက်တဲ့အခါ လူဆိုးဂိုဏ်းတွေရဲ့ပစ်မှတ်ထားတာကို ခံရပါတယ်။ အသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦးကတော့ ဆန်ဆယ်ဗေဒိုမြို့ ဆင်ခြေဖုံးရပ်ကွက်က မိသားစုနေအိမ်မှာပဲ အသတ်ခံခဲ့ရတယ်လို့ မောင်နှမဝမ်းကွဲတော်စပ်သူက ပြောပြပါတယ်။ အဲဒီမြို့ကို MS –13 လို့အမည်ရတဲ့ လူဆိုးဂိုဏ်းက ထိန်းချုပ်ထားတာပါ။ အသတ်ခံရသူ အမေရိကန်မှာရှိစဉ်တုန်းက ထိုးထားတဲ့ တက်တူးကို MS –13 အဖွဲ့က သင်္ကေတမကောင်းဖြစ်ခဲ့တယ်လို့ ညီမဖြစ်သူကပြောပြပါတယ်။ မင်းမှာ တက်တူးရှိတယ်ဆိုရင် အဲဒါဟာ သေမိန့်ချလိုက်သလိုပဲလို့ ညီမဖြစ်သူက ရှင်းပြပါတယ်။ မိသားစုလုံခြုံရေးအတွက် စိုးရိမ်ရတာကြောင့် နာမည်ကိုတော့ မဖော်ပြဝံ့ပါဘူး။ လူဆိုးဂိုဏ်းသားတွေသာ တက်တူးထိုးကြတယ်လို့သူကဆက်ပြောပါတယ်။ အသတ်ခံလိုက်ရတဲ့ အစ်ကိုဝမ်းကွဲကတော့ သာမန်တက်တူးထိုးထားခြင်းသာဖြစ်ပြီး လူဆိုးဂိုဏ်းတွေနဲ့ ဆက်စပ်မှုမရှိဘူးလို့ သူကဆက်ပြောပါတယ်။ အသတ်ခံရတဲ့ ကောင်လေး အသက် ၁၃ နှစ်အရွယ်မှာ အမေရိကန်ကို ထွက်ခွာခဲ့တာဖြစ်ပြီး ကိုးနှစ်ကြာပြီးတဲ့နောက် နေရပ်ပြန်ပို့ခံရပါတယ်။



ဇန်နဝါရီလအတွင်းက အမေရိကန်သို့ ဦးတည်ပြောင်းရွှေ့လာသည့် အယ်ဆာဗေဒိုနိုင်ငံသား ရွှေ့ပြောင်းသွားလာသူများကို တွေ့ရစဉ် ။

## တစ်နှစ်အတွင်းအသတ်ခံရ

အယ်ဆာဗေဒိုနိုင်ငံကို အကူအညီတွေပေးရင် အဲဒီနိုင်ငံကနေ အမေရိကန်နိုင်ငံကို ရွှေ့ပြောင်းနေထိုင်လာမှုတွေကို လျှော့ချလာနိုင်လိမ့်မယ်လို့ အမေရိကန်အာဏာပိုင်တွေက ပြောပါတယ်။ လက်ရှိမှာတော့ အမေရိကန်သမ္မတထရမ့်ဟာ အဲဒီအစီအစဉ်တွေကို ဖျက်သိမ်းထားပါတယ်။ ပြန်ပို့ခံရတဲ့ အယ်ဆာဗေဒိုနိုင်ငံသား ၁၃၈ ဦးဟာ လူဆိုးဂိုဏ်းတွေရဲ့ချုပ်ကိုင်မှုကနေ လွတ်မြောက်ဖို့အတွက် ထွက်ပြေးလာကြသူတွေလည်း ပါဝင်ပါတယ်။ နောက်ပြီးလူဆိုးဂိုဏ်းတွေနောက်ကလိုက်ခံနေရတဲ့ရဲတွေလည်း ပါဝင်ပါတယ်။ သူတို့တစ်တွေဟာ အမေရိကန်မှာ ခိုလှုံခွင့်ရှာဖွေကြပါ တယ်။ ပြန်ပို့ခံရတဲ့အထဲက အများစုကတော့နေရပ်ပြန်ပြီး တစ်နှစ်အတွင်းမှာပဲ အသတ်ခံရပါတယ်။

## ခိုလှုံခွင့်တောင်းသူအရေအတွက်မြင့်တက်

အမှန်တကယ် အသတ်ခံရတဲ့ အရေအတွက်ဟာ ဒီထက်များကောင်းများနိုင်တယ်လို့ လူ့အခွင့်အရေးစောင့်ကြည့်ရေးအုပ်စုက ပြောပါတယ်။ သက်ဆိုင်ရာအာဏာပိုင်တွေ၊ အသိုက်အဝန်းတွေနဲ့ ဆွေမျိုးတွေကို မေးမြန်းပြီး ခြေရာခံခဲ့တာလည်း ဖြစ်ပါတယ်။ အယ်ဆာဗေဒိုနိုင်ငံအတွင်းမှာ အကြမ်းဖက်မှုတွေ များလာတဲ့အချိန်ကစလို့ အမေရိကန်နိုင်ငံအတွင်း ခိုလှုံခွင့်တောင်းခံသူ အရေအတွက်ဟာ တစ်ဟုန်ထိုးမြင့်တက်လာခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ ခိုလှုံခွင့်တောင်းခံသူ လူပေါင်း ၅၆၀၀ ရှိခဲ့ပြီး ၂၀၁၇ ခုနှစ်မှာတော့ ခိုလှုံခွင့်တောင်းခံသူ ၆၀၀၀၀ အထိ မြင့်တက်လာပါတယ်။

အမေရိကန်ပြည်ထောင်စုဆီကို ဦးတည်ပြီး အုပ်စုလိုက် ရွှေ့ပြောင်းလာကြတာတဲ့ ဖြစ်ရပ်တွေလည်း ပေါ်ပေါက်လာပါတယ်။ ၂၀၁၅ ခုနှစ်ကစလို့ အယ်ဆာဗေဒိုမှာ လူသတ်မှုတွေ သိသိသာသာလျော့ကျလာပါတယ်။ လွန်ခဲ့တဲ့နှစ်မှာတော့ ၂၃၉၀ အထိ လျော့ကျသွားပါတယ်။ ဒါပေမယ့် အမေရိကန်နဲ့ယှဉ်ရင်တော့ ခုနစ်ဆလောက်မြင့်တက်နေတုန်းပါပဲ။ ၂၀၁၉ ခုနှစ်မှာ လူတွေပျောက်ဆုံးတာမျိုး ပိုမိုဖြစ်ပွားခဲ့ပါတယ်။

## ပြန်ပို့ခံရသူများ၏ကံကြမ္မာ

လူဆိုးဂိုဏ်းတွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ သူတို့ရဲ့သားကောင်ကို လျှို့ဝှက်စွာပဲသတ်ဖြတ်ပြီး တရားစွဲဆိုခံရမှုကနေ ရှောင်ရှားလို့ရအောင် အလောင်းကို တိတ်တဆိတ်ပဲ စွန့်ပစ်ခဲ့ကြပါတယ်။ အမေရိကန်နိုင်ငံမှာနိုင်ငံသားဖြစ်ခွင့်မရဘဲ နေထိုင်နေကြတဲ့ အယ်ဆာဗေဒိုနိုင်ငံသားခန့်မှန်းခြေအားဖြင့် ၁ ဒသမ ၂ သန်းခန့်ရှိပါတယ်။ လူပေါင်းသုံးသိန်းကတော့ အမြဲတမ်းနေထိုင်ခွင့်ရပြီးသားပါပဲ။ ၁၉၅၀၀၀ ကတော့ ယာယီအားဖြင့် စောင့်ရှောက်ခံထားရပါတယ်။ ၂၀၁၄ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ ခိုလှုံခွင့်တောင်းခံသူ အယ်ဆာဗေဒိုနိုင်ငံသား ၁၈ ရာခိုင်နှုန်းဟာ ခိုလှုံခွင့်ရရှိခဲ့ကြပါတယ်။ ဒါပေမယ့် ပြန်ပို့ခံရသူတွေရဲ့ကံကြမ္မာကတော့ ဝိုးတဝါးအခြေအနေ ရှိနေဆဲပါ။ ။

ကိုးကား – ဝါရှင်တန်ပို့စ်

**“အမေရိကန်သမ္မတဟောင်း အိုဘားမားလက်ထက်မှာ အယ်ဆာဗေဒိုနိုင်ငံသား ၁၀၉ ဦး ပြန်ပို့ခံရတယ်လို့ လူ့အခွင့်အရေးစောင့်ကြည့်မှုဆိုင်ရာ အမေရိကန်အစီအစဉ်မှ ညွှန်ကြားရေးမှူး အယ်လီဆင်လီရယ်ပါကာက ပြောပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် လက်ထက်ရောက်တဲ့အခါမှာတော့ ခိုလှုံသူအဖြစ် အမေရိကန်မှာနေထိုင်ခွင့်ရဖို့ အရင်ကထက် ပိုမိုခက်ခဲလာပါတယ်။ အခြေအနေတွေဟာ ပိုပြီးဆိုးရွားလာတယ်လို့ လူ့အခွင့်အရေးစောင့်ကြည့်ရေးအုပ်စုက ခန့်မှန်းထားပါတယ်။ ဒီလူတွေကိုနေရပ်ကို ပြန်လွှတ်တာဟာဆိုရင် လူတွေကိုဒုက္ခခံခိုင်းလိုက်တာနဲ့အတူတူပဲဆိုတာ အမေရိကန်အာဏာပိုင်တွေ သိသင့်တယ်လို့ ပါကာက ဝါရှင်တန်ပို့စ်ကို ပြောပါတယ်”**

# နိုင်ငံတကာသတင်းတိုထွာ

## ဆေးဘက်သုံးနှာခေါင်းစည်း ပြတ်လပ်နိုင်မှုအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကသတိပေး

**ဂျီနီဗာ ဖေဖော်ဝါရီ ၉**

ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေသည့်အတွက် ဆေးဘက်သုံးနှာခေါင်းစည်းများလိုအပ်မှုအဆ ၁၀၀ ခန့် မြင့်တက်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောကြားခဲ့သည်။ ဂျီနီဗာမြို့တွင် ဗိုင်းရပ်စ်ကူးစက်မှုကို အကာအကွယ်ပေးသည့် အဝတ်အစားများနှင့် နှာခေါင်းစည်းများ ကမ္ဘာအနှံ့ပြတ်လပ်လာနိုင်ကြောင်း ညွှန်ကြားရေးမှူးချုပ် တက်ဒရို အက်ဒ်ဟာနွန်ကပြောသည်။ ဈေးနှုန်းမှာလည်း အဆ ၂၀ မြင့်တက်လာပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများအတွက် နှာခေါင်းစည်းနှင့် အသက်ရှူကိရိယာ သိုလှောင်ထားရှိမှုမှာလည်း မလုံမလောက်ဖြစ်လာကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ကျန်းမာရေးလုပ်သားများကို ဦးစားပေးဝေမျှရမည်ဖြစ်ပြီး ၎င်းနောက်မှ နေမကောင်းသူများအား ပြုစုသည့်သူများကို ပေးအပ်သွားရန်လိုအပ်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ဆေးဝါးထောက်ပံ့ရေးပစ္စည်းများကို မျှတစွာနှင့် အချိုးအတိုင်းဝေမျှပေးရေးနိုင်ငံများ၊ အဖွဲ့အစည်းများအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လည်း တောင်းဆိုခဲ့သည်။

အင်န်အိတ်ချ်ကေ

## ပါပူဝါနယူးဂီနီ၌ ပြင်းအား ၆ ဒသမ ၂ ရစ်ချ်တာစကေးရှိ ငလျင်လှုပ်

**ဆစ်ဒနီ ဖေဖော်ဝါရီ ၉**

ပါပူဝါနယူးဂီနီ၌ ပြင်းအား ၆ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု ဖေဖော်ဝါရီ ၉ ရက်တွင် လှုပ်သွားခဲ့ကြောင်း အမေရိကန် ဘူမိစစ်တမ်းအဖွဲ့က ပြောကြားခဲ့သည်။ လတ်တလောတွင် ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်၍ မသိရှိရသေးပေ။

ငလျင်လှုပ်ပြီးနောက်တွင် ဆူနာမီသတိပေးချက်ထုတ်ပြန်ထားခြင်းမရှိပေ။ ငလျင်သည် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် အရှေ့နယူးဗြိတိန် ပြည်နယ်၏ မြို့တော်ကိုကိုပို တောင်ဘက်မှ ၁၂၂ ကီလိုမီတာအကွာတွင် လှုပ်ခဲ့ပြီး ငလျင်အနက် ၃၁ ကီလိုမီတာရှိကြောင်း အမေရိကန် ဘူမိစစ်တမ်းအဖွဲ့က ပြောသည်။

ငလျင်ဗဟိုချက်မအနီး ကမ်းခြေဒေသတွင် နေထိုင်ကြသည့် လူမှုအဖွဲ့အစည်းများအနေဖြင့် ပြင်းထန်သည့် ငလျင်တုန်ခါမှုကို တွေ့ကြုံခဲ့ရဖွယ်ရှိကြောင်း ဩစတြေးလျဘူမိသိပ္ပံမှ အကြီးတန်း မြေလျင်ဆိုင်ရာကျွမ်းကျင်သူပညာရှင် ထရီဗာအလန်က ပြောကြားခဲ့သည်။

ငလျင်လှုပ်ခဲ့ရာ ဧရိယာသည် လူနေကျဲပါးပြီး တည်ဆောက်ထားသည့် အဆောက်အအုံပုံစံများအရ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုနည်းပါးနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ရှင်တောက်ထိန်ဘုရားကြီး စိန်ဖူးတော်တင်လှူပွဲသို့ တက်ရောက်ပူဇော်



**ထားဝယ် ဖေဖော်ဝါရီ ၉**

ရှေးဟောင်းသမိုင်းဝင်ရှင်ကိုးရှင်တွင် တစ်ဆူအပါအဝင်ဖြစ်သော တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ကမြောကင်းကျေးရွာတွင် တည်ထားကိုးကွယ်သည့် သမိုင်းဝင် ရှင်တောက်ထိန်ဘုရား စေတီတော်မြတ်ကြီးအား စိန်ဖူးတော်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ယမန်နေ့က သမိုင်းဝင် ရှင်တောက်ထိန်ဘုရားပရဝဏ်အတွင်း၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဒေဝါဝင်း၊ ရာဇာဝင်းဖြင့် ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်သည်။

စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ရာ သံဃာတော် အရှင်သူမြတ်များက "ဇယန္တောဗောဓိယာမူလေ" ဂါထာရွတ်ဆိုပူဇော်ပြီး သံဃာတော်အရှင်သူမြတ်များက ဘုရားအနေကဇာတင်ပါဠိ တော်ရွတ်ဆိုပူဇော်ခဲ့သည်။

ထို့နောက် ဆရာတော်သံဃာတော်အရှင်မြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး နခံတောရွာလယ်ကျောင်းဆရာတော်ထံမှ အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပေါင်မြို့နယ် အလက(သဲဖြူကုန်း)ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ မွန်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**ပေါင် ဖေဖော်ဝါရီ ၉**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောက်လုပ်ထားသော ပေါင်မြို့နယ် အလက(သဲဖြူကုန်း)ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မလတ်တောင် မြေပြိုကျမှု ဖြစ်စဉ်နှင့် စပ်လျဉ်း၍ နောက်ဆက်တွဲဆိုးကျိုးအဖြစ် အန္တရာယ်ရှိလာနိုင်သည့် အမက(ရဲပြားကုန်း)ကျောင်းအား လတ်တလော ကျောင်းဆောင်နေရာမပြောင်းရွှေ့နိုင်သေးမီ အဆိုပါ ကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ အန္တရာယ်ကင်းရှင်းစွာ သင်ကြားနိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ယခုအလက(သဲဖြူကုန်း)ကျောင်းသို့ ယာယီပြောင်းရွှေ့ ပညာသင်ကြားစေခဲ့ကြောင်း၊ ထိုသို့ ပြောင်းရွှေ့ ပညာသင်ကြားရာ၌လည်း ကျောင်းဆောင်နေရာ အဆင်ပြေစေရေး ယခုကျောင်းအတွင်း ငွေကျပ် ၁၀၉ ဒသမ ၂ သန်းတန်ဖိုးရှိ အာစီနှစ်ထပ်ကျောင်းဆောင်သစ်ကို သင်ကြားရေး မထိခိုက်အောင် အလျင်အမြန်တည်ဆောက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကျောင်းသားကျောင်းသူများ အလက(သဲဖြူကုန်း)ကျောင်းသို့ ယာယီပြောင်းရွှေ့ပညာသင်ကြားရာတွင် လည်းအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကျောင်းကြိုပို့ယာဉ်ကိုလည်း ပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ပေးခဲ့ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မလတ်တောင် မြေပြိုဘေးအန္တရာယ်ခံစားခဲ့ရသောအိမ်ထောင်စု ၂၃ စု အတွက် တစ်ထပ်လုံးချင်းနေအိမ်များဆောက်လုပ်ပေးခြင်း၊ လမ်းများဖောက်လုပ်ပေးခြင်း၊ မီးရရှိရေး၊ ရေရရှိရေး ဆောင်ရွက်ပေးခြင်းလုပ်ငန်းများအတွက် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲတွင် အမှာစကား ပြောကြားစဉ်။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်အတွင်းရှိ ပြည်သူများနှင့် တွေ့ဆုံ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၉**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်နေ ပြည်သူများနှင့်တွေ့ဆုံပွဲကို ယမန်နေ့က အဆိုပါရပ်ကွက်အတွင်းရှိ ဗက်လင်ဘုရားရှိခိုးကျောင်း၌ ကျင်းပသည်။

ပြည်နယ် ဝန်ကြီးချုပ်သည် လယ်ကုန်း-မလိယန် ရပ်ကွက်အတွင်း ဇီးအွန်နှစ်ခြင်း ဘုရားရှိခိုးကျောင်း ရှေ့၌ ရပ်ကွက်အတွင်းရှိ ပြည်သူများနှင့် တွေ့ဆုံပြီး မလိယန်လမ်း ပေ ၃၃၄၀ ကို ကတ္တရာလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နေ ပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် လယ်ကုန်းရပ်ကွက် ဗက်လင်ဘုရားရှိခိုးကျောင်း၌ လူထုတွေ့ဆုံပွဲသို့ တက်ရောက်ပြီး ဗက်လင်နှစ်ခြင်းအသင်းတော်သိက္ခာတော်ရ ဦးမိတုံနော်လီက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ဓမ္မတေးသီချင်း သီဆိုခြင်းနှင့် လီဆူနှစ်ခြင်းအသင်းတော် သိက္ခာတော်ရဆရာ ဦးသောင်းဝူက အစိုးရအဖွဲ့အတွက် အထူးဆုတောင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ရပ်ကွက်အတွင်းရှိ ဗက်လင်နှစ်ခြင်းအသင်းတော်၊ စိန်ပေါလ်ကက်သလစ်အသင်းတော်၊ လီဆူနှစ်ခြင်းအသင်းတော်နှင့် ICM ခရစ်ယာန်အသင်းတော်တို့မှ ပြည်နယ်ဝန်ကြီးချုပ်အား ရိုးရာမဂ္ဂန်း ရှလစ်ဖြင့် ဂါရဝပြုလက်ဆောင်ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများနှင့်အတူ ပူးပေါင်းလက်တွဲပြီး ကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်း၊ တံတားနှင့်လျှပ်စစ်မီးလင်းရေးတို့အပြင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးရရှိရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း အားလုံးတွင် ပြည်သူအားလုံးက မိမိတို့နှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရပ်ကွက်နေပြည်သူများကိုယ်စား ဦးဆာမိုးရယ်က လယ်ကုန်းရပ်ကွက်အတွင်း လမ်းသွယ်(၂)နှင့် ဗက်လင်ဘုရားကျောင်းလမ်းတို့ကို ကတ္တရာလမ်းအဖြစ်ခင်းကျင်း ဆောင်ရွက်ပေးနိုင်ရေး တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**



# စိုက်ပျိုးရေးသိပ္ပံ(ဒီးမော့ဆို) ၏ တတိယအကြိမ် စိုက်ပျိုးရေးဒီပလိုမာအပ်နှင်းပွဲ ကယားပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**လွိုင်ကော် ဖေဖော်ဝါရီ ၉**

စိုက်ပျိုးရေးသိပ္ပံ (ဒီးမော့ဆို) ၏ တတိယအကြိမ် စိုက်ပျိုးရေးဒီပလိုမာအပ်နှင်းပွဲအခမ်းအနားကို ယမန်နေ့က ဒီးမော့ဆိုမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆို၊ ပြည်နယ် ဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ယခုအခမ်းအနားတွင် စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို လာရောက်အားပေးခြင်းဖြစ်ပြီး ပညာသင်ကာလအတွင်း စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ ဝါယမစိုက်ထုတ်ကြိုးစားသင်ယူ ခဲ့သည့် မောင်မယ်များကိုလည်း အသိအမှတ်ပြုလို၍ တက်ရာက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောင်းဆင်း မောင်မယ်များအနေဖြင့် မိမိတို့ သင်ယူတတ်မြောက်ထားသည့် ပညာရပ်များဖြင့် မိမိတို့ မိသားစုအကျိုး၊ ပြည်နယ်အကျိုး၊ နိုင်ငံ့အကျိုးကို တစ်ထောင့်တစ်နေရာက ဝါယမစိုက်ထုတ်ကြိုးပမ်းစေလိုကြောင်း၊ သို့ဖြစ်၍ မိမိတို့ပြည်နယ် အစိုးရအဖွဲ့ အနေဖြင့်စိုက်ပျိုးရေးကဏ္ဍများ ယခုထက်မက တိုးတက်ရေးအတွက် တတ်စွမ်းသည့်ကဏ္ဍများမှ အကောင်းဆုံးချိတ်ဆက်ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးသိပ္ပံ (ဒီးမော့ဆို) ကျောင်းအုပ်ကြီးက စိုက်ပျိုးရေး ဒီပလိုမာရရှိသည့် ကျောင်းသား ကျောင်းသူများအား စိုက်ပျိုးရေးဒီပလိုမာများကို အပ်နှင်းပေးအပ်ခဲ့ပြီး ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက ပထမနှစ်မှ နောက်ဆုံးနှစ်အထိ တန်းစဉ်ပေါင်း ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသည့် ထူးချွန် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ထွန်းလေး**

# (၇၃) နှစ်မြောက် မွန်အမျိုးသားနေ့ မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၉**
တပို့တွဲလပြည့်ကျော် ၁ ရက်တွင် ကျရောက်သော (၇၃)နှစ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို မန္တလေးမြို့ ၈၄လမ်းနှင့် ၄၅ လမ်းထောင့်ရှိ သာသနာ(၂၅၀၀) ဓမ္မာရုံတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားကို အာသောကရာမတိုက်၊ ခေမာလောကမွန်ကျောင်းတိုက်ဆရာတော် ဘန္တဒ္ဒ အာလောက၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေး မြို့တော်ဝန် ဒေါက်တာ ရဲလွင်နှင့် ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်၊ မွန်တိုင်းရင်းသားများ ဂုဏ်ထူးဆောင် နာယကကြီး ဦးနိုင်အောင်စိန်နှင့် မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစုများအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်မောင်မြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ **(အောက်ပုံ)**

ထို့နောက် အာသောကရာမတိုက်၊ ခေမာလောကမွန်ကျောင်းတိုက်ဆရာတော်က ဩဝါဒစကား မြွက်ကြားပြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကား ပြောကြားသည်။

ထို့နောက် မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစုများအဖွဲ့ ဥက္ကဋ္ဌက (၇၃)နှစ်မြောက် မွန်အမျိုးသားနေ့ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့သော မွန်တိုင်းရင်းသား သားငယ်၊ သမီးငယ်များအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ပြီး မွန်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေ တင်ဆက်ခဲ့ကြကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**





မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရေယှားကျေးရွာ၌ မဏိစည်သူမင်းတရားကြီး တည်ထားကိုးကွယ်သည့် ရွှေပွင့်လင်းမြတ်စွာဘုရားကြီး ရှေးအစဉ်အလာမပျက် စာရေးတံမဲ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၈ ရက်က ဘုရားကြီးပရဝဏ်၌ ကျင်းပရာ သံဃာအပါး ၁၅၀ အား ဆွမ်းလောင်းလှူစဉ်။ ဟိန်းထက်ဇော် (မြန်မာ့အလင်း)

## လယ်ယာမြေဧက ၁၀၀၀ ကျော်အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်

**မန္တလေး ဖေဖော်ဝါရီ ၉**
မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ဖွဲသင်းကျေးရွာရှိ ကျေးလက်နေတောင်သူများ၏ လယ်ယာမြေဧက ၁၀၀၀ကျော်မှ လယ်ယာ ထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့နိုင်စေရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောက်လုပ်ပေးလျက်ရှိသည်။

အဆိုပါ ကုန်ထုတ်လမ်းမှာ အရှည်ပေ ၇၄၅၀ ၊ အကျယ် ၁၂ ပေ၊ ထု ၂ပေ ၉ လက်မ မြေသားတင်ဂျင်းခင်းခြင်းနှင့် ယင်းလမ်းပေါ်တွင် RC Box culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းနှင့်တာဝန်ရှိသူများက ကျေးရွာလမ်းကော်မတီများနှင့်အတူ ဖေဖော်ဝါရီ ၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဖြိုးထက်အောင်(ပျော်ဘွယ်)**

## ကျောက်ကြီးမြို့နယ်၌ လျှပ်စစ်မီးမရရှိသည့် အိမ်ထောင်စုများအား စွမ်းအားမြင့်မီးဖိုများ အခမဲ့ဖြန့်ဖြူးပေး

**ကျောက်ကြီး ဖေဖော်ဝါရီ ၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ ရာသီဥတုပြောင်းလဲမှု ဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်



သော မြန်မာနိုင်ငံတွင် စွမ်းအားမြင့် မီးဖိုများ ဖြန့်ဖြူးခြင်း စီမံကိန်းအရ ကျေးရွာအရောက် ဖြန့်ဖြူးခြင်းကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်က မြန်မာနိုင်ငံ ကျေးလက်ဒေသများတွင် လောင်စာထင်းသုံးစွဲမှု လျှော့ချလာနိုင်ရေး၊ သစ်တောပြုန်းတီးမှု ကာကွယ်ပေးခြင်းနှင့် နိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်မှုများကို တစ်တပ်တစ်အား ဟန့်တားပေးနိုင်ရန် ရည်ရွယ်ကြောင်းနှင့် စွမ်းအားမြင့် မီးဖိုများကို ကျောက်ကြီးမြို့နယ်အတွင်းရှိ လျှပ်စစ်မီးမရရှိဘဲ ထင်းမီးသုံးစွဲနေသည့် ကျေးရွာအုပ်စု ၂၁ အုပ်စုရှိ အိမ်ထောင်စုဝင် တစ်သောင်းအား နှစ်ကြိမ်ခွဲ၍ အခမဲ့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ပထမအကြိမ်ကျေးရွာအုပ်စု ၁၂ စုရှိ အိမ်ထောင်စု ၅၀၀၀ အား ဖေဖော်ဝါရီလအတွင်း ကျေးရွာများအရောက် အပြီး ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စု ၁၂ အုပ်စုရှိ အုပ်စုအုပ်ချုပ်ရေးမှူးများအား စွမ်းအားမြင့် မီးဖိုများကို တာဝန်ရှိသူများက လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ) **ကိုသားကြီး( ကျောက်ကြီး)**

## မင်းလှမြို့နယ်၌ တိုင်းရင်းဆေးဖြင့် အခမဲ့ ဆေးကုသ

**အထက်မင်းလှ ဖေဖော်ဝါရီ ၉**
မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးလျက်ရှိရာ ကျေးရွာအရောက် ကွင်းဆင်း၍ အခမဲ့ဆေးကုသခြင်းကို မလွန်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာ၌ တိုင်းရင်းဆေးကုဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူးဒေါ်ဇာနည်ဌေးက တိုင်းရင်းဆေးဝါးအကြောင်းနှင့် အဖျားရောဂါအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး ကျေးရွာနေပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၇၅ | ကျပ် | ၈၆၅/၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၈၉၀ | ကျပ် | ၈၈၀/၉၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၃၀/၇၈၀ | ကျပ် | ၈၀၀/၈၁၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၉၀၀ | ကျပ် | ၉၁၀/၉၃၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၅၁ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၉၁ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၅ . ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၇၆ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၀ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၂ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၇ . ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၃၅၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၁ . ၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၀ . ၈၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၄၆၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၂၇၄၈ | ၃၁၆၀၂၀၀၀ |
| MTSH | ၄၀၀၀ | ၄၀၀၀ | ၃၈၈၅ | ၁၅၅၄၀၀၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၂ | ၁၆၈၀၀ |
| FPB | ၂၃၅၀၀ | ၂၃၀၀၀ | ၆၃၂ | ၁၄၅၅၂၀၀၀ |
| TMH | ၂၈၅၀ | ၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

### အခန်း (၆)
### ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်း

၁၄။ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်တစ်ဦးဦး၊ လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်တစ်ဦးဦးသည် ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကူးစက်ရောဂါဖြစ်ပွားသည့်အခါ ထိရောက်စွာ ထိန်းချုပ်နှိမ်နင်းနိုင်ရန် ကျန်းမာရေးအရာရှိ၏ ကြီးကြပ်ကွပ်ကဲ လမ်းညွှန်မှုဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်–

(က) အိမ်တွင်း၊ အိမ်ပြင် သို့မဟုတ် ခြံတွင်း၊ ခြံပြင်သန့်ရှင်းရေး၊

(ခ) ရေတွင်း၊ ရေကန်နှင့် ရေမြောင်းများ သန့်ရှင်းရေး၊

(ဂ) အညစ်အကြေးများကို ကျန်းမာရေး စံသတ်မှတ်ချက်များနှင့်အညီ သိမ်းဆည်းစွန့်ပစ်ရေး သို့မဟုတ် မီးရှို့ဖျက်ဆီးရေး၊

(ဃ) ယင်လုံအိမ်သာ ဆောက်လုပ်ရေးနှင့် သန့်ရှင်းစွာထားရှိသုံးစွဲရေး၊

(င) ပိုးလောက်လန်း၊ ခြင်၊ ယင်၊ ပိုးမွှားနှင့် ကြွက်နှိမ်နင်းရေး၊

(စ) အခြားလိုအပ်သော ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရေး။

### အခန်း (၇)
### ကူးစက်ရောဂါဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ တိုင်ကြားခြင်းနှင့် ပြုမူဆောင်ရွက်ခြင်း

၁၅။ (က) အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်တစ်ဦးဦး၊ လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်တစ်ဦးဦးသည် ကြက်၊ ငှက်အပါအဝင် တိရစ္ဆာန်များ အစုလိုက်အပြုံလိုက် သေဆုံးကြောင်း သိရှိလျှင် သိရှိချင်း အနီးဆုံး အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ဖြစ်စေ၊ အစိုးရကျန်းမာရေးဌာနသို့ဖြစ်စေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ဖြစ်စေ ချက်ချင်းသတင်းပို့ တိုင်ကြားရမည်။

(ခ) အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်တစ်ဦးဦး၊ လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ် တစ်ဦးဦးသည် အောက်ပါကိစ္စရပ်တစ်ခုခုဖြစ်ပွားကြောင်း သိရှိလျှင်သိရှိချင်း အနီးဆုံး အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ဖြစ်စေ၊ အစိုးရကျန်းမာရေးဌာနသို့ဖြစ်စေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ဖြစ်စေ ချက်ချင်းသတင်းပို့ တိုင်ကြားရမည်။

(၁) ကြွက်ကျခြင်း၊

(၂) ကူးစက်မြန်ရောဂါဖြစ်ပွားခြင်း သို့မဟုတ် ဖြစ်ပွားသည်ဟု သံသယရှိခြင်း၊

(၃) သတင်းပို့တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်း၊

(ဂ) ပုဒ်မခွဲ (က)နှင့် (ခ) တို့ပါ အဖွဲ့အစည်းသုံးရပ်အနက် သတင်းလက်ခံရရှိသည့် အဖွဲ့အစည်းတစ်ရပ်ရပ်သည် သတင်းကို ကျန်အဖွဲ့အစည်းနှစ်ရပ်တို့သို့ ဆက်လက်ပေးပို့ရမည်။

၁၆။ ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများသည် သတင်းပို့ တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် သံသယလူနာ တစ်ဦးဦးကို စမ်းသပ်ခြင်း၊ စစ်ဆေးခြင်း သို့မဟုတ် ဆေးကုသခြင်းပြုရာတွင် ကူးစက်ရောဂါတွေ့ရှိပါက အနီးဆုံးရှိ အစိုးရကျန်းမာရေးဌာန တစ်ခုခုသို့ ဆောလျင်စွာ သတင်းပို့တိုင်ကြားရမည်။

၁၇။ လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည်

(က) အစားအသောက်မှတစ်ဆင့် ကူးစက်စေနိုင်သော ရောဂါဖြစ်ပွားနေသူ သို့မဟုတ် ယင်းရောဂါပိုး သယ်ဆောင်နေသူတစ်ဦးဦးကို အစားအစာချက်ပြုတ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်သိမ်းဆည်းခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းစသည့်လုပ်ငန်းများတွင် သတ်မှတ်ကာလအတွင်း ပါဝင်လုပ်ကိုင်စေခြင်းမပြုရန်၊

(ခ) အစားအသောက်မှတစ်ဆင့် ကူးစက်စေနိုင်သော ရောဂါဖြစ်ပွားနေသူ သို့မဟုတ် ယင်းရောဂါပိုး သယ်ဆောင်နေသူ တစ်ဦးဦးကို ဆေးကုသမှုပေးရန်နှင့် ရောဂါကင်းစင်သည်အထိ ပြန်လည်စစ်ဆေးပေးရန် စီစဉ်ဆောင်ရွက်ရမည်။

၁၈။ ကူးစက်ရောဂါရှိသူ တစ်ဦးဦးသည် မိမိတွင် ကူးစက်ရောဂါရှိမှန်းသိလျက်နှင့် အခြားသူ တစ်ဦးဦးကို ရောဂါကူးစက်စေရန်ဖြစ်စေ၊ လူတစ်ဦးမှ အခြားသူတစ်ဦးဦးကို ရောဂါကူးစက်ဖြစ်ပွားစေရန် ဖြစ်စေ ဆောင်ရွက်ခြင်း မပြုရ။

### အခန်း(၈)
### အသွားအလာ တားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း

၁၉။ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ကျန်းမာရေးအရာရှိသည် အောက်ပါကိစ္စရပ်များအတွက် လိုအပ်သည့်အချိန်ကာလတစ်ခုအထိ တားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့်အမိန့်ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ထုတ်ပြန်နိုင်သည်–

(က) ကူးစက်မြန်ရောဂါဖြစ်ပွားနေသူ သို့မဟုတ် ရောဂါလက္ခဏာမရှိသော်လည်း ကူးစက်မြန်ရောဂါပိုး သယ်ဆောင်ထားသူဟု ယူဆရသူ သို့မဟုတ် ကူးစက်မြန်ရောဂါပိုးရှိသူတစ်ဦးဦးနှင့် ထိတွေ့ခြင်း၊ အနီးကပ်နေထိုင်ခြင်းပြုခဲ့သူတစ်ဦးဦးအား နေအိမ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းနှင့် ဘော်ဒါဆောင်များမှ ထွက်ခွာသွားလာခွင့်၊

(ခ) ကူးစက်မြန်ရောဂါ ဖြစ်ပွားရာ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းရှိသူများကို သတ်မှတ်နေရာမှအပ ပြင်ပသို့ ထွက်ခွာသွားလာခွင့်၊

(ဂ) ပြင်ပမှလူများအား ကူးစက်မြန်ရောဂါ ဖြစ်ပွားရာနေအိမ်၊ အဆောက်အအုံ၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းသို့ ဝင်ရောက်ခွင့်၊

(ဃ) မီးရထား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ် သို့မဟုတ် အခြားယာဉ်တစ်မျိုးမျိုးဖြင့် ပြည်တွင်းမှဖြစ်စေ ပြည်ပမှရောက်ရှိလာသူများအနက်မှဖြစ်စေ ကူးစက်မြန်ရောဂါဖြစ်ပွားနေသူ သို့မဟုတ် သံသယလူနာပါရှိလာပါက ယင်းရောဂါဖြစ်ပွားနေသူ သို့မဟုတ် သံသယလူနာအား ကျန်းမာရေးစစ်ဆေးရန်၊ စောင့်ကြပ်ကြည့်ရှုရန်၊ ပြုစုကုသရန်နှင့် သီးခြားထားရှိကုသရန်အလို့ငှာ လိုအပ်သော အချိန်ကာလအထိ သတ်မှတ်နေရာမှအပ ဝင်ထွက်သွားလာခွင့်၊

(င) ကူးစက်မြန်ရောဂါ ဖြစ်ပွားပါက လူစုလူဝေးနှင့်ကျင်းပသည့် ပွဲလမ်းသဘင်၊ အခမ်းအနား၊ အစည်းအဝေးများကို ကျင်းပပြုလုပ်ခွင့် သို့မဟုတ် ကျင်းပဆဲဖြစ်ပါက ဆက်လက်ကျင်းပပြုလုပ်ခွင့်၊

(စ) ကူးစက်မြန်ရောဂါ ဖြစ်ပွားသည်ဟု သံသယရှိသည့် တိရစ္ဆာန် သို့မဟုတ် ယင်းတိရစ္ဆာန်ထွက်ပစ္စည်း သယ်ဆောင်လာသောယာဉ်အား ဝင်ထွက်သွားလာခွင့်။

၂၀။ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ကျန်းမာရေးအရာရှိသည် ကူးစက်ရောဂါ သို့မဟုတ် ကူးစက်မြန်ရောဂါ ဖြစ်ပွားမှုနှင့် ဆက်စပ်သော နေရာ၊ လူပုဂ္ဂိုလ်၊ ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်၊ အချက်အလက်၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အများပြည်သူ အထိတ်တလန့် ဖြစ်စေနိုင်မည့် သတင်းရယူခြင်း၊ ပြောဆိုခြင်း၊ ရေးသားခြင်း သို့မဟုတ် သတင်းထုတ်ပြန်ခြင်း မပြုရန် ကာလသတ်မှတ်၍ တားမြစ်ပိတ်ပင်နိုင်သည်။

၂၁။ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသောအဖွဲ့အစည်း သို့မဟုတ် ကျန်းမာရေးအရာရှိသည် ပုဒ်မ ၁၉ နှင့် ၂၀ တို့အရ ဆောင်ရွက်သည့်ကိစ္စများကို ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ ဆောလျင်စွာ တင်ပြအစီရင်ခံရမည်။

### အခန်း (၉)
### အပြည်ပြည်ဆိုင်ရာဝင်ပေါက်များတွင် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

၂၂။ (က) အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ပေါက်များတွင် တာဝန်ကျသော ကျန်းမာရေးအရာရှိတစ်ဦးဦးသည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည်–

(၁) ခရီးသည်တစ်ဦးဦး သို့မဟုတ် ယာဉ်တာဝန်ခံတစ်ဦးဦးထံမှ ကျန်းမာရေးဆိုင်ရာ မှတ်တမ်း၊ အထောက်အထားနှင့် စာရွက်စာတမ်းများ၊ ဆက်သွယ်ရမည့် နေရပ်လိပ်စာ အပါအဝင် သက်ဆိုင်သည့် အချက်အလက်များအား လိုအပ်သလို တောင်းယူစစ်ဆေးခြင်း၊ ကျန်းမာရေးဆိုင်ရာ ဆန်းစစ်မေးခွန်းပုံစံများတွင် ခရီးသည်ကိုယ်တိုင် မိမိ၏ကျန်းမာရေးအခြေအနေကို ဖြည့်သွင်းဖော်ပြစေခြင်းနှင့် လိုအပ်သော ကျန်းမာရေးဆိုင်ရာ စမ်းသပ်စစ်ဆေးမှု ပြုလုပ်ခြင်း၊

(၂) ခရီးသည်၏ ကာကွယ်ဆေးထိုးနှံထားရှိမှုမှတ်တမ်း တောင်းယူစစ်ဆေးခြင်းနှင့် ကာကွယ်ဆေး တိုက်ကျွေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို လိုအပ်သလို ဆောင်ရွက်ခြင်း၊

(၃) ယာဉ်နှင့်ကုန်ပစ္စည်းများတွင် ခြင်၊ ယင်၊ ပိုးမွှား၊ ကြွက်နှင့် ရောဂါပိုးများ ကင်းစင်မှု အခြေအနေကို စစ်ဆေးခြင်း၊ လိုအပ်သော အထောက်အထားများ တောင်းယူစစ်ဆေးခြင်းနှင့် လိုအပ်သလို လမ်းညွှန်ခြင်း၊

(၄) ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် သံသယလူနာတွေ့ရှိပါက အဆိုပါလူနာအပါအဝင် လူနာနှင့် ထိတွေ့သူများကို သတ်မှတ်ထားသောနေရာတွင် ထားရှိပြီး အသွားအလာ တားမြစ်ပိတ်ပင်၍ စောင့်ကြပ်ကြည့်ရှုခြင်း သို့မဟုတ် သတ်မှတ်ထားသော ဆေးရုံ၊ ဆေးခန်းများတွင် သီးခြားထားရှိကုသခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်ခြင်း၊

(၅) လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်နှင့် အခြားယာဉ်တစ်မျိုးမျိုး၌ ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် သံသယလူနာ သို့မဟုတ် ခြင်၊ ယင်၊ ပိုးမွှား၊ ကြွက်နှင့် တိရစ္ဆာန်များပါရှိသည်ဟု သံသယရှိပါက အဆိုပါယာဉ်များအား သတ်မှတ်နေရာတွင်သာ ဆိုက်ကပ်စေခြင်းနှင့် ကုန်တင်၊ ကုန်ချခြင်းများ ပြုလုပ်စေရန် သို့မဟုတ် ဆိုက်ကပ်ခြင်းနှင့်ကုန်တင်၊ ကုန်ချခြင်းများ လုံးဝမပြုလုပ်စေရန် တားမြစ်ခြင်း၊

(၆) နိုင်ငံတကာ ခရီးသွားလာသူများအတွက် ကာကွယ်ဆေးထိုးနှံပေးခြင်း အပါအဝင် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စီမံဆောင်ရွက်ပေးခြင်း၊

(၇) အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဝန်ကြီးဌာနတို့က အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များနှင့်အညီ ကူးစက်ရောဂါနှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ ထိန်းချုပ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခြင်းနှင့် လမ်းညွှန်ခြင်း။

(ခ) သက်ဆိုင်ရာ ကျန်းမာရေးအရာရှိသည် ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် မိမိဆောင်ရွက်မည့်လုပ်ငန်းနှင့် ဆက်စပ်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ပုဒ်မ ၂၃ (က) ပါ အကြောင်းကြားချက်ကိုရရှိပါက တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူထံ ဆက်သွယ်အကြောင်းကြားရမည်။

၂၃။ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ဝင်ရောက်လာသော လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်နှင့် အခြားယာဉ်တစ်မျိုးမျိုး၏ သက်ဆိုင်ရာ ယာဉ်တာဝန်ခံများသည်–

(က) ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားသည့် ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် သံသယလူနာ၊ တိရစ္ဆာန် သို့မဟုတ် တိရစ္ဆာန်ထွက်ပစ္စည်းများ ပါရှိသည်ဟု သံသယရှိလျှင် ယာဉ်မဆိုက်ရောက်မီ သက်ဆိုင်ရာ ကျန်းမာရေးအရာရှိထံ ကြိုတင်အကြောင်းကြားရမည်။

(ခ) လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်နှင့် အခြားယာဉ်တစ်မျိုးမျိုးမှတစ်ဆင့် အညစ်အကြေးများကို စွန့်ပစ်ရာတွင် ပတ်ဝန်းကျင်သို့ ကူးစက်ရောဂါပိုးများ ပျံ့နှံ့မှုမရှိစေရေးအတွက် ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၄။ ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ကုန်ပစ္စည်းလက်ခံစစ်ဆေးသူသည် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ဝင်ရောက်လာသည့် ကုန်ပစ္စည်း၊ ကုန်သေတ္တာနှင့် ယာဉ်များတွင် ကူးစက်ရောဂါပိုးကင်းစင်ရေး စစ်ဆေးရန်နှင့် ပိုးသန့်စင်ရန် တာဝန်ယူဆောင်ရွက်ရမည်။

၂၅။ အပြည်ပြည်ဆိုင်ရာဝင်ပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ပေါက်များတွင် ကူးစက်ရောဂါများကို သယ်ဆောင်ကူးစက်ပျံ့နှံ့စေနိုင်သော ခြင်၊ ယင်၊ ပိုးမွှားနှင့် ကြွက်များ ကင်းစင်ရေးအတွက် တာဝန်ယူထားသော အဖွဲ့အစည်းမှ တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် အလုပ်ရှင်က တာဝန်ယူ ဆောင်ရွက်ရမည်။

၂၆။ အပြည်ပြည်ဆိုင်ရာဝင်ပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ပေါက်များတွင် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို ဆောင်ရွက်ရာ၌ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ကုမ္ပဏီများနှင့်အဖွဲ့အစည်းအသီးသီးအနေဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရမည်။

### အခန်း (၁၀)
### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၇။ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်မည်သူမဆို ပုဒ်မ ၇ အရ ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသောင်းမှအများဆုံး ကျပ်ငါးသောင်းအထိငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၂၈။ မည်သည့်လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၇ အရ ထုတ်ပြန်သော အမိန့် သို့မဟုတ် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ထောင်ဒဏ် ၆ လ ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၈ အရ ကျန်းမာရေးအရာရှိ၏ စီမံဆောင်ရွက်ခြင်းကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်း ဖြစ်ပါက ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၀။ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်မည်သူမဆို ပုဒ်မ ၁၄ ပါ လုပ်ငန်းများကို ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်သုံးသောင်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၁။ မည်သည့်လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၁၄ ပါ လုပ်ငန်းများကို ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံ ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

*စာမျက်နှာ ၁၉ သို့*

# နိုဗယ်ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ မြန်မာနိုင်ငံကြက်ခြေနီအသင်း ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ တာချီလိတ်ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဆောင်သော ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ ဇန်နဝါရီ ၃၁ ရက်မှစတင်ကာ မြန်မာ-ထိုင်း နယ်စပ်အမှတ် (၁) ချစ်ကြည်ရေး တံတားမှ ဝင်ရောက်လာသူများအား ကိုယ်အပူချိန်တိုင်း ကိရိယာဖြင့် တိုင်းတာခြင်းစသည့် ရောဂါကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁ ရက်က ကချင် ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီ ရုံးခန်းမ၌ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီတို့ ပူးပေါင်းပြီး နိုဗယ် ကိုရိုနာဗိုင်းရပ်စ် အကြောင်း သိကောင်းစရာဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနား နည်းပညာတက္ကသိုလ်၊ ဝိုင်းမော် မြို့နယ်တို့မှ ကြက်ခြေနီစေတနာ လုပ်အားရှင်များနှင့် ကချင်အထူး စီမံချက်မှဝန်ထမ်းများ တက်ရောက် ခဲ့ကြသည်။

ဖေဖော်ဝါရီ ၂ ရက်က မိတ္ထီလာ ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဆောင် သော ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် များသည် မိတ္ထီလာမြို့နယ်တွင် လူမှု ကူညီရေးအသင်းများ၊ ရပ်မိရပ်ဖများ နှင့်အတူ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးအသိပညာပေး လက် ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ ကို ရပ်ရွာလူထုများအား ပေးဝေခြင်း တို့ဆောင်ရွက်ကြသည်။ ထို့အတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဆောင်သော ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် တွင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနဝန်ထမ်းများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများ နှင့်အတူ ရောဂါကာကွယ်ရေး အသိ ပညာပေး လက်ကမ်းစာစောင်များကို ရပ်ရွာလူထုများအား ပေးဝေခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြင်ဦးလွင်မြို့နယ် ကြက်ခြေနီ အသင်းခွဲ မြို့နယ်တပ်ဖွဲ့မှူး ဦးဆောင်သော ကြက်ခြေနီတပ်ဖွဲ့ဝင် များသည် မြို့နယ်ကျန်းမာရေးဌာနနှင့် ပူးပေါင်းပြီး ဖေဖော်ဝါရီ ၂ ရက်မှ စတင်ကာ ပြင်ဦးလွင် တိုးဂိတ်တွင် ခရီးသွားများအား ကိုယ်အပူချိန်တိုင်း ကိရိယာဖြင့် အပူချိန်တိုင်းခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နှာခေါင်းစည်းများ ပေးဝေခြင်း စသောရောဂါကာကွယ် ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပြီး ဖေဖော်ဝါရီ ၅ ရက်က မွန်ပြည်နယ် သံဖြူဇရပ် တပ်နယ်တွင် တပ်မတော်သားများနှင့် မိသားစု ဝင်များအား နိုဗယ်ကိုရိုနာ ဗိုင်းရပ်စ်ကူးစက်ရောဂါအကြောင်း သိကောင်းစရာ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပရာ သံဖြူဇရပ် မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များက ပူးပေါင်းကူညီဆွေးနွေးခဲ့ကြသည်။

ဖေဖော်ဝါရီ ၆ ရက်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲရှိ အရေးပေါ် ကွပ်ကဲရေး စင်တာအစည်းအဝေးခန်းတွင် မြန်မာ နိုင်ငံကြက်ခြေနီအသင်း၊ ကျန်းမာရေး ဌာနမှ ဦးဆောင်၍ 2019 Novel Corona Virus နှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ရာ အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်အမယာမော်နိုင်နှင့် ညွှန်ကြား ရေးမှူးများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည် ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများဖက်ဒရေးရှင်းနှင့် မိတ်ဖက် ကြက်ခြေနီ အသင်းများမှ တာဝန်ရှိသူ များ တက်ရောက်ခဲ့ကြပြီး ရောဂါ ကြိုတင်ကာကွယ် တားဆီးရေးနှင့် စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။

ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်း က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ ခရိုင် ဝမ်းတွင်းမြို့နယ် ကြက်ခြေနီ အသင်းခွဲနှင့် မြို့နယ်ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနတို့ ပူးပေါင်းကာ နိုဗယ် ကိုရိုနာဗိုင်းရပ်စ်ကြိုတင်ကာကွယ် ရေးအသိပညာပေး ဟောပြောပွဲကို အခြေခံပညာ အထက်တန်းကျောင်း၊ သဲတောတွင် ကျင်းပခဲ့ရာ လက်ဆေး ခြင်းအကြောင်း သိကောင်းစရာများ၊ ရောဂါကြိုတင်ကာကွယ်နိုင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် အကြောင်း အရာများကို ဟောပြောခဲ့ ကြပြီး အသိပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့ကြသည်။ အလားတူမြို့ပေါ်ရှိ အထက (ဝမ်းတွင်း)၊ အမှတ်(၁) အထက(ခွဲ) နှင့်အခြေခံပညာမူလတန်း/အလယ် တန်းကျောင်းများတွင် အသိပညာ ပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ ကြသည်။

ဖေဖော်ဝါရီ ၇ ရက်က စစ်ကိုင်း တိုင်းဒေသကြီး တမူးမြို့နယ် ကြက်ခြေနီ အသင်းခွဲမှ ခရိုင်တပ်ဖွဲ့မှူး ဦးဆောင်သော ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များသည် မြို့နယ် ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနဝန်ထမ်းများနှင့် ပူးပေါင်းကာ အိန္ဒိယနိုင်ငံဘက်မှ တမူးမြို့ နန်းဖာလုံဈေးသို့ ဈေးဝယ် လာရောက်ကြသူများအား ကိုယ်အပူ ချိန်တိုင်းကိရိယာဖြင့် တိုင်းတာခြင်း စသည့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးလုပ်ငန်းများ ဆောင် ရွက်ရာတွင် ပါဝင်ကူညီဆောင်ရွက် ခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း အနေဖြင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ လမ်းညွှန်မှုကိုခံယူ ကာတိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ ကြက်ခြေနီစေတနာ လုပ်အားရှင်များသည် သက်ဆိုင်ရာ ဒေသအသီးသီးရှိ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ ပြည်သူလူထုနှင့်အတူ ပူးပေါင်းကာ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် (အဆုတ် ရောင်ရောဂါ) ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**သတင်းစဉ်**

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ အောင်မြေဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှေ့၌ ဖေဖော်ဝါရီ ၅ ရက်က ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး ကျော် ဝင်းမောင်နှင့်အဖွဲ့က ကျောင်းအုပ် ဆရာမကြီး ဒေါ်လွင်လွင်မြတ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား မှုခင်းပညာပေး ပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။

ရဲပြန်ကြား



## ရေစကြိုမြို့နယ်၌ မြန်မာ့သနပ်ခါးနေ့အထိမ်းအမှတ် ကျင်းပ

**ရေစကြို ဖေဖော်ဝါရီ ၉**

ရှင်မတောင်သနပ်ခါးထွက်ရှိရာ ဒေသဖြစ်သည့် ရေစကြို မြို့နယ်တွင် တပို့တွဲလပြည့်နေ့ မြန်မာ့သနပ်ခါးနေ့အထိမ်း အမှတ်ကို ရေစကြိုမြို့နယ် ရွာထောင်ကျေးရွာတွင် ဖေဖော်ဝါရီ ၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျန်စစ်သားမင်းကြီးတည်ထား ကိုးကွယ်ခဲ့သည့် ရွာထောင်သက်တော်ရှင်ဘုရားကြီးအား သနပ်ခါးသားများဖြင့် မီးပူဇော်ကြသည်။

ထို့နောက် ဒုတိယအကြိမ်မြောက် မြန်မာ့သနပ်ခါး နေ့ကို ဖွင့်လှစ်ပြီး မြန်မာ့သနပ်ခါးနေ့ကျင်းပရခြင်း အကြောင်းကို ရေစကြိုမြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးအောင်ဆန်းက ရှင်းလင်း ပြောကြားသည်။

ထို့နောက် ထမနဲထိုးပွဲနှင့်ပျော်ပွဲရွှင်ပွဲများကို ကျင်းပ ခဲ့ပြီး မြန်မာ့သနပ်ခါးနေ့အထိမ်းအမှတ်ပွဲသို့ တက်ရောက် လာကြသူများအား ထမနဲဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

*စာမျက်နှာ ၁၈ မှ*

၃၂။ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင် မည်သူမဆို ပုဒ်မ ၁၅ အရ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံးကျပ်ငါးသောင်းအထိ ငွေဒဏ် ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ် တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၃။ ပုဒ်မ၁၅ (ဂ) အရ သတင်းပို့ရန်တာဝန်ရှိသူ မည်သူမဆို သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်ငါးသောင်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်း မှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၄။ မည်သည့်လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၁၅ အရ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ် ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းသုံးဆယ်အထိ ငွေဒဏ်ချမှတ်ရမည်။

၃၅။ မည်သည့်ကျန်းမာရေးဝန်ထမ်း သို့မဟုတ် ပုဂ္ဂလိကကျန်းမာရေး ဝန်ထမ်းမဆို ပုဒ်မ ၁၆ အရ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ် ပါက ထိုသူအား အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၆။ မည်သည့်လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်ကိုလိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရ လျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်း ဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ချမှတ် ရမည်။

၃၇။ ကူးစက်ရောဂါရှိသူဖြစ်ကြောင်း ကျန်းမာရေးဌာနတစ်ခုခုက သတ်မှတ် ခြင်းခံရသူ မည်သူမဆို ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါး သိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၈။ မည်သူမဆို ပုဒ်မ ၁၉ ပါတားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ် သည့်အမိန့်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရ လျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်း ဖြစ်ပါက ထိုသူအား အနည်း ဆုံးခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

၃၉။ မည်သူမဆို ပုဒ်မ ၂၀ ပါ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသော ကျန်းမာရေးအရာရှိ၏ စီမံဆောင်ရွက်ခြင်းကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်းမှ အများ ဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါ က ထိုသူအား ထောင်ဒဏ်ခြောက်လ ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သုံး သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၂၂ ပါ ကျန်းမာရေးအရာရှိ၏တာဝန်အရ လုပ်ဆောင်မှု တစ်ခုခုကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ် ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ခြောက်လ မှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်း မှ အများဆုံး ကျပ်သိန်းသုံးဆယ်အထိ ငွေဒဏ် ချမှတ်ရမည်။

၄၁။ မည်သည့်ယာဉ်တာဝန်ခံမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်းတစ်ရာ့ ငါးဆယ်မှ အများဆုံး ကျပ်သိန်းသုံးရာအထိ ငွေဒဏ်ချမှတ်ရမည်။

၄၂။ မည်သည့်ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ကုန်ပစ္စည်းလက်ခံစစ်ဆေး သူမဆို ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း သုံးဆယ်အထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံ ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူ အား အနည်းဆုံးခြောက်လမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရ မည့်အပြင် အနည်းဆုံး ကျပ်သိန်းငါးဆယ် မှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်ချမှတ်ရမည်။

၄၃။ မည်သည့်လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်း ချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူ အား အနည်းဆုံးကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းသုံးဆယ်အထိ ငွေဒဏ် ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်ချမှတ်ရမည်။

### အခန်း (၁၁)
### အထွေထွေ

၄၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ ကူးစက်ရောဂါနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူ ဆောင်ရွက်ရမည်။

၄၅။ ဤဥပဒေတွင်ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကုသရေး ဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဆေးသုတေသန ဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနနှင့် တိုင်းရင်းဆေး ပညာဦးစီးဌာနတို့သည် ဝန်ကြီးဌာန၏ တာဝန်ပေးချက်နှင့်အညီ ဦးစီးဌာန အား ကူညီဆောင်ရွက်ရမည်။

၄၆။ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် သတင်းပို့တိုင်ကြားရမည့် ကူးစက် ရောဂါမဟုတ်သော်လည်း ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါ သို့မဟုတ် ဆေးယဉ်ပါးတီဘီရောဂါ၊ အနာကြီးရောဂါ၊ ငှက်ဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါအပါအဝင် အခြားကူးစက်ရောဂါဖြစ်ပွားမှု များနှင့်စပ်လျဉ်း၍ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် ကူးစက်ရောဂါဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ သို့မဟုတ် ကူးစက်မြန်ရောဂါနှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ ထိန်းချုပ်ခြင်း၊ လိုအပ်သော စုံစမ်း စစ်ဆေးမှုများပြု လုပ်ခြင်း၊ သတ်မှတ်ထားသော အချိန်ကာလအတွင်း တိုင်ကြားသတင်းပေး ပို့ခြင်း၊ အသွားအလာတားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းနှင့် သတင်းထုတ်ပြန်ခြင်းလုပ်ငန်းတို့ကို သတ်မှတ်ချက်များနှင့်အညီ လိုအပ် သလို ဆောင်ရွက်နိုင်သည်။

၄၇။ ဝန်ကြီးဌာနသည်-

(က) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက် ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို မိမိ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၄၈။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၉။ ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတို့နှင့်အညီ တာဝန်အရ ဆောင်ရွက်သူ တစ်ဦးဦး၏ ဆောင်ရွက်ချက်များအပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရား မကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့် မရှိစေရ။

၅၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန် နိုင်သည်။

(ခ) ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၁။ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၁၉၉၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်း လိုက်သည်။

# လူအများအတွက် အန္တရာယ်ရှိလာသော သတင်းမှား ဝက်ဘ်ဆိုက်များ

**သူရဖြိုး**

ယနေ့အချိန်သည် မြန်မာနိုင်ငံ၌ အင်တာနက်နှင့် ဆိုရှယ်မီဒီယာတစ်ခုဖြစ်သော ဖေ့စ်ဘုတ်ကို အသုံးပြုသူ အရေအတွက် အလွန်များပြားနေပြီဖြစ်သည်။ လူအချင်းချင်း ဆက်သွယ်ရေးအပြင် သတင်းအချက်အလက် ရယူရာတွင်လည်း စက္ကန့်မခြား သိနိုင်သော ဆိုရှယ်မီဒီယာကြောင့် ယခင်ကရှိခဲ့သော ပုံနှိပ်သတင်းမီဒီယာများသည် လူများအဖို့ သတင်းနောက်ကျသလို ဖြစ်လာသည်။ ထို့ကြောင့် ပုံနှိပ်သတင်းမီဒီယာများသည် အင်တာနက်နှင့် ဆိုရှယ်မီဒီယာမှတစ်ဆင့် သတင်းများကို ဖော်ပြနိုင်ရန် လုပ်ဆောင်လာကြရသည်။ မြန်မာနိုင်ငံတွင် ပုံနှိပ်မီဒီယာအများစုအနေဖြင့် သတင်းများကို ဝက်ဘ်ဆိုက်နှင့် ဆိုရှယ်မီဒီယာမှတစ်ဆင့် လူအများဆီရောက်အောင် စတင်လုပ်ဆောင်နေချိန်တွင် အွန်လိုင်းသတင်းဝက်ဘ်ဆိုက်အချို့မှာ လူအများကြား ရောက်နေပြီးဖြစ်သည်။

**သတင်းဝက်ဘ်ဆိုက်နှင့် Facebook page များ**

ပုံနှိပ်မီဒီယာများအနေဖြင့် ၎င်းတို့၏ ဝက်ဘ်ဆိုက်နှင့် Facebook page များ ပြုလုပ်၍ သတင်းများ တင်ပေးနေချိန်တွင် ပြင်ပတွင် သတင်းစာတိုက်သို့မဟုတ် ဂျာနယ်တိုက် မရှိဘဲ၊ သတင်းမီဒီယာ ကျင့်ဝတ်များကိုလည်း မသိဘဲ အွန်လိုင်းတွင်သာ ဝက်ဘ်ဆိုက်ပြုလုပ်ထား၍ သတင်းများတင်ပေးနေသော ဝက်ဘ်ဆိုက်များနှင့် ဖေ့စ်ဘုတ်စာမျက်နှာများလည်း ရှိနေသည်။ ထို သတင်းဝက်ဘ်ဆိုက်များသည် သတင်းဖော်ပြသည့်အခါ ဖေ့စ်ဘုတ်တွင် အသုံးပြုသူများက ရေးတင်ထားကြသည့် ပို့စ်များမှ စိတ်ဝင်စားစရာ အကြောင်းအရာများကို အများဆုံး ရှာဖွေဖော်ပြကြသည်။

ထိုကဲ့သို့သော သတင်းဝက်ဘ်ဆိုက်များကို ပြုလုပ်သူများသည် ဝက်ဘ်ဆိုက်တစ်ခု တည်ထောင်လည်ပတ်ရသည့် စရိတ်၊ နေ့စဉ် သတင်းတင်နိုင်ရန် ကုန်ကျသည့်စရိတ်နှင့် အချိန်များအတွက် အကျိုးအမြတ်ကို ကြော်ငြာခမှ ပြန်လည်ရရှိကြသည်။ အဓိကအားဖြင့် ဝက်ဘ်ဆိုက်သို့ ဝင်ရောက်သူ အရေအတွက်အပေါ်မူတည်၍ ကြော်ငြာခကို ရရှိကြပြီး နောက်ပိုင်းတွင် ဖေ့စ်ဘုတ်က ပြုလုပ်ထားသည့် Instant Article ဆိုသည့် လုပ်ဆောင်ချက်ဖြင့်လည်း ဝင်ငွေရရှိနေကြသည့် ဝက်ဘ်ဆိုက်များ ရှိသည်။

**Google Adsense နှင့် ကြော်ငြာဆိုက်များ**

ဝက်ဘ်ဆိုက်များတွင် ကြော်ငြာများကို ထည့်သွင်းဖော်ပြခြင်းဖြင့် ဝင်ငွေရနိုင်ရန် ဝက်ဘ်ဆိုက်ပြုလုပ်သူများသည် နိုင်ငံခြားမှ ကြော်ငြာဝက်ဘ်ဆိုက်များနှင့် ချိတ်ဆက်ထားရပြီး ထိုဝက်ဘ်ဆိုက်များမှပေးသော ကြော်ငြာများကို မိမိတို့ဝက်ဘ်ဆိုက်များရှိ သတင်းများကြားတွင် ထည့်သွင်းဖော်ပြပေးရသည်။

နိုင်ငံခြားမှ ကြော်ငြာများရနိုင်သည့် ဝက်ဘ်ဆိုက်များမှာ အများအပြားရှိသော်လည်း ယခုနောက်ပိုင်းတွင် Google က ပြုလုပ်ထားသည့် Google Adsense ကို ဝက်ဘ်ဆိုက်ပြုလုပ်သူများက အများဆုံး အသုံးပြုလာကြသည်။ Google Adsense သည် ဝက်ဘ်ဆိုက်များတွင် ကြော်ငြာများထည့်ပေးခြင်းဖြင့် ဝင်ငွေရနိုင်သည့် ကြော်ငြာနက်ဝပ်တစ်ခုဖြစ်သည်။ Google Adsense အပါအဝင် ကြော်ငြာဝက်ဘ်ဆိုက်များမှ ကြော်ငြာများကို မိမိတို့ဝက်ဘ်ဆိုက်တွင် ဖော်ပြပေးပြီးနောက် ဝက်ဘ်ဆိုက်ကို ဝင်ရောက်အသုံးပြုသူ အရေအတွက်၊ ဝက်ဘ်ဆိုက်သို့ ဝင်လာသူများ ဝက်ဘ်ဆိုက်ထဲတွင်ရှိနေသည့် ကြာချိန်၊ ဝက်ဘ်ဆိုက်အတွင်းရှိ အကြောင်းအရာ တစ်ခုချင်းအပေါ် ကြည့်နေသည့် ကြာချိန်နှင့် ဖော်ပြထားသော ကြော်ငြာများကို ကလစ်နှိပ်ကြည့်သည့် အရေအတွက် စသည့်အချက်များအပေါ် မူတည်၍ ဝက်ဘ်ဆိုက်ပြုလုပ်သူများအနေဖြင့် ဝင်ငွေ ရရှိကြသည်။

ကြော်ငြာများမှရမည့်ဝင်ငွေ များလာစေရန်အတွက် အရေးကြီးသည့် အချက်မှာ ဝက်ဘ်ဆိုက်သို့ လူများများဝင်အောင် လူအများ စိတ်ဝင်စားနိုင်မည့် အကြောင်းအရာများကို ဝက်ဘ်ဆိုက်ပေါ်တွင် တင်ပေးနိုင်ရမည်ဖြစ်သည်။ နိုင်ငံတကာတွင်ရော၊ မြန်မာနိုင်ငံတွင်ပါ ကြော်ငြာများကို လက်ခံဖော်ပြပေးပြီး ဝင်ငွေရနေသည့် ဝက်ဘ်ဆိုက်များရှိရာတွင် အများစုမှာ မိမိတို့ ကျွမ်းကျင်ရာ အကြောင်းအရာများကို လူအများစိတ်ဝင်စားအောင် ရေးသားဖော်ပြနေခြင်း ဖြစ်သည်။

နိုင်ငံတကာတွင် သတင်း၊ နည်းပညာ၊ အလှအပနှင့် ဖက်ရှင်၊ ချက်ပြုတ်နည်း စသည်ဖြင့် အကြောင်းအရာမျိုးစုံကို လူအများ စိတ်ဝင်စားလာအောင် ရေးသားဖော်ပြနေသည့် ဝက်ဘ်ဆိုက်အမျိုးမျိုးရှိပြီး မြန်မာနိုင်ငံတွင်မူ သတင်း၊ မိသားစုကျန်းမာရေးနှင့် နိုင်ငံတကာ အားကစားသတင်းများကို ဖော်ပြသည့် ဝက်ဘ်ဆိုက်များက ဝင်ကြည့်သူများပြားကာ ကြော်ငြာများလက်ခံဖော်ပြသည့် ဝက်ဘ်ဆိုက်များမှာလည်း ထိုသို့သော ဝက်ဘ်ဆိုက်များက အများဆုံးဖြစ်သည်ကို တွေ့ရသည်။

**ဖေ့စ်ဘုတ်နှင့် Instant article(IA)**

Instant article ဆိုသည်မှာ ၂၀၁၆ ခုနှစ်မှစ၍ ဖေ့စ်ဘုတ်က ပြုလုပ်ထားသော ကြော်ငြာစနစ်ဖြစ်သည်။ ဖေ့စ်ဘုတ်အတွက်ရော၊ ဝက်ဘ်ဆိုက်များတွင် ကြော်ငြာများဖော်ပြ၍ ဝင်ငွေရှာသူများအတွက်ပါ အဆင်ပြေစေရန် ဖေ့စ်ဘုတ်က ပြုလုပ်ထားခြင်းဖြစ်သည်။ Instant article မရှိမီက ဝက်ဘ်ဆိုက်ပြုလုပ်သူများသည် မိမိတို့ဝက်ဘ်ဆိုက်များသို့ လူဝင်များလာစေရန် ဝက်ဘ်ဆိုက်စာမျက်နှာများ၏ Link များကို ဖေ့စ်ဘုတ်ပေါ်တွင် Share ကြသည်။ ထိုဝက်ဘ်ဆိုက်လိပ်စာများကို ကြည့်မည့်သူများသည် ဖေ့စ်ဘုတ်မှထွက်သွားပြီး ဝက်ဘ်ဆိုက်ထဲသို့ ဝင်ကြည့်ကြရသည်။

Instant article စနစ်မှာ ကြော်ငြာများကို ဖေ့စ်ဘုတ်က ရှာထားပြီး လူအများ စိတ်ဝင်စားစေမည့် အကြောင်းအရာများကို ဝက်ဘ်ဆိုက်ပြုလုပ်သူများအား ရှာဖွေစေခြင်းဖြစ်သည်။ ဝက်ဘ်ဆိုက်ပြုလုပ်သူများ ရှာဖွေထားသော လူအများစိတ်ဝင်စားမည့်အကြောင်းအရာများတွင် ဖေ့စ်ဘုတ်က ကြော်ငြာများ ထည့်ပြီး ထိုအတွက် ကြော်ငြာခကို ဝက်ဘ်ဆိုက်ပြုလုပ်သူများထံ ဖေ့စ်ဘုတ်က ပြန်ပေးခြင်းဖြစ်သည်။ ဖေ့စ်ဘုတ် Instant articles ရရှိထားသည့် ဝက်ဘ်ဆိုက်များသည် ဖေ့စ်ဘုတ်တွင် Link များ share သည့်အခါ ဖတ်မည့်သူများသည် ယခင်ကဲ့သို့ ဝက်ဘ်ဆိုက်များထဲသို့ ဝင်သွားစရာမလိုဘဲ ဖေ့စ်ဘုတ်ပေါ်မှာပင် ဖတ်နိုင်ကြသည်။

Google Adsense ရော၊ ဖေ့စ်ဘုတ်၏ Instant Articles ရော နှစ်ခုစလုံးသည် အွန်လိုင်းကို အသုံးပြု၍ မှန်မှန်ကန်ကန် ဝင်ငွေရှာလိုသူများအတွက် အမှန်တကယ် ဝင်ငွေရစေသည့် ပလက်ဖောင်းများဖြစ်သည်။ ထိုနည်းလမ်းဖြင့် ဝင်ငွေရှာဖွေရာတွင် copy right ကို အလေးထားပြီး ခိုးကူးမှုများ အပါအဝင် မသမာမှုများမရှိအောင် စည်းကမ်းချက်များစွာလည်း သတ်မှတ်ထားကြသည်။

သို့ရာတွင် မြန်မာနိုင်ငံမှ ကြော်ငြာဖော်ပြသော ဝက်ဘ်ဆိုက်များမှာမူ ဝက်ဘ်ဆိုက်သို့ ဝင်ကြည့်သူများစေရန် လုပ်ဆောင်ကြသည့်အခါ ကိုယ်တိုင်ရေးသားသော အကြောင်းအရာများကိုသာမက ဖေ့စ်ဘုတ်အသုံးပြုသူများ တင်ထားသည့် ပို့စ်များမှ လူအများစိတ်ဝင်စားမည့် အကြောင်းအရာများကို ကူးယူဖော်ပြခြင်းနှင့် ပုံနှိပ်မီဒီယာများမှ သတင်းများကို ခိုးကူးခြင်းများလည်း ရှိလာသည်။ ပို၍ ဆိုးရွားသည်မှာကား သတင်းမှန်များတွင် မှားယွင်းနေသော အချက်များ ထည့်ခြင်းနှင့် လုံးဝမမှန်သောအကြောင်းအရာများကို သတင်းပုံစံဖြင့် ရေးသားဖော်ပြခြင်းဖြင့် ရေး၍ လူများစိတ်ဝင်စားစေရန် ပြုလုပ်လာကြခြင်းတို့ ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# လူကြိုက်များတဲ့ဖုန်းတစ်လုံး ဖြစ်လာမယ့် Huawei Y7p

Huawei Y7p ဟာ နိုင်ငံတကာဈေးကွက်မှာ ဖေဖော်ဝါရီ လဆန်းမှာမှ စတင်ရောင်းချတဲ့ စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ပြီး ပြည်တွင်းဈေးကွက်မှာတော့ အခုအချိန်မှာ အကြိုမှာယူမှုသာ လက်ခံနေသေးတာ တွေ့ရပါတယ်။ ဈေးနှုန်း မများသလို ဒီဇိုင်းပိုင်း လှပပြီး စွမ်းဆောင်ရည်ကလည်း ဈေးနှုန်းနဲ့ ထိုက်တန်အောင် ကောင်းမွန်တဲ့အတွက် ဈေးကွက်အတွင်းမှာ လူကြိုက်များလာနိုင်တဲ့ စမတ်ဖုန်းတစ်လုံး ဖြစ်ပါတယ်။

မျက်နှာပြင်အကျယ်က ၆ ဒသမ ၃၉ လက်မရှိပြီး screen ရဲ့အောက်ဘက် ဘောင်နေရာ အနည်းငယ်ကလွဲရင် full screen နီးပါးဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာကို screen ထဲမှာပဲ ဖောက်ထည့်ထားတဲ့အတွက် notch နေရာ မပါဝင်တော့ဘဲ ပိုကောင်းတဲ့မြင်ကွင်းကို ရရှိမှာဖြစ်ပါတယ်။ Resolution က 720 x 1560 pixels ရှိလို့ ရုပ်ထွက်အရည်အသွေး ကောင်းမွန်ပြီး LCD screen ဖြစ်နေတာကတော့ မကြိုက်သူတွေအဖို့ အားနည်းချက်လို့ ဆိုနိုင်ပါတယ်။

အန်းဒရွိုက်ဗားရှင်းက နောက်ဆုံးထွက် 9.0(Pie)ဖြစ်ပြီး ဟွာဝေးရဲ့ EMUI 9.1 နဲ့တွဲပြီး ထုတ်လုပ်ထားပါတယ်။ Hisilicon Kirin 710F Chipset ပေါ်မှာ Cortex A–73 နဲ့ A–53 Octa–core CPU ပါဝင်ပြီး RAM 4GB ဖြစ်လို့ အက်ပလီကေးရှင်းနဲ့ ဂိမ်းအများစုကို ပေါ့ပေါ့ပါးပါး အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အင်တာနယ်မင်မိုရီက 64 GB ဖြစ်ပြီး မင်မိုရီကတ်လည်း ထပ်စိုက်သုံးနိုင်ပေမယ့် သီးသန့်အပေါက်မပါလို့ ဒုတိယဆင်းကတ်နေရာမှာ ထည့်သုံးရမှာဖြစ်ပါတယ်။ ဆင်းကတ်အနေနဲ့ GSM ဆင်းကတ် နှစ်ကတ် ထည့်သုံးနိုင်ပြီး အင်တာနက်အတွက် 4G ကို ထောက်ပံ့ပေးထားပါတယ်။

Y7p ရဲ့ ကင်မရာပိုင်းဟာ ဈေးမများတဲ့ ဖုန်းတစ်လုံးအနေနဲ့ ကောင်းလွန်းတယ်လို့တောင် ဆိုနိုင်ပါတယ်။ ကျောဘက် ပင်မကင်မရာဟာ ၄၈ မဂ္ဂါပစ်ဇယ် (Wide)ကင်မရာ၊ ၈ မဂ္ဂါပစ်ဇယ် (Ultrawide)ကင်မရာနဲ့ ၂ မဂ္ဂါပစ်ဇယ်(Depth Sensor) ကင်မရာတွေ ပါဝင်တဲ့ Triple ကင်မရာဖြစ်လို့ အရည်အသွေးကောင်းတဲ့ ဓာတ်ပုံတွေနဲ့အတူ 1080 pixels HD အရည်အသွေး ဗွီဒီယိုတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာကလည်း ၈ မဂ္ဂါပစ်ဇယ်ရှိလို့ ပေါ့ပေါ့ပါးပါး ဆယ်လ်ဖီပုံရိုက်တာ၊ ဗီဒီယိုကောလ်ပြောတာတွေအတွက် အဆင်ပြေပါတယ်။

ဘက်ထရီပိုင်းမှာ 4000 mAh ရှိတဲ့ Li–Po ဘက်ထရီ ပါဝင်လို့ စွမ်းဆောင်ရည် ကောင်းမွန်ပါတယ်။ 10 W အမြန်နှုန်းနဲ့လည်း အားသွင်းနိုင်မှာဖြစ်ပါတယ်။ USB ကတော့ microUSB 2.0 ဖြစ်ပါတယ်။ Fingerprint sensor က ကျောဘက်မှာပဲ ပါဝင်ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ အပြာရောင်နဲ့ အနက်ရောင် နှစ်မျိုး ရနိုင်မှာဖြစ်ပြီး ဈေးနှုန်းက ကျပ် ၂၃၀၀၀၀ ဝန်းကျင်သာ ရှိပါတယ်။ လက်ရှိအချိန်မှာ ဖုန်းဆိုင်အချို့မှာ pre order မှာယူနိုင်ပြီဖြစ်ပါတယ်။ **ကျော်ဇင်ဦး**



# အူရီဒူးနှင့် UNDP ပူးပေါင်း၍ ဒစ်ဂျစ်တယ် စွန့်ဦးတီထွင်မှုကို မြှင့်တင်ပေးရန် ဌာနဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

အူရီဒူးမြန်မာနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)(မြန်မာ)တို့ ပူးပေါင်း၍ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို ပံ့ပိုးရန် ဆန်းသစ်တီထွင်မှုဌာန(Innovation Hub)ကို ဖေဖော်ဝါရီ ၆ ရက်က ရန်ကုန်မြို့ရှိ အူရီဒူးမြန်မာ ရုံးချုပ်၌ ဖွင့်လှစ်ခဲ့သည်။




အူရီဒူးမြန်မာ၏ Innovation Hub ဖွင့်ပွဲကျင်းပနေစဉ်ခ

ဒစ်ဂျစ်တယ် ဆန်းသစ်တီထွင်မှုများမှတစ်ဆင့် မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ရေး တိုးမြှင့်လုပ်ဆောင်ပေးသွားရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး ရည်မှန်းချက်ကြီးမားသော စွန့်ဦးတီထွင်သူလူငယ်များအား လိုအပ်သည့် နည်းပညာဆိုင်ရာ အထောက်အပံ့နှင့် အချင်းချင်းပေါင်းစည်းချိတ်ဆက်ပေးခြင်းများကို ကူညီဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့အား ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးမည်ဖြစ်ကာ ၎င်းတို့ တီထွင်ထားသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဈေးကွက်သို့ထိုးဖောက်နိုင်ရန်လည်း ပံ့ပိုးကူညီပေးမည်ဟု သိရသည်။

ဆန်းသစ်တီထွင်မှုဌာန ဖွင့်ပွဲတွင် အူရီဒူးမြန်မာ၏ CEO Mr. Rajeev Sethi က "ကျွန်တော်တို့ ပူးပေါင်းကျင်းပခဲ့ကြတဲ့ Hackathon ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်သူတွေဟာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုတွေအတွက် ဆန်းသစ်တီထွင်တဲ့ ရလဒ်တွေကို ရှာဖွေဖော်ဆောင်ပေးနိုင်ဖို့ တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်လာတာကို တွေ့မြင်နေရပါတယ်။ ဒီ ဆန်းသစ်တီထွင်မှုဌာနက စွန့်ဦးတီထွင်လိုသူတွေအပြင် မြန်မာနိုင်ငံက နည်းပညာ ဖော်ဆောင်သူတွေကို သူတို့တွေရဲ့ ဆန်းသစ်တဲ့စိတ်ကူးတွေ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ဒစ်ဂျစ်တယ် ဆန်းသစ်မှုတွေကို ရှေ့ဆက်ပြီး အကောင်အထည်ဖော်နိုင်ဖို့အတွက် ကူညီဖို့ နေရာတစ်ခုသတ်မှတ်ပြီး လုပ်ဆောင်ပေးမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အူရီဒူးမြန်မာနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တို့သည် မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စေရန်အတွက် အိုင်စီတီနည်းပညာကို အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ရန် နားလည်မှုစာချွန်လွှာကို ၂၀၁၈ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ Hackathon ပြိုင်ပွဲကို ၂၀၁၈ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ရာ နှစ်ကြိမ် ကျင်းပနိုင်ခဲ့ပြီးဖြစ်သည်။

Hackathon ပြိုင်ပွဲသည် မြန်မာနိုင်ငံမှ လူငယ်များအတွက် ၎င်းတို့၏ မိုဘိုင်းအက်ပလီကေးရှင်းများ၏ ရှေ့ပြေးပုံစံနှင့် စီးပွားရေးဆိုင်ရာစိတ်ကူးများကိုတင်ပြရန် ပလက်ဖောင်းတစ်ခု ဖန်တီးပေးနိုင်ခဲ့ကာ ဆုရရှိသည့် လူငယ်စွန့်ဦးတီထွင်သူများအား ငွေကြေးဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့များလည်း ပေးအပ်ခဲ့ပြီးဖြစ်သည်။

ယခုဖွင့်လှစ်သည့် ဆန်းသစ်တီထွင်မှုဌာနသည် အူရီဒူးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်တို့ ပူးပေါင်းကျင်းပခဲ့သည့် Hackathon ပြိုင်ပွဲကြီးတွင် ပါဝင်ခဲ့ကြသော လုပ်ငန်းစတင်လုပ်ကိုင်မည့် လူငယ်များနှင့် လုပ်ငန်းစတင်လိုသော လူငယ်များအား အခမဲ့နှင့် အစဉ်အမြဲ အသုံးပြုခွင့်ရအောင် ခွင့်ပြုပေးထားမည်ဖြစ်သည်။

အဆိုပါဌာနမှ လုပ်ဆောင်ပေးသွားမည့် အစီအစဉ်များထဲတွင် လမ်းညွှန်ပြသပေးမှုများ၊ နိုင်ငံတကာမှ အလေ့အကျင့်ကောင်းများကို အခြေခံထားသော စခန်းသွင်းလေ့ကျင့်မှုများ ပါဝင်မည်ဖြစ်၍ ဖွံ့ဖြိုးစနှင့် လုပ်ငန်းစတင်ခါစ စွန့်ဦးတီထွင်သူများအား ဆန်းသစ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အရည်အသွေးမြှင့်တင်ပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် လေ့ကျင့်ပျိုးထောင်ပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် အဆင့်မြင့် အိုင်စီတီနည်းပညာများကို လေ့လာခြင်းနှင့် စီးပွားရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း စံပြပုံစံများ တည်ဆောက်ပေးခြင်းတို့ကို အထူးလေ့ကျင့်ပေးမည့် သင်တန်းအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကာ ရာသီဥတုပြောင်းလဲခြင်း၊ ပညာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့် အခန်းကဏ္ဍ မြှင့်တင်ပေးရေး စသည်တို့ ပါဝင်သည့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များအတွက်လည်း အဆိုပါဌာန၏ အဖွဲ့ဝင်များက ကူညီပံ့ပိုးပေးသွားမည်ဟု သိရသည်။

**သူရဖြိုး**

# လိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး Y.M.B.A. (The Young Men's Buddhist Association)၏ ရာသက်ပန်ဂုဏ်ထူးဆောင်နာယက၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် **ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်** ကို ၈-၂-၂၀၂၀ရက်၊ တပို့တွဲလပြည့်နေ့တွင် ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်းကြီး Y.M.B.A. ၏ အမြင့်ဆုံးဘွဲ့ဖြစ်သော **"အဂ္ဂမဟာမင်္ဂလဓမ္မ ဇောတိကဓဇ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် Y.M.B.A. အသင်းကြီး၏ မွန်မြတ်သော ဆောင်ပုဒ်ဖြစ်သည့် "အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာရေး"များကို ဆတက်ထမ်းပိုး အစဉ်ကြိုးပမ်းဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း**
**အမှတ်စဉ်(၁၉)မှ သူငယ်ချင်းများနှင့်**
**မိသားစုများ**

# လိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး Y.M.B.A. (The Young Men's Buddhist Association)၏ ရာသက်ပန်ဂုဏ်ထူးဆောင်နာယက၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် **ဗိုလ်ချုပ်မှူးကြီး မဟာသရေ စည်သူ မင်းအောင်လှိုင်** ကို ၈-၂-၂၀၂၀ရက်၊ တပို့တွဲလပြည့်နေ့တွင် ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်းကြီး Y.M.B.A. ၏ အမြင့်ဆုံးဘွဲ့ဖြစ်သော **"အဂ္ဂမဟာမင်္ဂလဓမ္မ ဇောတိကဓဇ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် Y.M.B.A. အသင်းကြီး၏ မွန်မြတ်သော ဆောင်ပုဒ်ဖြစ်သည့် "အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာရေး"များကို ဆတက်ထမ်းပိုး အစဉ်ကြိုးပမ်းဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချယ်ရီရိပ်ဖောင်ဒေးရှင်း**

မြင်းခြံမြို့(မြို့ပတ်လမ်းဘေး)မျက်နှာစာအကျယ်(၁၀၀)ပေ၊ အရှေ့အနောက်အကျယ်(၂၂၀)ပေ ပိုင်ဆိုင်မှုခိုင်မာသော(ပါမစ်မြေ)အုတ်တံတိုင်းခတ်ပြီး၊ ရေမီးအပြည့်အစုံ၊ အဆောက်အဦးတစ်လုံးပါပြီး မြေကွက်ကြီးအားရောင်းမည်။ Ph 09-448548778, 09-2039566

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (လျှောက်လွှာခေါ်ယူခြင်း)

၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းဌာန လက်အောက်ရှိ ရေယာဉ်များတွင် တာဝန်ထမ်းဆောင်ရန် ရေယာဉ်အုပ်-၅ (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)ရာထူး နေရာ ဝန်ထမ်း(၁၀)ဦး ခန့်ထားသွားမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က)ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်တန်းစာမေးပွဲကို သိပ္ပံ(သို့မဟုတ်)ဝိပ္ပံ ဘာသာတွဲဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဂ) အိမ်ထောင်မရှိသူ(အမျိုးသား) (၃၁-၁၂-၂၀၁၉)ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၂၅)နှစ်ထက် မကြီးသူဖြစ်ရမည်။

(ဃ)ရေကူးတတ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်ပြီး မျက်စိအနီး/အဝေး ကောင်းမွန်သူ ဖြစ်ရမည်။

(စ) ရွေးချယ်ခန့်ထားခြင်းခံရလျှင် ဌာနတွင် အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ (စာချုပ်ချုပ်ဆိုရမည်။

(ဆ)နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဇ) အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

၃။ ရေယာဉ်အုပ်-၅ ရာထူးဝန်ထမ်းအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် အောက်ပါအခွင့်အလမ်းများ ရရှိမည်ဖြစ်သည်-

(က) စတင်ခန့်ထားသည့် နေ့မှစ၍ သင်္ဘောသားရာထူး(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)ဖြင့် ခံစားခွင့်ရမည်။ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ်တွင် သင်တန်း(၆)လ တက်ရောက်ပြီးက ရေယာဉ်အုပ်-၅ ရာထူးလစာနှုန်းကျပ်(၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)ခံစားခွင့်ရမည်။ (သင်တန်းကြေး ကျသင့်ငွေကို ဌာနမှ ကျခံပေးမည်။)

(ခ) လုပ်သက်(၂)နှစ် ပြည့်မြောက်ပြီး ပြည်တွင်းရေကြောင်းသွား ရေယာဉ်အုပ်ကျွမ်းကျင်မှုလက်မှတ် (တတိယတန်း)ဖြေဆိုအောင်မြင်ပြီးလျှင် လုပ်ငန်းခွင်တွင် ကျေနပ်မှုရှိပါက ရေယာဉ်အုပ်-၃ ရာထူး (လစာနှုန်းကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀)သို့ တိုးမြှင့်ခြင်းခံရမည်။

(ဂ) ရေယာဉ်အုပ်-၃ ရာထူးတွင် လုပ်သက်(၂)နှစ် ပြည့်မြောက်ပြီး ပြည်တွင်းရေကြောင်းသွား ရေယာဉ်အုပ်ကျွမ်းကျင်မှုလက်မှတ်(ဒုတိယတန်း)ဖြေဆိုအောင်မြင်ပြီးလျှင် လုပ်ငန်းခွင်တွင် ကျွမ်းကျင်မှုရှိပါက ရေယာဉ်အုပ်(၂)ရာထူး(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)သို့ တိုးမြှင့်ခြင်းခံရမည်။

(ဃ) ရေယာဉ်အုပ်-၂ ရာထူးတွင် လုပ်သက်(၂)နှစ်ပြည့်မြောက်ပြီး ပြည်တွင်းရေကြောင်းသွားရေယာဉ်အုပ်ကျွမ်းကျင်မှုလက်မှတ်(ပထမတန်း)ဖြေဆိုအောင်မြင်ပြီးလျှင် လုပ်ငန်းခွင်တွင် ကျေနပ်ဖွယ်ရှိပါက ရေယာဉ်အုပ်(၁)ရာထူး(လစာနှုန်းကျပ် ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀)သို့ တိုးမြှင့်ခြင်းခံရမည်။

(င) ရေယာဉ်အုပ်(၁) ရာထူးမှ လုပ်သက်(၃)နှစ်ပြည့်မြောက်ပြီးလျှင် လုပ်ငန်းခွင်တွင် ကျေနပ်ဖွယ်ရှိပါက ပြန်တမ်းဝင်အရာရှိ အဆင့်ဖြစ်သော ရေယာဉ်အရာရှိ (ရေယာဉ်စု)(လစာနှုန်းကျပ် ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀)ရာထူးတိုး စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်သည်။

၄။ လျှောက်ထားလိုသူများအနေဖြင့် လျှောက်လွှာများအား ရန်ကုန်မြို့ရှိ အမှတ်(၅၀) ပန်းဆိုးတန်းလမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းဌာနတွင်လည်းကောင်း၊ မန္တလေး၊ မုံရွာ၊ မော်လမြိုင်၊ စစ်တွေမြို့များရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းဌာနခွဲ ရုံးများတွင်လည်းကောင်း၊သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ထုတ်ယူနိုင်ပြီး လျှောက်လွှာတင်ရမည့် နောက်ဆုံးနေ့ရက်မှာ ကြော်ငြာပါရှိသည့် ရက်မှစ၍ (၁၅)ရက် အတွင်းဖြစ်ပါသည်။ နောက်ကျပြီးမှ ရောက်ရှိလာသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရုံးချုပ်၊ ရေကြောင်းဌာနတွင်လည်းကောင်း၊ ဖုန်း-၀၁-၃၈၀၇၆၃တွင်လည်းကောင်း၊ အထက်ဖော်ပြပါ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဌာနခွဲများတွင်လည်းကောင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

## အသိပေးကြော်ငြာစာ

ရာဇာစိုး ငွေစုငွေချေး သမဝါယမအသင်း အသင်းသားများအနေဖြင့် မိမိတို့၏ ရရန်/ ပေးရန်များ စိစစ်နေပါသောကြောင့် မိမိတို့၏ အသင်းစာအုပ်မိတ္တူများအား ၂၈-၂-၂၀၂၀ရက် နောက်ဆုံးထားပြီး ရာဇာစိုး ငွေစုငွေချေး သမဝါယမ အသင်းလီမိတက်ရုံးသို့ ပေးပို့ပေးပါရန် အသိပေးအပ်ပါသည်။

**သန်းငွေး**
**ဒါရိုက်တာအဖွဲ့ဝင်**
**ရာဇာစိုးငွေစုငွေချေး သမဝါယမအသင်း လီမိတက်**
**၄၂ x ၈၁လမ်းထောင့်**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၆၆၂၀၇၄၉၅၄**

## အမည်ပြောင်း

ဝန်းသိုမြို့၊ အရှေ့ဈေးရပ်နေ (ဘ)ဦးတင်ငွေ ၅/တသန(နိုင်)၀၀၄၀၃၅ ၏ သမီး မကေသီဝင်း ၅/ဝသန(နိုင်)၀၅၆၁၂၉ အား မခွန်းငွေခြည်ကျော် ဟု ပြောင်းလဲခေါ်ပါရန်။

**မခွန်းငွေခြည်ကျော်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ချစ်ညီညီ ၈/မဘန(နိုင်)၁၅၈၂၅၀၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၁၇၇၁၄၃၀**

## မိခင်အမည်မှန်

ဂန့်ဂေါခရိုင်၊ ကျောက်ထုမြို့နယ်(ခွဲ)၊ ကံကြီးကျေးရွာနေ မောင်ဝိုင်းချစ်ကိုကို ၏ မိခင်အမည်မှန်မှာ ဒေါ်အိမွန်ကို ၈/ ကထန(နိုင်)၀၀၆၃၇၀ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ကော့ကရိတ်မြို့၊ အထက(ခွဲ) အလက(၃) Grade(1) မှ မောင်ရန်ငြိမ်းမင်းအား မောင်ရှိုင်းထက်သာ ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရှိုင်းထက်သာ**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ နောင်ကုလားရှမ်းရွာ အထက နဝမတန်းမှ မောင်ထွန်းအေး၏ ဖခင်အမည်မှန်မှာ ဦးထွန်းနေဇင် ၃/လဘန(နိုင်)၀၇၄၀၂၉ ဖြစ်ပါကြောင်း။

**ဦးထွန်းနေဇင်**

## အသိပေးကြော်ငြာစာ

ရာဇာစိုး ငွေစုငွေချေး သမဝါယမအသင်းလီမိတက်နှင့်စပ်လျဉ်း၍ လက်ရှိဖြစ်ပေါ်နေသော ပြဿနာများအားတာဝန်ရှိသူ များဖြစ်ကြသည့် ဥက္ကဋ္ဌ ဦးကျော်ကျော်စိုး ၉/ မရတ(နိုင်)၀၁၁၂၈၀၊ ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ရီရီစိုး ၉/ မရတ(နိုင်)၀၁၁၂၇၈၊ ဒေါ်ဝါဝါစိုး ၉/ မရတ(နိုင်)၀၁၁၂၇၉ တို့ သုံးဦးသည် ၂၁-၂-၂၀၂၀ရက် နောက်ဆုံးထား လာရောက်ဖြေရှင်းပါရန်နှင့် ဖြေရှင်းမှုမရှိပါက တည်ဆဲဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**သန်းငွေး**
**ဒါရိုက်တာအဖွဲ့ဝင်**
**ရာဇာစိုးငွေစုငွေချေး သမဝါယမအသင်း လီမိတက်**
**၄၂ x ၈၁လမ်းထောင့်**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၆၆၂၀၇၄၉၅၄**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ် ၃၅၊ ဦးပိုင် ၈၀၊ မြေဧရိယာ ဝ.ဒသမ ၁၃၈ ဧက ဒေါ်တင်ထွေး၊ ဒေါ်ရာထို အမည်ပေါက်မှ ဒေါ်ရာထို အမည်အား နုတ်ပယ်၍ ဒေါ်တင်ထွေး ၁/ ဗမန(နိုင်)၀၃၉၆၅၁ တစ်ဦးတည်း အမည်ဖြင့် မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့် ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်တင်ထွေး**
**ဗန်းမော်မြို့**

## ဖခင်အမည်မှန်

ဂန့်ဂေါခရိုင်၊ အထက(ထီးလင်း)၊ နဝမတန်း(C)မှ မရွှေလင်းဇာနှင့် သတ္တမတန်း(A)မှ မရင်ငွေးတို့၏ဖခင်အမည်မှန်မှာ ဦးစန်းမောင် ၄/မတန(နိုင်)၀၀၈၁၅၃ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစောသန်းဦး၏သား ရန်ကုန်အဝေးသင်တက္ကသိုလ် ဘားအံဌာနခွဲ(၂၀၁၉)ခုံအမှတ် ၄-ဂျခ-၃ရ(၀၁၁)နှင့် ၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲ ခုံအမှတ် ညသ-၈၄ မောင်သန်းဇော်ဦး(ခ)စောသန့်ဇော်ဦး(ခ)စောသန့်ဇော် ၃/ ဘအန(နိုင်)၂၆၉၅၂၄မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/2001 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## (၆-၂-၂၀၂၀) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၄) တွင်ပါရှိသော ဒေါ်ဖုန်ထွေးရီ (၁၃/လရန (ပြု) ၀၀၀၀၁၈) ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးသိန်းလှိုင်ထွန်း (တရားလွှတ်တော်ရှေ့နေ)က ကြော်ငြာခဲ့သည့် "နန်းအေးဆိုင် (၁၃/လရန (နိုင်) ၁၁၂၆၉၄) သိရှိစေရန်" နှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း။

အထက်ဖော်ပြပါ ခေါင်းစဉ်၏ ကိစ္စရပ်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နန်းအေးဆိုင်၏လွှဲအပ်ညွှန်ကြားချက်အရ အဖြစ်မှန်အား အများသိစေရန်အတွက် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လူကြီးမင်းတို့၏ ကြော်ငြာစာပိုဒ် အပိုဒ် (၃) တွင် ဖော်ပြထားသော အဆိုပါမြေကွက်အား ဒေါ်ဖုန်ထွေးရီမှ ၂၀၁၆-ခုနှစ်က အိမ်ခြံမြေအကျိုးဆောင်တစ်ဦးထံ ဂရန်နှစ်ခုခွဲထုတ်ရန် အပ်နှံခဲ့ရာ အဆိုပါအိမ်ခြံမြေအကျိုးဆောင်မှ ဒေါ်ဖုန်ထွေးရီ၏ အိမ်ဂရန်အား လာရောက်ပေးအပ်ခြင်းမရှိဘဲ တိမ်းရှောင်နေကြောင်း ဖော်ပြထားသဖြင့် ထိုကဲ့သို့ အိမ်ခြံမြေအကျိုးဆောင်မှ ဒေါ်ဖုန်ထွေးရီ၏ အိမ်ဂရန်အား ပြန်လည်ပေးအပ်ခြင်းမရှိဘဲ တိမ်းရှောင်နေသည့်ကိစ္စအတွက် ကာယကံရှင်ဒေါ်ဖုန်ထွေးရီ အနေဖြင့် သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကန့်ကွက်တားမြစ်ထားခြင်း ၊ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးထံတွင်လည်း ကန့်ကွက်တားမြစ်ထားခြင်းနှင့် နိုင်ငံပိုင်သတင်းစာတို့တွင်လည်း အဆိုပါကိစ္စနှင့်ပတ်သက်၍ အများသိစေရန်တားမြစ်ကြေညာထားခြင်း စသည်တို့အား အခင်းဖြစ်ပွားစဉ်ကတည်းက ဆောင်ရွက်ခဲ့မှုမရှိသည်မှာ ရိုးသားမှုမရှိ ထိမ်ချိန်ထားခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်း သိစေအပ်ပါသည်။

ထို့အပြင် လူကြီးမင်းတို့၏ ကြော်ငြာစာပိုဒ် အပိုဒ် (၃) တွင် ထပ်မံဖော်ပြထားချက် နှင့်ပတ်သက်၍ ဒေါ်နန်းအေးဆိုင်သည် အဆိုပါမြေကွက်အား ဦးကျော်မင်းသန်းထံမှ (၁၁-၁၁-၂၀၁၆) ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူခဲ့ရာတွင် ယင်းမြေကွက်နှင့်တကွ မြေငှားစာချုပ်(ဂရန်) မူရင်းအား လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပြီးနောက် ယင်းဝယ်ယူ ခဲ့သည့်နေ့ နောက်ပိုင်း၌ ချက်ချင်းပင် ခြံစည်းရိုးခတ်ခဲ့ပါသည်။ ထို့ကြောင့် ဒေါ်နန်းအေးဆိုင်သည် ၄င်းပိုင်ဆိုင်သည့် အဆိုပါမြေကွက်နှင့် ပိုင်ဆိုင်မှုဂရန်မူရင်း၊ စာချုပ်စာတမ်းမူရင်းတို့အား ဒေါ်ဖုန်ထွေးရီအား ပြန်လည်ပေးအပ် မည်ဟု မည်သည့်အချိန်ကမျှ ကတိပြုခဲ့ခြင်းမရှိသဖြင့် လူကြီးမင်းတို့၏ ကြော်ငြာစာပိုဒ် အပိုဒ် (၃) ပါ ရေးသားချက်များသည် ရိုးသားမှုလုံးဝမရှိဘဲ ဖြစ်ရပ်မှန်ကိုထိမ်ချန်၍ မမှန်မကန် ရေးသားဖော်ပြချက်များသာဖြစ်ကြောင်း ပြန်ကြားရှင်းလင်းသိစေအပ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်နန်းအေးဆိုင်အနေဖြင့် ဒေါ်ဖုန်ထွေးရီအပေါ် အဆိုပါမြေကွက်နှင့် ပတ်သက်၍ မည်သည့်ကတိကဝတ်များ ပေးခဲ့ခြင်း လုံးဝမရှိသဖြင့် မည်သည့်ပျက်ကွက်မှုများလည်း လုံးဝမရှိသောကြောင့် လူကြီးမင်းတို့၏ ကြော်ငြာစာပိုဒ်အပိုဒ် (၄) ပါ တောင်းဆိုချက်များကို အကြောင်းခြင်းရာအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း လိုက်နာဆောင်ရွက်ပေးရန် လုံးဝတာဝန်မရှိ ကြောင်း အတိအလင်းပြန်ကြားရှင်းလင်းသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးဇော်ဝင်းညွှန့် (တရားလွှတ်တော်ရှေ့နေ)**
**LL.B, DBL, DL-101, WIPO (Switzerland)**

**ဒေါ်ငွေးငွေးမာ (တရားလွှတ်တော်ရှေ့နေ)**
**LL.B, DBL, DL-101, WIPO (Switzerland)**

မြန်မာအမျိုးသားဥပဒေပညာရှင်များအတိုင်ပင်ခံလုပ်ငန်း
အမှတ်-၂၂၇/ဘီ၊ ပထမထပ်၊ ကန်တော်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၇၉၉၆၀၆၀၈၉ ၊ ၀၉-၄၄၈၀၁၆၄၆၃

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၈၁၅

ဦးစိုးမြင့် **နှင့်** ၁။ ဦးဝင်းလှိုင်
၂။ ဦးမြင့်အောင်(ခ)ဦးမြင့်

**တရားလို** **တရားပြိုင်များ**

၁၈ လမ်း၊ မြောက်ပြင်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိသူ) (၂) တရားပြိုင် ဦးမြင့်အောင် (ခ)ဦးမြင့် သိစေရမည်။

သင့်အပေါ်၌ တရားလိုကငွေ (၁၂)သိန်းကျပ်အားလက်ခံပြီးပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၂၃၊ ဦးပိုင်အမှတ် ၂၄(ခ)မြေကွက်၏ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကို လက်ရောက်ပေးအပ်ရန်(သို့မဟုတ်) ယင်းမြေကွက်၏ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကို ပေးရန်ပျက်ကွက်က လျော်ကြေးငွေသိန်း (၃၀၀) ကျပ်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် မတ်လ ၅ရက် (၁၃၈၁ ခုနှစ် တပေါင်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ နှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**ဒုတိယခရိုင်တရားသူကြီး (၅)**
**မန္တလေးခရိုင်တရားရုံး**

## အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၁

ကွယ်လွန်သူ ဆရာတော် အရှင်ဓမ္မသေန၌ ကျန်ရစ်သောမန္တလေးမြို့၊ မြန်မာ့စီးပွားရေးဘဏ် (၂)တွင် ငွေစုဘဏ်စာရင်းအမှတ် (SN-040702) မှ စုဆောင်းလက်ကျန်ငွေ (၃၆၀၁၇၅ ကျပ် ၃၉ ပြား) ပစ္စည်းအကြောင်း။

**အရှင်ကလျာဏ** **လျှောက်ထားသူ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ကျောင်းနေ အရှင်ကလျာဏကကွယ်လွန်သူ ဆရာတော်အရှင်ဓမ္မသေန၏အတူနေဖြစ်သည်ဟူ၍ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ကျောင်းနေ ၎င်းကွယ်လွန်သူ ဆရာတော်အရှင်ဓမ္မသေန ရရန် ကျန်ရစ်သောမြန်မာ့စီးပွားရေးဘဏ် (၂)တွင် ငွေစုဘဏ်စာရင်းအမှတ် (SN-040702) မှ စုဆောင်းလက်ကျန်ငွေ(၃၆၀၁၇၅ ကျပ် ၃၉ ပြား)ပစ္စည်းများထဲမှရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဆရာတော်အရှင်ဓမ္မသေန ရရန်ကျန်ရစ်သောမြန်မာ့စီးပွားရေးဘဏ်(၂)တွင် ငွေစုဘဏ်စာရင်းအမှတ် (SN-040702) မှ စုဆောင်းလက်ကျန်ငွေ (၃၆၀ ၁၇၅ ကျပ် ၃၉ ပြား) ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၈ ရက် (၁၃၈၁ ခုနှစ် တပေါင်းလဆန်း ၆ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင်လျှောက်သူအရှင်ကလျာဏ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန္တာရှင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**မန္တလေးခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၆၈၄၂၃ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုလှိုင် ၉/ပကခ(နိုင်)၀၃၈၇၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9C/3847 Toyota Harrier MCU-10 ယာဉ်လက်ဝယ်ရှိသူ ဦးဒေဝ ၈/မကန(နိုင်)၀၈၉၂၅၆ က (ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

သွေးသည် အသက်

# “စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ”

ရန်ကုန်မြို့နေ

ဦးတေဇ + ဒေါ်သီတာဇော်

တို့၏သားကြီး

**မောင်ပြည့်ဖြိုးတေဇ**

နှင့်

ရန်ကုန်မြို့နေ

ဦးထွန်းလှိုင် + ဒေါ်ခင်နှင်းဝါ

တို့၏ သမီးလတ်

**မသက်နှင်းလှိုင်**

တို့၏ **၂၈.၁၂.၂၀၁၉** ရက်နေ့တွင် ပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မင်္ဂလာ မော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားသူကြီး ဒေါ်စိုးစိုးအောင် အားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုး ပေးကြပါသော ဗိုလ်ချုပ်မြင့်ဆွေ(ငြိမ်း) နှင့် ထူးကုမ္ပဏီများအုပ်စု ဒုတိယဥက္ကဋ္ဌ ဦးသီဟ တို့အားလည်းကောင်း၊ မင်္ဂလာဩဝါဒစကား ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်မြင့်ဆွေ(ငြိမ်း) အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး အားလည်းကောင်း၊ ပန်းအလှဆင်ပေးပါသော Inya Floral အားလည်းကောင်း၊ မင်္ဂလာတေးသံသာဖြင့် တီးခတ်ဧည့်ခံပေးပါသော Thar Nge IV & Mamboo Trio တေးဂီတဝိုင်း အားလည်းကောင်း၊ အစားအသောက်စီမံပေးပါသော Hong Bao Dim Sum and Authentic Hong Kong Cuisine နှင့် Harry's Bar Myanmar တို့အားလည်းကောင်း၊ စားသောက်ဖွယ်ရာများကို တည်ခင်းဧည့်ခံပေးပါသော Htoo Hospility အားလည်းကောင်း၊ မိတ်ကပ်ဆံပင် ဆင်ယင်ထုံးဖွဲ့ပေးပါသော Shine အဖွဲ့ အားလည်း ကောင်း၊ **၁၁.၁.၂၀၂၀** ရက်နေ့တွင် ရှစ်မိုင်၊ မစိုးရိမ် ရွှေကျင်တိုက်သစ်၌ ပြုလုပ်သော မင်္ဂလာဦး ဆွမ်းကပ်ပွဲ အခမ်းအနားတွင် ကြွရောက်ချီးမြှင့်ပေးကြပါသော နှစ်ဖက်သောမိဘများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိဧည့်ပရိသတ်အပေါင်းတို့အားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော Inya Floral အားလည်းကောင်း၊အစားအသောက် စီမံပေးပါသော Thida Food Delivery နှင့် ဦးအုန်း(မြကန်သာ) တို့အားလည်းကောင်း၊ **၁၉.၁.၂၀၂၀** ရက်နေ့တွင် ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ကျင်းပခဲ့သော လက်ထပ်မင်္ဂလာပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော Ko Andy အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော မင်္ဂလာသတို့သား မောင်ပြည့်ဖြိုးတေဇ၏ မိဘများဖြစ်ကြသော ဦးတေဇနှင့်ဇနီး ဒေါ်သီတာဇော် တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဝတ်ဆင်ပေးပါသော မင်္ဂလာသတို့သမီး မသက်နှင်းလှိုင်၏ မိဘများဖြစ်ကြသော ဦးထွန်းလှိုင်နှင့်ဇနီးဒေါ်ခင်နှင်းဝါ တို့အားလည်းကောင်း၊ မင်္ဂလာဩဝါဒစကား ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး(ငြိမ်း)နှင့် ဗိုလ်ချုပ်မြင့်ဆွေ(ငြိမ်း) တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်ကိုယ်ကျတက်ရောက်အားပေး ချီးမြှင့်ကြပါကုန်သော ဂုဏ်သရေရှိ လူကြီးမင်းအပေါင်းနှင့် ဆွေမျိုးမိတ်သင်္ဂဟများ အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား စီစဉ်ပေးပါသော The Wedding Atelier, Singapore အဖွဲ့နှင့် Signature Planning မှ Wedding Organizer မအေးသီတာဝင်းနှင့် အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဒီဇိုင်း ဖန်တီးဆင်မြန်း ပေးပါသော ဒီဇိုင်နာမင်းသက်စံနှင့်အဖွဲ့အားလည်းကောင်း၊ ပန်းအလှဆင်ပေးသော Rainforest The Wedding, Thailand အဖွဲ့အားလည်းကောင်း၊ အစားအသောက်စီမံပေးပါသော HTOO Hospitality အဖွဲ့၊ Harry's Bar Myanmar နှင့် Babett တို့အားလည်းကောင်း၊ အခမ်းအနားပြုလုပ်ကျင်းပရေးတွင် အဖက်ဖက်မှကူညီဆောင်ရွက်ပေးခဲ့ကြသော ပြင်ဦးလွင် အမျိုးသား ကန်တော်ကြီးဥယျာဉ်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မိတ်ကပ်ဆံပင်ပြင်ဆင်ပေးပါသော မေဦးနှင့်အဖွဲ့ အားလည်းကောင်း၊ Shineနှင့်အဖွဲ့အားလည်းကောင်း၊ April Thuta နှင့်အဖွဲ့အားလည်းကောင်း၊ ဓါတ်ပုံနှင့် ဗီဒီယို မှတ်တမ်းတင် ပေးပါသော ဝဏ္ဏခွာနီး(FOCUS DAILY Studio)အဖွဲ့ နှင့် Narz Studio, Thailand အဖွဲ့ တို့အားလည်းကောင်း၊ Sound and Lighting အဖွဲ့ Bagan Entertainment နှင့် Memento Technical Solutions တို့အားလည်းကောင်း၊ တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပါသော Sound Salad Band, Philippine နှင့် Emperor and Hero Band တို့အားလည်းကောင်း၊ **၉.၂.၂၀၂၀** ရက်နေ့တွင် ရန်ကုန်မြို့၊ Lotte Hotel၊ Crystal Ballroom ၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ပေးပြီး မင်္ဂလာအောင်စပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဝန်ကြီးဦးအောင်ဖုန်း(ငြိမ်း)၊ သစ်တောရေးရာဝန်ကြီးဌာန နှင့် ဇနီး ဒေါ်ခင်စစ်အေး တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်အားပေး ချီးမြှင့်ပေးပါသော နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီးဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်အားပေး ချီးမြှင့်ပေးကြပါကုန်သော ဂုဏ်သရေရှိ လူကြီးမင်း ဧည့်ပရိသတ် အပေါင်းတို့အား လည်းကောင်း၊ နှစ်ဖက်သောမိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး အဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော ဒေါ်မာမာအေး အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် သီဆို ဧည့်ခံပေးပါသော A-1 စိုးမြင့် တေးဂီတဝိုင်းအားလည်းကောင်း၊ စုလျားရစ်ပတ်လက်ထပ်ဘိသိတ်တော်မင်္ဂလာအခမ်းအနား ပြင်ဆင်ပေးပါသော Rainforest The Wedding အဖွဲ့အား လည်းကောင်း၊ မင်္ဂလာပန်းကြဲ ပေးပါသော မစုနှင်းလှိုင် နှင့် မအိဖြူဝင်း တို့အားလည်းကောင်း၊ မင်္ဂလာအောင်စပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ကိုင်ဆောင်ပေးပါသော မဖြူစင်မေ အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ မောင်ထူးထက်တေဇ၊ မောင်စည်သူဖေမြင့် နှင့် မင်္ဂလာသတို့သမီးအရံ မထူးထွေးတေဇ၊ မကလျာဇော် တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဒီဇိုင်း ဖန်တီးဆင်မြန်းပေးပါသော ဒီဇိုင်နာမင်းသက်စံနှင့်အဖွဲ့အားလည်းကောင်း၊ ဧည့်ခံကျွေးမွေးရေးနှင့် အစားအသောက် စီမံပြုလုပ်ပေးပါသော Lotte Hotel, Yangon အားလည်းကောင်း ၊ မိတ်ကပ်ဆံပင် ပြုလုပ်ပေးပါသော မေဦးအဖွဲ့ နှင့် Shine အဖွဲ့တို့အားလည်းကောင်း၊ ဓါတ်ပုံနှင့် ဗီဒီယို မှတ်တမ်းတင်ပေးပါသော ဝဏ္ဏခွာနီး(FOCUS DAILY Studio)အဖွဲ့ နှင့် Narz Studio, Thailand အဖွဲ့ တို့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာ ရိုက်နှိပ်ပေးပါသော Miidear Wedding Invitation, Thailand နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်ဆွေမျိုးမိတ်ဆွေသင်္ဂဟ အားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်ပြည့်ဖြိုးတေဇ + မသက်နှင်းလှိုင်

# "မင်္ဂလာဆုတောင်း"

မင်္ဂလာအခါတော်ရက်မြတ်ဖြစ်သည့် ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလ(၉)ရက်၊ တနင်္ဂနွေနေ့တွင် LOTTE HOTEL YANGON ၌ စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ ဆောင်နှင်းခဲ့ကြသော

ရန်ကုန်မြို့နေ
ဦးတေဇ + ဒေါ်သီတာဇော် တို့၏သားကြီး

**ကိုပြည့်ဖြိုးတေဇ**

Group Managing Director, HTOO Group of Companies

နှင့်

ရန်ကုန်မြို့နေ
ဦးထွန်းလှိုင် + ဒေါ်ခင်နှင်းဝါ တို့၏ သမီးလတ်

**မသက်နှင်းလှိုင်**

Managing Director , Hong Bao Asia Co., Ltd

တို့

ဇနီးမောင်နှံနှစ်ဦး မင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်း ၁၂၀ တိုင်အောင် ရာသက်ပန် ရိုးမြေကျ ပျော်ရွှင်စွာ ပေါင်းဖက်နိုင်ပါစေကြောင်း နှင့် အေးချမ်းသာယာသောဘဝကို ရရှိပိုင်ဆိုင်နိုင်ပါစေကြောင်း ထူးကုမ္ပဏီများအုပ်စု မိသားစုများ အားလုံးမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

HTOO Group of Companies

## သံဃာတော်(၃၀၀၀)ကျော် သီတင်းသုံးတော်မူသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ရေမီး ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်းစီမံကိန်း

ဆက်သွယ်လှူဒါန်းရန်-မစိုးရိမ်တိုက်သစ် ဂေါပကအဖွဲ့

ဦးလှအောင်(ဥက္ကဋ္ဌ) ဖုန်း-၀၉-၂၀၀၃၂၂၉ | ဦးမြဇော်(အတွင်းရေးမှူး)ဖုန်း-၀၉-၂၀၀၇၃၆၄

ဦးကျော်ဇေယျ(အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၃၈၅၅ | ဦးသိန်းငွေအောင်(အဖွဲ့ဝင်)

ဦးကင်းဝန်(အဖွဲ့ဝင်) ဖုန်း-၀၉-၅၃၀၂၃၃၇ | ဖုန်း-၀၉-၂၀၀၉၇၉၀

၂၀၂၀ပြည့်နှစ် ဇန်နဝါရီလ(၁)လပိုင်း၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်၊ ရေမီးပဒေသာပင်အလှူရှင်များစာရင်း

| စဉ် | အလှူရှင် | အလှူငွေ |
|---|---|---|
| ၁ | ဟင်းရွက်စု ရွာဦးကျောင်းဆရာတော်နှင့်တပည့်ဒါယကာ၊ ဒါယိကာမများကောင်းမှု | 10000000 |
| ၂ | ဦးလောဖန်-ဒေါ်အုံးကြည်အားရည်စူး၍ သားသမီးမြေးတစ်စုကောင်းမှု၊ မိုးညှင်းမြို့ | 2000000 |
| ၃ | ဦးအာကာအောင်-ဒေါ်အေးမြတ်သူ သမီး မတော်ဝင်တင့်တယ်မိသားစု | 2000000 |
| ၄ | ဦးမောင်ကြီး-ဒေါ်ဝေဝေမြင့်၊ ဦးမောင်ငယ်-ဒေါ်သန္တာထွန်း A1မုန့်မျိုးစုံရောင်းဝယ်ရေးမိသားစု၊ မန္တလေး | 2000000 |
| ၅ | Buddhist Essertial Support Trust(UK) | 1500000 |
| ၆ | ဦးဘိုစီ-ဒေါ်တင်ဥ ကျောက်ပန်းတောင်းမြို့နယ်၊ နတ်ကန်လည်ရွာ | 1500000 |
| ၇ | သုဓမ္မမဏိဇောတရေ ဦးအောင်နိုင်ဆွေ-သီရိသုဓမ္မသိင်္ဂီဒေါ်မြင့်မြင့်နွယ် သားမောင်ဟိန်းသူ၊ မောင်ငြိမ်းခန့်ကျော် "သီရိရွှေစင်စိန်ရွှေရတနာဆိုင်" မိသားစု၊ မန္တလေး | 1000000 |
| ၈ | ဦးကြည်မင်းဟန်-ဒေါ်မွန်မွန်စိုး ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန် | 1000000 |
| ၉ | ဦးသန်းထွေး-ဒေါ်အေးမေ"အောင်စည်မိုး" ရတနာရွှေဆိုင်မိသားစု ကျောက်ဆည်မြို့ | 1000000 |
| ၁၀ | ဦးမောင်ကို-သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေဥ ထာဝရကုမ္ပဏီလီမိတက်ရွှေဥဩရွှေဆိုင်၊ မန္တလေး | 1000000 |
| ၁၁ | ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဒေါ်အေးအေးသန်းကာကွယ်ရေးဦးစီးချုပ်လေ(ငြိမ်း) | 1000000 |
| ၁၂ | ဘဒ္ဒန္တကောသလ္လ ဓမ္မမဥ္ဇရီ မိုးကုတ်ရိပ်သာ၊ ဒေါပုံမြို့နယ်၊ ရန်ကုန် | 1000000 |
| ၁၃ | ဖခင်ကြီးဦးမြဟန်(ခ)ဦးပိုင်စန်းအားရည်စူး၍ ဒေါ်ခင်ဟုန်မိသားစု | 1000000 |
| ၁၄ | ဒေါ်အေးအေးပို | 1000000 |
| ၁၅ | ဒေါ်တင်တင်ဝင်း | 1000000 |
| ၁၆ | မောင်ချမ်းမြေ့ထွန်း-မနန်းစုထွေးမင်္ဂလာဦးအလှူအကျော်တန်းရပ်၊ မဟာအောင်မြေ၊ မန္တလေး | 1000000 |
| ၁၇ | ဦးသန်းငွေ-ဒေါ်သန်းသန်းလွင် သမီးမသင်းလဲ့ဦး၊ သားမောင်ထွန်းထွန်းဇော်မိသားစု | 550000 |
| ၁၈ | ဖခင်ကြီးဦးကျင်တိတ်-မိခင်ကြီးဒေါ်ကျင်ဖွမ်တို့အားရည်စူး၍ ဦးဖေသိန်း-ဒေါ်ကျင်ယုမိသားစု | 500000 |
| ၁၉ | ဒေါ်သန်းရင် သမီးသီရိရွှေစင်စိန်ရွှေရတနာဆိုင်မှ အရောင်းဝန်ထမ်းအမျိုးသမီးများစုပေါင်းကောင်းမှု | 500000 |
| ၂၀ | ဒေါ်သန်းရင် သမီးသီရိရွှေစင်စိန်ရွှေရတနာဆိုင်မှ ရွှေပန်းထိမ်ဆရာကြီးများစုပေါင်းကောင်းမှု | 500000 |
| ၂၁ | ဦးတင်ထွန်း-ဒေါ်လွင်မာဦး "ရတနာဦး" ရွှေပန်းထိမ်ဆိုင်မိသားစု | 500000 |
| ၂၂ | ဦးစံမြင့်-ဒေါ်စောညွန့် "စိန်ကမ္ဘာ"ကားပစ္စည်းဆိုင် ကျောက်ဆည်မြို့ | 500000 |
| ၂၃ | ဒေါက်တာခင်မောင်ထွေး-ဒေါက်တာမြင့်မြင့်အောင် သား ဒေါက်တာဝေဖြိုးကျော်၊ ဒေါက်တာဟန်ဇော် သမီး ဒေါက်တာထူးထူးအောင်မိသားစု၊ မန္တလေး | 500000 |
| ၂၄ | ဦးမိုးကျော်-ဒေါ်ဝင်းမာ မိသားစု သန်လျက်မော်အရှေ့ပတ္တာရပ်၊ အကွက်(၄၁၆)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး | 500000 |
| ၂၅ | ဦးမောင်ကြီး-ဒေါ်တင်ထွေး အနန္တဂုဏ် ပန်းတမော့ မတ္တရာမြို့နယ်၊ စကျင်ရွာ | 500000 |
| ၂၆ | မစိုးရိမ်တိုက်သစ်၊ သန်းကျော်ကျောင်းဒါယိကာမကြီး(ဒေါ်ညွန့်သန်း)အားရည်စူး၍ နှင်းဆီရုံအမှတ်(၈၅) မြေညီထပ်၊ ဦးကျော်အေး သားသမီးမြေးတစ်စု ဈေးချို | 500000 |
| ၂၇ | ဖခင်ကြီးဦးတင်အောင်(၂၈)နှစ်၊မိခင်ကြီးဒေါ်အုန်းမြင့်(၁၂)နှစ်ပြည့်တို့အားရည်စူး၍ သမီးမထွေးထွေး မောင်-ကိုအောင်နိုင်စိုးမိသားစု ၂၂ x ၂၃၊ ၈၈လမ်း၊အင်းဘဲရပ်၊ မန္တလေး | 500000 |
| ၂၈ | သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း)သူရဦးမြင့်မောင်-ဇနီးဒေါ်အေးအေးထွန်းမိသားစု | 500000 |
| ၂၉ | ဦးကျော်ညွန့်-ဒေါ်သီတာအောင် သားဖြိုးသူထက်မိသားစု | 500000 |
| ၃၀ | ဦးတူး-ဒေါ်ဖြူမိသားစု | 500000 |
